# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၀၁)


# အင်အားတောင့်တင်းသောနိုင်ငံဖြစ်အောင် ပြည်သူ့အားဖြင့် တည်ဆောက်သွားမည်



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်းပြည်ပအခြေစိုက် သံတမန်များအား မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်

**နေပြည်တော် ဧပြီ ၂၂**

မိမိတို့နိုင်ငံကို အင်အားတောင့်တင်းသော နိုင်ငံဖြစ်အောင် ထူထောင်သွားမည်ဖြစ်ပြီး ထိုသို့ထူထောင်ရာတွင် ပြည်သူ့အားသည် အဓိကဖြစ်သောကြောင့် ပြည်သူ့အင်အားနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်းပြည်ပ အခြေစိုက် သံတမန်များအား မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ရှင်းလင်းပြောကြားစဉ် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှ၏ ဆုံမှတ်တွင် တည်ရှိသောနိုင်ငံဖြစ်ပြီး အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံတည်ရှိသဖြင့် အရေးပါသော ပထဝီအနေအထားအတွင်း တည်ရှိပါကြောင်း၊ ထိုသို့ မဟာဗျူဟာကျကျ တည်ရှိနေမှုကြောင့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများစွာလည်းရှိပါကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးသည် နိုင်ငံ၏ လုံခြုံရေးအပေါ်တွင် တည်မှီနေပါကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻

**တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရေးအတွက် ကောင်းမွန်သောခြေလှမ်းကို စတင်ရာတွင် ပြည်သူချင်းဆက်ဆံမှုမှ စတင်ဆောင်ရွက်ရ၊ ကောင်းမွန်သော ဆက်ဆံရေးအတွက် ပြည်သူချင်းဆက်ဆံမှုသည် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်၊ မတူညီသည့် နိုင်ငံချင်းဆက်ဆံရေးတွင် ကွဲပြားမှုများရှိနိုင်သော်လည်း ထိုမတူကွဲပြားမှုများကို အခွင့်အလမ်းအဖြစ် ဆောင်ရွက်သော ချဉ်းကပ်ပုံစံသစ်ဖြင့် လျှောက်လှမ်းကြရမည်ဖြစ်**

---

# ပြည်ပပို့ မတ်ပဲ FOB တစ်တန်ဈေးနှုန်း ဒေါ်လာ ၁၀၀ မြင့်တက် ပြည်တွင်းဈေးပါ မြင့်တက်လာ

**ရန်ကုန် ဧပြီ ၂၂**

သင်္ကြန်ပိတ်ရက်အလွန် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်စတင်ဖွင့်လှစ်သော ဧပြီ ၂၁ ရက်က မတ်ပဲ FAQ တစ်တန် ပြည်ပပို့ FOB ဈေးနှုန်း ဒေါ်လာ ၁၄၇၀-၁၅၀၀၊ SQ တစ်တန် ဒေါ်လာ ၁၆၂၀-၁၆၅၀ နှုန်းသို့ မြင့်တက်လာသည်။

သင်္ကြန်ပိတ်ရက်မတိုင်မီ ဧပြီ ၈ ရက်က မတ်ပဲ FAQ တစ်တန် FOB ဈေးနှုန်း ဒေါ်လာ ၁၃၇၀-၁၄၀၀၊ SQ တစ်တန် ဒေါ်လာ ၁၅၀၀-၁၅၃၀ နှုန်းသာရှိခဲ့သဖြင့် သင်္ကြန်ပိတ်ရက်အလွန်တွင် ပြည်ပပို့ မတ်ပဲဈေးနှုန်း FAQ တစ်တန် ဒေါ်လာ ၁၀၀၊ SQ တစ်တန် ဒေါ်လာ ၁၂၀ နှုန်းမြင့်တက်လာသည်။

ပြည်ပပို့ပဲဈေးနှုန်းမြင့်တက်သကဲ့သို့ ရန်ကုန်ပဲဈေးကွက်၌လည်း ဧပြီ ၂၁ ရက်တွင် မတ်ပဲ FAQ-RC တစ်တန် ငွေကျပ် ၁၆၅၁၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံးပေါင်း ၄၀ အရောင်းအဝယ်ဖြစ်ပြီး SQ-RC တစ်တန်လျှင် ငွေကျပ် ၁၈၂၆၀၀၀ နှုန်းသို့ ဈေးမြင့်တက်လာသည်။

*စာမျက်နှာ ၂ ကော်လံ ၆* ❒




# မြန်မာ့အလင်း

## သံခင်းတမန်ခင်းနှင့် အနာဂတ်မြင်ကွင်း

မြန်မာနိုင်ငံကို အင်အားတောင့်တင်းသော နိုင်ငံဖြစ်အောင် ထူထောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ထူထောင်ရာတွင် ပြည်သူတို့၏ အင်အားကိုသာအခြေပြု၍ တည်ဆောက်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာသံတမန်များကို ထုတ်ဖော်ပြောကြားလိုက်သည်။

တစ်ဖန် မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံ မဟုတ်သော်လည်း အားလုံးနှင့်ပတ်သက်သော ပြဿနာများကို ရိုးသားမှု၊ စိတ်ရင်းစေတနာကောင်းများဖြင့် ချဉ်းကပ်မှုဖြင့် ကမ္ဘာကို ဦးဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ထည့်သွင်း ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးတို့တွင် ရှေးကတည်းက အကျွမ်းတဝင် အစဉ်အလာရှိခဲ့သော နိုင်ငံဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း အရှေ့-အနောက် စစ်အေးတိုက်ပွဲအတွင်း မည်သည့်ဘက်ကိုမှမလိုက်ဘဲ လွတ်လပ်သော ဘက်မလိုက်မူဝါဒကျင့်သုံးကာ ကြားနေခဲ့သည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် မိမိတို့နိုင်ငံရပ်တည်ခဲ့သည့် မူဝါဒမှန်ကန်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်သဘာဝအရ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော လောကပါလ တရားများကို ကျင့်သုံးခြင်းတို့ကြောင့် စစ်အေးတိုက်ပွဲ အထွတ်အထိပ်ရောက်နေသည့်ကာလ၌ပင် မြန်မာနိုင်ငံသား ဦးသန့်မှာ တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ရပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို အန္တရာယ်အကြီးဆုံး ပေးနိုင်သည့် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းပေးခဲ့ရသည်။

မြန်မာနိုင်ငံတည်ရှိနေသော ပထဝီအနေအထားက ထူးခြားသော အနေအထားတွင် ရှိနေသည်။ အာရှ၏ အင်အားကြီးနိုင်ငံကြီး နှစ်ခုဖြစ်သော တရုတ်နှင့် အိန္ဒိယအကြား၊ ဒေသဆိုင်ရာ အုပ်စုများဖြစ်သည့် တောင်အာရှနှင့် အရှေ့တောင်အာရှအကြားတွင် တည်ရှိနေရာ မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုများရှိသကဲ့သို့ အခွင့်အလမ်းများလည်းရှိနေသည်။ မိမိတို့နိုင်ငံအနေဖြင့် မှန်ကန်သည့် မူဝါဒများချမှတ်ပြီး စိန်ခေါ်မှုများကို အခွင့်အလမ်းများ အဖြစ် ပြောင်းလဲသွားနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။

အင်အားတောင့်တင်းသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် အဓိကကျသောလိုအပ်ချက်မှာ စည်းလုံးညီညွတ်မှုဖြစ်သည်။ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံကာကွယ်ရေး အင်အားတို့မှာ တသီးတခြားစီ ဆောင်ရွက်၍ရနိုင်မည်မဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်တည်ဆောက်သွားမှသာ ရနိုင်သော အင်အားများဖြစ်ကြသည်။ အဆိုပါအင်အားများကို တည်ဆောက်သွားနိုင်ရန်အတွက် တစ်သွေးတစ်သားတည်းဖြစ်သော ကွဲပြားခြားနားမှုမရှိသော စည်းလုံးညီညွတ်မှုကို နိုင်ငံအတွင်း တည်ဆောက်နိုင်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံကို အင်အားတောင့်တင်းသော နိုင်ငံဖြစ်လာအောင် ပြည်သူ့အားဖြင့် ထူထောင်တည်ဆောက်သွားမည် ဖြစ်ကြောင်း ကမ္ဘာသိအောင် ထုတ်ဖော်ပြောကြားလိုက်ခြင်းသည် မိမိနိုင်ငံ၏အနာဂတ်ကို ကြည်လင်ပြတ်သားစွာ ရှုမြင်လိုက်ရခြင်းဖြစ်သလို ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်နှင့် ပြည်သူအပေါ် ယုံကြည်ကိုးစားမှုတို့ကို ထုတ်ဖော်ပြသလိုက်ခြင်းလည်း ဖြစ်ပါကြောင်း။ ။




## သတင်းဖြစ်ပေါ်လျက်ရှိသော ကော်ဖီမစ်ထုပ်ထဲတွင် အုန်းခွံမှုန့်၊ ဆီအုန်းကြိတ်ဖတ်မှုန့်များ ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိ

**နေပြည်တော် ဧပြီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် ဈေးကွက်အတွင်းရှိ ကော်ဖီမစ်များနှင့်စပ်လျဉ်း၍ ထွက်ပေါ်နေသောသတင်းများအား စိစစ်အတည်ပြုနိုင်ရန် ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ကော်ဖီမစ်ထုတ်လုပ်သော စက်ရုံများသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း၊ ကုန်ကြမ်း၊ ကုန်ချော နမူနာများ ရယူစစ်ဆေးခြင်း၊ ဈေးကွက်အတွင်းရှိ ပြည်တွင်း၊ ပြည်ပမှထုတ်လုပ်သော ကော်ဖီမစ်များ နမူနာကောက်ယူစစ်ဆေးခြင်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကုန်ကြမ်းပစ္စည်း နမူနာ ၅၂ မျိုး၊ ကုန်ချောနမူနာ ၃၇ မျိုးတို့အား ဓာတ်ခွဲစစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ သတင်းဖြစ်ပေါ်လျက်ရှိသော အုန်းခွံမှုန့်၊ ဆီအုန်းကြိတ်ဖတ်မှုန့်များ ပါဝင်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။ သို့သော် စစ်ဆေးပြီးသော အမှတ်တံဆိပ်ပါကော်ဖီမစ်များတွင် ပါဝင်သော ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုပ်ပိုးခွံတွင် ဖော်ပြရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ဈေးကွက်တွင် ဖြစ်ပေါ်နေသောသတင်းများ မှန်ကန်မှုမရှိကြောင်းနှင့် ကော်ဖီမစ်ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးသောလုပ်ငန်းများအား ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

### ❒ ရှေ့ဖုံးမှ

ဧပြီ ၈ ရက်တွင် မတ်ပဲ FAQ-RC တစ်တန် ငွေကျပ် ၁၆၀၈၀၀၀ နှုန်း၊ SQ-RCတစ်တန် ငွေကျပ် ၁၇၄၇၅၀၀ နှုန်းသာရှိခဲ့သဖြင့် သင်္ကြန်ဖွင့်ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ငွေကျပ် ငါးသောင်းခန့်၊ SQ-RC တစ်တန်လျှင် ငွေကျပ် ရှစ်သောင်းခန့် ဈေးမြင့်တက်လာသည်ဟု ကုန်စည်ဒိုင်မှ ထုတ်ပြန်သော မတ်ပဲဈေးနှုန်းစာရင်းများအရ သိရှိရသည်။

၂၀၁၅ သင်္ကြန်ပိတ်ရက်အလွန် ဧပြီ ၂၂ ရက်တွင် မတ်ပဲ FAQ တစ်တန်ငွေကျပ် ၁၁၁၀၀၀၀၊ SQ-RC တစ်တန်ငွေကျပ် ၁၁၈၀၀၀၀၊ ပြည်ပပို့ မတ်ပဲ FAQ တစ်တန် FOB ဈေးနှုန်း ၁၀၅၀-၁၀၈၀ ဒေါ်လာ၊ SQ-RC တစ်တန် ၁၁၂၀-၁၁၅၀ ဒေါ်လာနှုန်းသာရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။

ဧပြီ ၇ ရက်တွင် ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၁၄၉၂၅၀၀ နှုန်း၊ ပဲတီစိမ်း ပခုက္ကူတစ်ပိဿာ ငွေကျပ် ၁၅၀၀-၁၅၂၀ နှုန်း၊ ပဲတီစိမ်း ခရမ်းရွှေဝါ(ထိပ်စ) တစ်ပိဿာ ငွေကျပ် ၁၇၀၀-၁၇၃၅ နှုန်းရှိရာမှ ဧပြီ ၂၂ ရက်တွင် ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၁၄၉၇၅၀၀၊ ပဲတီစိမ်း ပခုက္ကူတစ်ပိဿာငွေကျပ် ၁၅၃၀-၁၅၅၀၊ ခရမ်းရွှေဝါ(ထိပ်စ) ၁၇၆၅-၁၇၈၅ နှုန်းသို့ ဈေးမြင့်တက်ပြောင်းလဲမှုရှိသည်။

အိန္ဒိယ၌ ပြည်တွင်း ပဲထွက်နှုန်း ကျဆင်းမှုကြောင့် ပြည်ပမှ ပဲတင်သွင်းရန် လိုအပ်နေဆဲဖြစ်ရာ မြန်မာပြည်တွင်း ပဲဈေးနှုန်းများအမြင့်တွင် ရှိနေဆဲဖြစ်မည်ဟု ပဲကုန်သည် ကိုစန်းအောင်က ပြောသည်။

**ခင်ဆိုင်**

## ရေယာဉ်လိုင်းများ ခရီးသည်စီးနင်းလိုက်ပါမှုလျော့နည်းသော်လည်း ကုန်သွယ်ရေးအတွက် အားထားနေရ

**ဝါးခယ်မ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ်ရှိ ကျေးရွာအုပ်စုများသို့ ခုတ်မောင်း ပြေးဆွဲလျက်ရှိသော ရေယာဉ်များကို ကျေးရွာအုပ်စုများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့ပေါ်ရှိ စီးပွားရေး လုပ်ငန်းရှင်များကပါ ကုန်သွယ်ရေးအတွက် အဓိကထား အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုကြောင့် ကုန်းလမ်းဆက်သွယ်ရေးတွင် ကား၊ ဆိုင်ကယ်၊ ဒိန်းဒေါင်းများဖြင့် ဆက်သွယ်သွားလာမှုများ ရှိသည့်အတွက် နွေအခါတွင် ရေယာဉ်လိုင်းများ၌ ခရီးသည်စီးနင်းလိုက်ပါမှု လျော့ကျတတ်ပြီး မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အတွက် အချို့ကျေးရွာ အုပ်စုများသို့ ရေယာဉ်လိုင်းဖြင့်သာ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ယခုလိုနွေရာသီ၌ ခရီးသည်စီးနင်းလိုက်ပါမှု လျော့နည်းသော်လည်း မိုးရာသီ၌ ဆက်သွယ်သွားလာရာတွင် လည်းကောင်း၊ ကျေးရွာများမှ တောင်သူလယ်သမားများ၏ ဒေသထွက်သီးနှံများ၊ ဒေသထွက်ကုန်များ တင်ပို့ရောင်းချရာတွင် လည်းကောင်း၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များက အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်များ၊ စားသောက်ကုန်ပစ္စည်းများ ကျေးရွာများသို့ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း အဆိုပါ ရေယာဉ်လိုင်းများကို အားထားရကြောင်း ရေယာဉ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၂-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၈.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၈၉ |
| တရုတ် | တစ်ယွမ် | ၁၈၀.၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆



**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် သံတမန်များအား မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒရှင်းလင်း ပြောကြားစဉ်**
(ဓာတ်ပုံ - အောင်ရှိန်းဦး)

*** *ရှေ့ဖုံးမှ***

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံများအကြား ဆက်ဆံရေး အလျင်အမြန် တည်ဆောက်နိုင်မှုသည် အဆိုပါနိုင်ငံများအကြား ပိုမိုကောင်းမွန်သောဆက်ဆံရေး တည်ဆောက်နိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံ မဟုတ်ပါကြောင်း၊ သို့သော်လည်း အားလုံးနှင့် ပတ်သက်သော ပြဿနာများကို ရိုးသားမှု၊ စိတ်ရင်းစေတနာကောင်းများဖြင့် ချဉ်းကပ်မှုဖြင့် ကမ္ဘာကို ဦးဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် အခြားနိုင်ငံများမှ လေ့လာသင်ယူစရာများစွာ ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ယခုအချိန်မှ ခရီးသစ်စတင်ခြင်း ဖြစ်ပါကြောင်း၊ ပြဿနာများကို အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုဖြင့် ဖြေရှင်းနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်ကတည်းက ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခဲ့ပါကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ပြဿနာတိုင်းကို အကျိုးအကြောင်း၊ စိတ်ကောင်းစေတနာကောင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျန်ရှိသော ကမ္ဘာ့နိုင်ငံများနှင့် သင့်မြတ်ပြီး ကောင်းမွန်သော ဆက်ဆံရေးလည်း တည်ဆောက်လိုပါကြောင်း၊ ပြဿနာဟူသမျှကို အသိဉာဏ်ဦးနှောက်၊ စိတ်ကောင်း စေတနာကောင်းဖြင့် ဖြေရှင်းနိုင်ပါကြောင်း။

ထို့အတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင်လည်း ပြည်သူများ၏ တက်ကြွသောအင်အားဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူ့အင်အားမပါဘဲ အစိုးရသည်မည်သည့် ဆောင်ရွက်မှုမျိုးကိုမျှ အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း။

ထို့ပြင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးအတွက် ကောင်းမွန်သော ခြေလှမ်းကို စတင်ရာတွင် ပြည်သူချင်း ဆက်ဆံမှုမှ စတင်ဆောင်ရွက်ရပါကြောင်း၊ ကောင်းမွန်သော ဆက်ဆံရေးအတွက် ပြည်သူချင်း ဆက်ဆံမှုသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ မတူညီသည့် နိုင်ငံချင်းဆက်ဆံရေးတွင် ကွဲပြားမှုများ ရှိနိုင်သော်လည်း ထိုမတူကွဲပြားမှုများကို အခွင့်အလမ်းအဖြစ် ဆောင်ရွက်သော ချဉ်းကပ်ပုံစံသစ်ဖြင့် လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း။

ထိုသို့သော ချဉ်းကပ်မှု ပုံစံသစ်ဖြင့် လျှောက်လှမ်းရာတွင် ဖြစ်ပေါ်လာသော ပြဿနာများကို အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုဖြင့် ဖြေရှင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကိုလည်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုရှိသော ဆက်ဆံရေးဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခံရသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိစွာ ပြန်လည်ဝင်ဆံ့လာပြီး နိုင်ငံအစိုးရအနေဖြင့် ငွေကြေးခဝါချမှုကို ဘက်ပေါင်းစုံမှ တိုက်ဖျက်နေကြောင်းနှင့် ငွေကြေးခဝါချမှု ပပျောက်အောင် လိုအပ်သော အရေးယူဆောင်ရွက်မှုများ တိုး၍ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဂျာမနီ၊ တူရကီ၊ နီပေါ၊ တောင်အာဖရိက၊ ဒိန်းမတ်နှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံတမန်အကြီးအကဲများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများအား တွေ့ဆုံရာ သံအမတ်ကြီးများက မြန်မာနိုင်ငံနှင့်

အလားတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မစ္စတာ ဒန်နီရယ် ဇွန်ရှိုင်းက "မြန်မာနိုင်ငံမှာ မှန်ကန်တဲ့ နိုင်ငံခြားရေးမူဝါဒ ရှိပါတယ်။ အခု နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရာမှာလည်း သူက မှန်ကန်တဲ့ လမ်းကြောင်းကနေ ပိုပြီးကောင်းမွန်အောင် လုပ်နိုင်မယ်လို့ ထင်မြင်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အီးယူ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက "ဒီနေ့အခမ်းအနားကို လာရောက်ရတဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးမှာ အလွန်ကြီးလေးတဲ့ တာဝန်တွေနဲ့အတူ နိုင်ငံတကာကလည်း အခုအချိန်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို ပိုပြီးစိတ်ဝင်စားနေတယ်လို့ ထင်ပါတယ်။ ဒီလို နိုင်ငံခြားရေး မူဝါဒတွေကနေတစ်ဆင့်



**သီရိလင်္ကာ သံအမတ်ကြီး**
**Mr. K.W.N.D Karunaratra**



**အစ္စရေးသံအမတ်ကြီး**
**မစ္စတာ ဒန်နီရယ် ဇွန်ရှိုင်း**




**အီးယူသံအမတ်ကြီး**
**မစ္စတာ ရိုလန်ကိုဘီယာ**



**နိုင်ဂျီးရီးယားသံအမတ်ကြီး**
**ကာဘီရူဘယ်လ်လာ**



**မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒရှင်းလင်းပွဲသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်းပြည်ပ အခြေစိုက် သံတမန်များအား တွေ့ရစဉ်**

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်အပေါ် အခြေခံကာ ဘက်မလိုက်မူဝါဒကို ကျင့်သုံးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအဖြစ် အောင်မြင်စွာ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့မှုသည် ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်လိုသော ပြင်းပြသည့်ဆန္ဒကို ထင်ဟပ်စေပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများသာမက နိုင်ငံတကာ အသိုင်းအဝိုင်းတွင်ပါ ယုံကြည်အားထားရသော မိတ်ဖက်နိုင်ငံဖြစ်လာကြောင်းဖြင့် နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ၎င်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအစိုးရအနေဖြင့်...

ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များအား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး Mr. K.W.N.D Karunaratra က "ကျွန်တော်တို့နိုင်ငံနဲ့ မြန်မာနိုင်ငံ အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ ထင်ပါတယ်"ဟု ဖြေကြားခဲ့သည်။

အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း ပိုပြီးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားပါမယ်"ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသံအမတ်ကြီး ကာဘီရူဘယ်လ်လာက "အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံနဲ့ နိုင်ဂျီးရီးယားနိုင်ငံတို့အကြား ဆက်ဆံရေး ပိုမိုတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ချင်လို့ ကျွန်တော်တို့ ဒီနိုင်ငံကို အရောက်လာခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင် တောင်တက်စခန်း(၁)သို့ မြန်မာတောင်တက်သမားများ တက်ရောက်နိုင်ခဲ့

**ရန်ကုန် မေ ၂၂**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ခရီးစဉ်မှ မြန်မာတောင်တက်အဖွဲ့သား သုံးဦးသည် မေ ၂၁ ရက်တွင် တောင်တက်စခန်း (၁)သို့ ခြေချတက်ရောက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက် အဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ မြန်မာတောင်တက်အဖွဲ့ဝင်သုံးဦးဖြစ်သော ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုနှင့် ကိုညီညီအောင်တို့မှာ ပြီးခဲ့သည့် မတ် ၂၉ ရက်က ဧဝရက်တောင်သို့ စတင်တက်ရောက်ခဲ့ကြပြီး မေ ၁၁ ရက်က ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်၏ အမြင့်ပေ ၁၇၅၀၀ ရှိ တောင်ခြေစခန်းသို့ တက်ရောက်နိုင်ခဲ့ကြသည်။ ထို့နောက် မြန်မာတောင်တက်အဖွဲ့သုံးဦးသည် မေ ၁၂ ရက်တွင် မြန်မာနှစ်ကူးအကြိုဆန္ဒပြုဆုတောင်းပွဲများ တောင်ခြေ၌ ပြုလုပ်ခဲ့ကြပြီးအနီးရှိ တောင်တက်စခန်းများသို့ ဆင်းသက်ခြင်းနှင့် တက်ရောက်ခြင်းဖြင့် လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

မြန်မာတောင်တက်အဖွဲ့ သုံးဦးသည် မေ ၁၅ ရက်က ဧဝရက်တောင်ခြေစခန်း၌ ဒေသခံရိုးရာယဉ်ကျေးမှုနှင့် တိဗက်တို့၏ ယုံကြည်မှုအတိုင်း ကွယ်လွန်သွားခဲ့လေပြီးသော တောင်တက်သမားကြီးများအား လွမ်းဆွတ်အောက်မေ့ဖွယ်ရာဆုတောင်းပွဲများကို ပြုလုပ်ပေးခဲ့ကြသည်။ "ကျွန်တော်တို့ အနေနဲ့ ခက်ခဲကြမ်းတမ်းတဲ့ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကို ဇွဲလုံ့လအပြည့်နဲ့ ကြိုးစားတက်ရောက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အဖြစ် မြန်မာနိုင်ငံတော်အလံကို စိုက်ထူသွားမှာပါ ။ ဒီခရီးစဉ်အတွက် အဘက်ဘက်ကနေ လိုလေသေးမရှိအောင် ကူညီပံ့ပိုးပေးတဲ့ ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ မြန်မာနိုင်ငံခြေလျင်တောင်တက် အဖွဲ့ချုပ်နာယက ဦးတေဇကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု မြန်မာတောင်တက်အဖွဲ့သားများက ပြောကြားခဲ့ကြသည်။

မြန်မာတောင်တက်အဖွဲ့သုံးဦးသည် မေ ၁၇ ရက်က Bace Camp မှ အမြင့် မီတာ ၅၈၀၀ အထိ တက်ရောက်နိုင်ခဲ့ကြပြီး မေ ၁၈ ရက်မှ ၂၀ ရက်အထိ တောင်ခြေ၌ စခန်းများ တည်ဆောက်ကာ ညအိပ်၍ မေ ၂၁ ရက်တွင် တောင်တက်စခန်း(၁) (Camp-1)သို့ ရောက်ရှိအိပ်စက်ခဲ့ကြသည်။

ယင်းနောက် မေ ၂၂ ရက်တွင် တောင်တက်စခန်း(၂) (Camp-2)သို့ တက်ရောက်ပြီး ထိုမှတစ်ဆင့် တောင်တက်စခန်း(၁)သို့ ပြန်လည်ဆင်းသက်ကာ ညအိပ်မည်ဖြစ်ပြီး မေ ၂၃ ရက်တွင် တောင်ခြေစခန်းသို့ ပြန်လည်ဆင်းသက်ကြမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်သည် လက်ရှိအချိန်၌ ပေပေါင်း ၂၉၀၃၅ ပေမြင့်ကြောင်း အိန္ဒိယသင်္ချာပညာရှင် Radhanath Sikdar ၏ တွက်ကိန်းအရ သိရသည်။

**စိုးဝင်း(SP)**



**မြန်မာတောင်တက်သမားသုံးဦး ဧဝရက်တောင်သို့ ကြိုးစားတက်ရောက်နေစဉ်**
(ဓာတ်ပုံ - မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်)

# ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei AI-Emadi အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Alberto Cerezo Sobrino **(ယာပုံ)** အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jaroslav Dolecek အား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Levan Machavariani **(ဝဲပုံ)**အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ စပိန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Alberto Cerezo Sobrino အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေး၊ မြေမြှုပ်မိုင်းများ ရှင်းလင်းရေးနှင့် မြန်မာ-အီးယူ ဆက်ဆံရေးပိုမိုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် မေ ၂၂**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား ယနေ့ နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H. E. Mr. Roland Kobia **(ယာပုံ)** အား ယနေ့နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော် ရေးရာဆောင် အဆောင်အမှတ် (I-5) ၌ သီးခြားစီ တွေ့ဆုံသည်။

အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် IT နည်းပညာတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ကြသည်။

အလားတူ EU သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေး၊ မြေမြှုပ်မိုင်းများ ရှင်းလင်းရေးနှင့် မြန်မာ-အီးယူ ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# နယ်မြေအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**ထားဝယ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် KNU ငြိမ်းချမ်းရေးအဖွဲ့တို့ တွေ့ဆုံပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ဆက်စကားပြောကြားသည်။ **(ယာပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် KNU ငြိမ်းချမ်းရေး အဖွဲ့မှ ထားဝယ်/မြိတ်ခရိုင်မှ ဥက္ကဋ္ဌ ဦးစောဆာပီးထုတ်၊ အတွင်းရေးမှူး ဖဒိုစောအယ်နား၊ တွဲဖက်အတွင်းရေးမှူး ဖဒိုသူယဲတို့အပါအဝင် ခုနစ်ဦး တက်ရောက်ကြပြီး နယ်မြေအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ မြေယာကိစ္စရပ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(တနင်္သာရီတိုင်းဒေသကြီး ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**မာန်အောင် မေ ၂၂**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း အောင်ဇေယျာခန်းမ၌ မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု၊ အမှတ်(၁)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမောင်နှင့် အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးနွဲ့တို့က အစိုးရသစ်၏ မူဝါဒများကို သိရှိနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်းများ အဂတိကင်းရှင်းစေရေးနှင့် ပြည်သူများအား အလုပ်အကျွေးပြုရေးတို့ကို ပြောကြားသည်။

**သိန်းဖေ(ပြန်/ဆက်)**

# မွေးဖွားခြင်းမှ သက်ကြီးရွယ်အိုအထိ လူမှုဘဝလုံခြုံအောင် ဆောင်ရွက်သွားမည်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအား တွေ့ဆုံမေးမြန်းခြင်း

ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို ပိုမိုဖန်တီးပေးနိုင်ပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်သူ့တို့ကယုံကြည်ကိုးစားရသော ဝန်ကြီးဌာနဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၏ ပြောကြားမှုများအပါအဝင် တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်၍ ဖော်ပြလိုက်ပါသည် -

**မေး ။ ဆရာရဲ့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံကို ပြောပြပေးပါ။**

ဖြေ ။ ကျွန်တော်၁၉၈၀ ပြည့်နှစ်မှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်ကနေ ဆေးဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ရရှိခဲ့ပြီး ပါရဂူဘွဲ့လွန်အထိ ရရှိခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်ကနေ ၂၀၁၅ ဇွန်လအထိ နိုင်ငံတာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၅ ခုနှစ် ဇွန်လအထိ ဆေးတက္ကသိုလ်(မကွေး)မှာ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကလည်း ဝန်ထမ်းတွေ၊ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ဆေးပညာသင်ကြား မှုကို ခေတ်နဲ့အညီ သင်ကြားသင်ယူမှုနည်းစနစ်တွေ၊ ပြုပြင်ပြောင်းလဲရေးနဲ့ ခံယူချက်တွေ ပြောင်းလဲရေးအတွက် Student Service Center ထူထောင်ပြီး ကျောင်းတွင်း ဒီမိုကရေစီစနစ်ကို လေ့ကျင့်ပေးခဲ့ပါတယ်။

ဒ့ါအပြင် မကွေးတိုင်းက ကျေးလက်နေပြည်သူတွေရဲ့ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးတိုးတက်ဖို့အတွက် ကမ်းဆင့်လက်များ ပရဟိတအဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့တဲ့အပြင် နာရေးကူညီမှုအသင်း(မကွေး)ရဲ့ ကရုဏာရှင် အခမဲ့ဆေးကုခန်းမှာ တာဝန်ခံဆရာဝန်အဖြစ် ၂၀၁၁ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ပါတယ်။

အခြားအသင်းအဖွဲ့တွေအနေနဲ့ မြန်မာနိုင်ငံပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီရဲ့ ကျန်းမာရေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်၊ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ရဲ့ စီမံခန့်ခွဲရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဝင်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးပညာအသင်းမှာ ရာသက်ပန် အသင်းဝင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှာ ဗဟိုကော်မတီဝင်နဲ့ ပညာရေးရာကော်မတီဥက္ကဋ္ဌ တာဝန်တွေကို ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ဝန်ကြီးဌာနရဲ့ လက်ရှိချမှတ်ထားတဲ့ မူဝါဒတွေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ လူတွေဘေးကင်းလုံခြုံဖို့နဲ့ ဝန်ကြီးဌာနကို ပြည်သူတွေကနေ ကိုးစားယုံကြည်လာအောင် ဆောင်ရွက်ရမယ့်အပိုင်းတွေက အဓိကအရေးကြီးပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုတွေမှာ ပြည်သူတွေပါဝင်ဖို့ လိုပါတယ်။ ပြည်သူတွေရဲ့ ဘဝ လုံခြုံတိုးတက်ဖို့၊ ဘေးကင်းစိတ်ချရဖို့၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့ အသိတရားကလည်း ပြည်သူတွေမှာ ရှိဖို့လိုပါတယ်။ ပြည်သူတွေပါဝင်ဖို့အတွက် ကျွန်တော့်တို့အနေနဲ့လည်း ပြည်သူတွေပါဝင်လာနိုင်တဲ့ နည်းလမ်းတွေကို ဖော်ဆောင်ထားဖို့လိုတဲ့အတွက် ဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေနဲ့နီးစပ်အောင်နေမယ်။ ဒါမှ ပြည်သူတွေပူးပေါင်းပါဝင်မှုက ပိုပြီးထိရောက်လာမယ်လို့ ယုံကြည်ပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ အဓိကမူဝါဒနဲ့ တကယ်ဆောင်ရွက်မယ့် ကိစ္စဖြစ်ပါတယ်။

**မေး ။ ဝန်ကြီးဌာနရဲ့ ရက် ၁၀၀ အတွင်း ဆောင်ရွက်အကောင်အထည်ဖော်သွားမယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြပေးပါ။**

ဖြေ ။ ကျွန်တော်တို့လုပ်ငန်းတွေကို ထိထိရောက်ရောက်လုပ်နိုင်ဖို့ ချမှတ်ထားတဲ့ရက် ၁၀၀ စီမံချက်ဆိုတာ ရှိပါတယ်။ ဒါက ကျွန်တော်တို့ ဆောင်ရွက်ချက်တွေမှာ အဂတိလိုက်စားမှုကင်းရမယ်၊ ထိရောက်ရမယ်၊ ထိရောက်တယ်ဆိုတာ စွမ်းဆောင်ရည်မြင့်မားရမယ့်သဘောကို ပြောတာပါ။

စွမ်းဆောင်ရည်မြင့်မားဖို့၊ အဂတိလိုက်စားမှုကင်းရှင်းဖို့ လုပ်ဆောင်ရမယ့်အလုပ်တိုင်းမှာ သတိထားရမယ့် ကိစ္စတွေဖြစ်ပါတယ်။ အဂတိလိုက်စားမှု ကင်းရှင်းဖို့ကို ထိရောက်စွာအရေးယူမယ်ဆိုရင် ပပျောက်မယ်။

နောက်တစ်ခုက ထိရောက်စွာဆောင်ရွက်နိုင်ဖို့၊ စွမ်းဆောင်ရည်မြင့်မားဖို့အတွက် ကျွန်တော်အပါအဝင် ဝန်ထမ်းအားလုံးက မိမိကိုယ်ကိုတိုးတက်အောင် ကြိုးစားနေရပါမယ်။ ဝန်ထမ်းတွေ၊ ပါဝင်ဆောင်ရွက်ရမယ့်လူတွေ အကုန်လုံး စွမ်းဆောင်ရည်မြင့်မားဖို့ကို သူတို့ကြိုးစားနိုင်အောင်ကူညီပံ့ပိုးပါ့မယ်။ ဒီလိုနည်းတွေနဲ့ အဓိကသွားမယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဖြစ်တဲ့အတွက်ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ကိစ္စတွေ ဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ ကယ်ဆယ်တယ်၊ ပြန်လည်နေရာချထားတယ်ပေါ့။

ဒါပေမယ့် အဓိကလုပ်ရမှာက သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်တဲ့လုပ်ငန်းကို အစိုးရအဖွဲ့သစ်အနေနဲ့ ပိုပြီးအားထည့်လုပ်ဆောင်နေပါတယ်။ ကြိုတင်ကာကွယ်မှုအပိုင်းကို ပိုပြီးအားထည့်လုပ်ဆောင်မယ့် အပိုင်းပါ။ ဖြစ်ရင် ထိထိရောက်ရောက်ကယ်နိုင်ဖို့၊ အလျင်အမြန်တုံ့ပြန်ပြီး ပြည်သူ့အကျိုးဆောင်ရွက်နိုင်ဖို့ ကြိုးစားအားထည့်သွားပါ့မယ်။

နောက်တစ်ချက်က ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စနစ်ကျဖို့လိုတယ်၊ စနစ်တကျ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်မယ်။ ဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို ပြန်ချုံ့ပြီးပြောရရင် လူမှုဘဝလုံခြုံစိတ်ချရဖို့၊ လူမှုရေးရာကိစ္စအဖြာဖြာဖြစ်တဲ့ ဟိုးမွေးကင်းစကနေပြီး သက်ကြီးရွယ်အိုအထိ လူမှုဘဝတိုးတက်ဖွံ့ဖြိုးဖို့ ကျွန်တော်တို့ဆောင်ရွက်ရမယ့်အပိုင်းတွေကို အားဖြည့်ဆောင်ရွက်သွားပါမယ်။

**လူငယ်တွေအတွက် လူငယ်ရေးရာမူဝါဒကို လူမှု/ကယ်ဆယ်ဝန်ကြီးဌာနနဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေ၊ လူငယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရေးဆွဲနေတဲ့အပြင် လမ်းပေါ်နေ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေကို ခွဲခြားနှိမ့်ချ ဆက်ဆံခြင်း ကင်းရှင်းပြီး ဥပဒေနဲ့အညီ အခြားသူများနည်းတူ အခွင့်အရေးရရှိစေရေးကိုလည်း ဆောင်ရွက်နေ**

**မေး ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မယ်ဆိုတဲ့ အပိုင်းကိုရှင်းပြပေးပါ။**

ဖြေ ။ တကယ်လို့ သဘာဝဘေးအန္တရာယ်တွေဖြစ်ရင် ထိထိရောက်ရောက် ကျွန်တော်တို့ ကယ်ဆယ်ဆောင်ရွက်မယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်မယ်။ အဲ့ဒီမှာ ဘေးအန္တရာယ်နဲ့ပတ်သက်လို့ ကြိုတင်ကာကွယ်မှုအပိုင်းတွေကို အားစိုက်နေတာရှိပါတယ်။ အားစိုက်နေတဲ့ ကြိုတင်ကာကွယ်မှုအပိုင်းက ဘာလဲဆိုတော့ ပြည်သူတွေ အသိရှိဖို့လိုပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ အချိန်မရွေးကျရောက်နိုင်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့ ကျရောက်နိုင်ပါတယ်။ တချို့က ကြိုတင်သိတာရှိသလို တချို့က ကြိုတင်မသိတဲ့ သဘာဝဘေးအန္တရာယ်တွေရှိပါတယ်။ ကြိုတင်သိတာပဲဖြစ်ဖြစ်၊ ကြိုတင်မသိတာဘဲဖြစ်ဖြစ် သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ပြည်သူလူထုအနေနဲ့ ဘယ်လိုလိုက်ပါဆောင်ရွက်ရမလဲဆိုတဲ့ အသိရှိနေဖို့ကို ဆောင်ရွက်နေတာ ရှိပါတယ်။

ကြိုတင်ပြင်ဆင်မှုအပိုင်းအနေနဲ့ ပြီးခဲ့တဲ့ သဘာဝဘေးအန္တရာယ်ရဲ့ အတွေ့အကြုံတွေအပေါ် မူတည်ပြီး ပြည်သူလူထုကို ကြိုတင်သတိပေးတဲ့စနစ်ကို ခေတ်မီနည်းပညာစနစ်တွေနဲ့ ဆောင်ရွက်နေတဲ့အပြင် အရေးပေါ်တုံ့ပြန်မှုအဖွဲ့ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ၊ ခရိုင်တွေ မှာဖွဲ့နေပါတယ်။ ဒီနေရာမှာတစ်ခုပြောရရင် ကျွန်တော်တို့ ဝန်ကြီးဌာနက တစ်နိုင်ငံလုံးမှာ ဝန်ထမ်းစုစုပေါင်း ၂၀၀၀ ကျော်ပဲရှိတဲ့အတွက် ပြည်သူလူထုကို ပြန်ပြီးအားကိုး ရပါမယ်။ လူမှုအဖွဲ့အစည်းတွေ၊ တက်ကြွတဲ့လူငယ်တွေကို အားကိုးရမယ်။

နောက်တစ်ခု အလွန်အားကိုးစရာကောင်းတာက မီးသတ်တပ်ဖွဲ့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြို့နယ်အထိ သူတို့ရဲ့အင်အားတွေရှိပြီး နေရာတိုင်းမှာ ပြည်သူနဲ့လည်းနီးစပ်ပါတယ်။ အဲ့ဒီလိုနည်းနဲ့ လူမှုအဖွဲ့အစည်းတွေ၊ မီးသတ်တွေ၊ လူငယ်အဖွဲ့အစည်းတွေ၊ စိတ်ပါဝင်စားတဲ့ စေတနာရှင်မိဘပြည်သူတွေပါဝင်မှ ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ အရေးပေါ်တုံ့ပြန်မှုအဖွဲ့က အလုပ်လုပ်နိုင်မယ်။

နောက်တစ်ခုက အရေးပေါ်စီမံခန့်ခွဲဖို့ဆိုပြီး အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန တစ်ခုရှိပါတယ်။ ဒီဌာနကို ထပ်ပြီး တိုးချဲ့ဖွင့်လှစ်ဖို့ လိုပါတယ်။ ဗဟိုဌာနမှာလုပ်နေတဲ့ အလုပ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ အဆင့်မြှင့်တင်သွားဖို့ ဆောင်ရွက်နေပါတယ်။ ဒီလိုမြှင့်တင်ရာမှာ တစ်ကမ္ဘာလုံးက သတင်းအချက်အလက်တွေ၊ မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာကိစ္စတွေ၊ လတ်တလောအရေးပေါ် ဖြစ်ပျက်လာနိုင်တဲ့ကိစ္စတွေ၊ သူများနိုင်ငံမှာဖြစ်နေပြီး ကိုယ့်နိုင်ငံမှာ ဘယ်တော့ဖြစ်မလဲ စတဲ့သတင်းအချက်အလက်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ရယူရပါမယ်။ နောက်ပြီး ဖြစ်လာရင် ပြည်သူလူထု ပါဝင်မှုရမယ်ဆိုတော့ ပြည်သူလူထုက တကယ့်အသိတော့ရှိနေပြီ။ တကယ့်လက်တွေ့ကျရင် သိထားတဲ့အသိကို အသုံးချနိုင်ပါ့မလား ဆိုတဲ့ ကိစ္စက အလွန်အရေးကြီးပါတယ်။

ပြည်သူလူထုကိုယ်တိုင်ပါဝင်ပြီး တကယ်ဖြစ်လာတဲ့အခါမှာ သွေးရူးသွေးတန်းဖြစ်မယ့်အစား ကိုယ်လေ့ကျင့်ထားတဲ့အသိနဲ့ လေ့ကျင့်မှုက တကယ်တမ်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်မယ်လို့ ယူဆတဲ့အတွက်ကြောင့် လေ့ကျင့်ဇာတ်တိုက်တာတွေ လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဥပမာ ငလျင်လှုပ်ရင် ဘာလုပ်မလဲ၊ ရေကြီးရင် ဘယ်လိုလုပ်မလဲ၊ မိုးသည်းထန်စွာရွာပြီး လေပြင်းမုန်တိုင်းတိုက်ရင် ဘယ်လိုဆောင်ရွက်မလဲ၊ ဒါမျိုးကိစ္စတွေမှာ ဘယ်လိုမျိုးနေထိုင်ရမလဲဆိုတာကို အားလုံးသိထားဖို့ လိုတယ်လို့ ယူဆပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဝန်ထမ်းအင်အားက နည်းတဲ့အတွက် စေတနာ့ဝန်ထမ်းလူငယ်တွေကို အားကိုးတယ်။ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့တွေကို ခိုင်ခိုင်မာမာဖွဲ့စည်းပြီး ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ ပုံစံမျိုးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ လူငယ်တွေအတွက် လူငယ်ရေးရာမူဝါဒကို လူမှု/ကယ်ဆယ်ဝန်ကြီးဌာနနဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေ၊ လူငယ်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ရေးဆွဲနေတဲ့အပြင် လမ်းပေါ်နေ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေကို ခွဲခြားနှိမ့်ချဆက်ဆံခြင်း ကင်းရှင်းပြီး ဥပဒေနဲ့အညီ အခြားသူများနည်းတူ အခွင့်အရေးရရှိစေရေးကိုလည်း ဆောင်ရွက်နေပါတယ်။

**မေး ။ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

အယ်နီညိုကြောင့် ရေရှားပါးမှုပြဿနာတွေနဲ့ပတ်သက်ပြီး ရေဖြန့်ဝေခြင်းနဲ့ တာပေါ်လင်အသုံးပြု ယာယီရေသိုလှောင်ကန်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့အပြင် သောက်သုံးရေ အလွန်ခက်ခဲတဲ့ ဒေသတွေမှာ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးနဲ့ ရေမသန့်မှုကြောင့် ဖြစ်ပွားလာနိုင်တဲ့ ရောဂါတွေကို ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ချင်းပြည်နယ်က မြေပြိုဆည်နဲ့ပတ်သက်ပြီး အရေးပေါ်တုံ့ပြန်မှုစီမံချက်ကို ရေးဆွဲနေတဲ့အပြင် အရေးပေါ်ရွှေ့ပြောင်းရေးနဲ့ ထောက်ပံ့ရေးအစီအမံတွေကို ဆက်စပ်ဝန်ကြီးဌာနတွေ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ပြီး ကြိုတင်ပြင်ဆင် ဆောက်ရွက်နေပါတယ်။

ပြည်တွင်းနေရပ်စွန့်ခွာ ဒုက္ခသည်စခန်းတွေရှိတဲ့ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့တွေ ပံ့ပိုးပေးခြင်း၊ ကလေးပျော်နေရာတွေ စီစဉ်ပေးခြင်း၊ အမျိုးသမီး သက်မွေးပညာသင်ကြားပေးခြင်းနဲ့ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေပေးဖို့အတွက် ဆောင်ရွက်နေပါတယ်။

ဒ့ါအပြင် လူမှုဝန်ထမ်းဝန်ဆောင်မှုဆိုင်ရာ Help Line Center ကို နေပြည်တော်ရုံးချုပ်နဲ့ လူမှုဝန်ထမ်းလုပ်ငန်းတွေနဲ့ပတ်သက်ပြီး မမှန်သတင်းတွေ ရှိရင်လည်း ပြန်လည်ဖြေရှင်းနိုင်ဖို့ ပြည်သူ့လူမှုဆက်ဆံရေးဌာနတစ်ခုကို ရန်ကုန်မှာဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။

လူမှုဝန်ထမ်းဌာနအနေနဲ့ မွေးဖွားတာကစပြီး သက်ကြီးရွယ်အိုအထိ လုံခြုံစိတ်ချရဖို့နဲ့ တိုးတက်ဖို့ စောင့်ရှောက်ရတဲ့ အခန်းကဏ္ဍရှိပါတယ်။ ဒါကြောင့် Early Childhood Development ဆိုပြီး မွေးကင်းစကလေးငယ်တွေကို အသက်သုံးနှစ်အထိ ရက် ၁၀၀၀ ကာလအတွင်းမှာ ဦးနှောက်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အကောင်းဆုံးဖြစ်စေရေးအတွက် စီမံချက်ချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။

ဒ့ါအပြင် သက်ကြီးရွယ်အိုအရေအတွက်ကလည်း ကမ္ဘာမှာ တဖြည်းဖြည်းနဲ့တိုးလာသလို မြန်မာနိုင်ငံမှာလည်း သက်ကြီးရွယ်အိုအရေအတွက် တိုးလာနေပါတယ်။ ကမ္ဘာအနှံ့မှာလည်း သက်ကြီးရွယ်အိုတွေအတွက် စောင့်ရှောက်ခံရမှုက နည်းသွားတာကို တွေ့ရပါတယ်။ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး စီမံချက်တွေ ရေးဆွဲဆောင်ရွက်နေပါတယ်။

ဒီလိုစီမံချက်တွေ ဆောင်ရွက်ရင်းနဲ့ အမြတ်တစ်ခုထွက်တာက စီမံချက်တွေကို အကောင်အထည်ဖော်တဲ့ နေရာတိုင်းမှာ ပြည်သူလူထု အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့ ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဥပမာ သက်ကြီးရွယ်အို စောင့်ရှောက်မှုအတွက် သက်ကြီးရွယ်အိုစောင့်ရှောက်မယ့် သင်တန်းတွေပေးရင် ရပ်ရွာက သင်တန်းတက်တဲ့သူတွေ အလုပ်ရရှိသွားမှာ ဖြစ်ပါတယ်။

နောက်ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ စီမံချက်ထဲမှာ ချက်ချင်းဆောင်ရွက်ရမယ့်ကိစ္စက ဝန်ထမ်းအင်အားတိုးချဲ့တာပါ။ ဝန်ထမ်းအင်အား အလွန်နည်းတဲ့အတွက် မြို့နယ်အဆင့်အထိ တိုးချဲ့သွားမှာဖြစ်ပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - သူရဇော်၊ သန့်ဇင်ဝင်း၊**
**ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**

# စိုက်ပျိုးရေးနဲ့ ကျန်းမာရေး

**လယ်သား**

ဒီနှစ် ကျွန်တော်တို့ဒေသက ဆည်တွေ JICA အစီအစဉ်နဲ့ ပြင်နေလို့ နွေရေမလွှတ်၊ ရေမလွှတ်လို့ နွေစပါးနှစ်စဉ်စိုက်တဲ့ကွင်းတွေ နားရတာ၊ ရပ်ရွာထဲက ရေတွင်းရေကန်တွေရေနည်းပါးတာ၊ ရေအခက်အခဲ ကြုံရတာတွေရှိပေမယ့် သိပ်ပြီးထိထိခိုက်ခိုက်ဖြစ်ရတာ မျိုးတော့မဟုတ်ပါဘူး။ တစ်နွေလောက်အခက်အခဲကြုံရပေမယ့် ဆည်မြောင်းတွေပြင်ပြီးသွားလို့ ဆည်ရေစနစ်တွေ ပိုကောင်းသွားရင် တစ်သက်စာစိုက်ပျိုးရေးအတွက် စိတ်အေးရရင်ဝမ်းသာစရာပါ။ တစ်ဖက်ကကြည့်ရင်လည်း နွေရေမလွှတ်လို့ ကောင်းတဲ့အချက်တွေလည်း ရှိနေပါသေးတယ်။

ကောင်းတယ်ဆိုတာက ကျန်းမာရေးရှုထောင့်ဘက်က ကြည့်ရင်ပါ။ နွေရေမလွှတ်တော့ ဆည်တွေ မတည်ဆောက်ခင်ကာလတုန်းကလို ဒီနှစ်နွေမှာ လေလာလည်း တန်းလျားချပြီး ခြင်ထောင်လွတ်အိပ်ခွင့် ရသွားပါတယ်။ ဆည်တွေတည်ဆောက်ပြီးလို့ နွေရေရတဲ့ကာလကစပြီး နှစ်စဉ် နွေပူပူမှာအိမ်ပြတင်းပေါက်မှန်သမျှ ခြင်မဝင်နိုင်အောင်ပိတ်၊ ပူပူလောင်လောင် ခြင်ထောင်ထဲ ပိတ်လှောင်မွန်းကျပ်အိပ်ရတဲ့ဘဝ ရောက်ခဲ့ရလေတော့ အရင်လို စိတ်လွတ်ကိုယ်လွတ်အိပ်ခွင့်ရတဲ့ဘဝကို ပြန်တမ်းတမိတာကြာပါပြီ။ အခုလို အပူလွန်ကဲနေတဲ့နှစ်မှာမှ ဒီလိုပြန်အိပ်ခွင့်ရတာ ကျေနပ်စရာပါပဲ။

တစ်နှစ်ပတ်လုံး ခြင်ထောင်ထဲက မထွက်ရဲတဲ့အဖြစ်က လူကြီးတွေထက် ကလေးတွေအတွက် ပူပန်ရတာက ပိုပါတယ်။ ဟိုတုန်းက သွေးလွန်တုပ်ကွေးဆိုတာ မိုးရာသီမှာသာ ဂရုထားပူပန်ရပေမယ့် အခုတော့ နွေမိုးမရှောင် ပူပန်နေရတဲ့အဖြစ်ပါ၊ ဘယ်အချိန်များ ကိုယ့်ကလေး သွေးလွန်တုပ်ကွေးဖြစ်လေမလဲ အရိပ်တကြည့်ကြည့်နေရတာပါ။ ဘယ်လောက်ပဲ ဂရုစိုက်စိုက် နေ့ရော ညပါ ကိုက်နေတဲ့ခြင်တွေရန်က ကိုယ့်ကလေးတွေ ကင်းလွတ်ဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ ခြင်ဆေးခွေတွေ ထွန်းပြန်တော့လည်း အဆိပ်ငွေ့တွေ ရှူခိုင်းသလိုဖြစ်နေတဲ့အပြင် ကြာလာတော့ ခြင်တွေက မပြေးဘဲ ခြင်ဆေးခွေအပေါ်တောင်နားနေတာမျိုးလည်း ကြုံရပါသေးတယ်။ ဆေးယဉ်လာတဲ့သဘောနဲ့

**နွေရေလွှတ်လို့ ခြင်ကိုက်တယ်ဆိုပေမယ့် နွေစပါးစီမံကိန်းတွေရပ်ဆိုင်းဖို့ ပြောနေတာတော့မဟုတ်ပါဘူး။ စိုက်ပျိုးရေးနဲ့ ကျန်းမာရေးမှာ ဒွန်တွဲ၊ လွှန်ဆွဲနေတဲ့အဖြစ်ကို တင်ပြလိုရင်းသာဖြစ်ပါတယ်။**

တူပါတယ်။ အခြားခြင်ဘတ်တံတို့ လိမ်းဆေး၊ ဖျန်းဆေးတို့ဆိုတာလည်း ခြင်တကယ်ပေါလာရင် မနိုင်ပါဘူး။

နွေရေလွှတ်လို့ ခြင်ကိုက်တယ်ဆိုပေမယ့် နွေစပါးစီမံကိန်းတွေရပ်ဆိုင်းဖို့ ပြောနေတာတော့မဟုတ်ပါဘူး။ စိုက်ပျိုးရေးနဲ့ ကျန်းမာရေးမှာ ဒွန်တွဲ၊ လွန်ဆွဲနေတဲ့အဖြစ်ကို တင်ပြလိုရင်းသာဖြစ်ပါတယ်။ အခြား ဆောင်းသီးနှံစိုက်ပျိုးဖို့ မဖြစ်နိုင်သေးတဲ့ ကွင်းတွေနဲ့ စားနပ်ရိက္ခာလိုအပ်ချက်တွေအတွက် နွေစပါးစိုက်ပျိုးရေးက ရှိနေရဦးမှာဖြစ်ပါတယ်။ နွေရေကြောင့် ခြင်ကိုက်တယ်ဆိုပေမယ့် နွေစပါးစိုက်ပျိုးမှုကြောင့် ကိုက်တဲ့ခြင်က ကာကွယ်လို့ရနိုင်လို့ တော်သေးတယ်ဆိုရဦးမှာပါ။ ဆိုးတာက မိုးကြိုစပါးစိုက်ပျိုးရေးကြောင့် ဖြစ်ပေါ်လာတဲ့ ခြင်အန္တရာယ်က ကျေးလက်ပြည်သူကို ပိုပြီး အခက်တွေ့စေပါတယ်။ နွေစပါးစိုက်တယ်ဆိုတာက ဆည်ရေသောက်ဧရိယာအတွင်းမှာ ဆောင်းသီးနှံစိုက်လို့မဖြစ်တဲ့ကွင်းတွေမှာ တစ်စုတစ်စည်းစိုက်တဲ့စနစ်ဆိုတော့ ဒေသဧရိယာသတ်သတ်မှတ်မှတ်ရှိပြီး ခြင်ကိုက်တယ်ဆိုရင်လည်း စိုက်တဲ့ဧရိယာဝန်းကျင်ပဲ ကြုံရတာပါ။ မိုးကြိုစပါးစိုက်တာကတော့ ဆောင်းသီးနှံတွေပဲမျိုးစုံသိမ်းပြီးချိန်မှာ ရေသွင်းပြီး ဆည်မြောင်းနား၊ လမ်းနားနီးတဲ့ ကွင်းတွေမှာ ဧရိယာကျယ်လည်းမဟုတ် ဟိုစပ်စပ်ဒီစပ်စပ် ခွေးလှေးယားတွေတောအနှံ့ စိုက်တာမျိုးဆိုတော့ နယ်ကကျယ်ပါတယ်။ စိုက်ဧရိယာ မကျယ်ပေမယ့် ရေကတော့ နေရာတိုင်းကို ပျံ့နှံ့နေတတ်တာပါ။ ပဲသိမ်းပြီးစ ပဲရွက်ကြွေ၊ ပဲမှော်တွေတဲပုံ၊ အပုပ်အစပ်တွေထဲမှာ ခြင်တွေကပေါက်လို့ကောင်း၊ သွေးလွန်တုပ်ကွေးဖြစ်စေတဲ့ခြင်မဟုတ်ပေမယ့် အတော့်ကို အခံရခက်အောင်ကိုက်တဲ့ ခြင်မွှားတွေကို ပေါက်ပွားစေတာပါ။ လူမှာသာမက နွားတွေလည်း ဖွဲဆုပ်ပက်သလို တဝီဝီထနေတဲ့ ခြင်တပ်ကြီးတွေကြောင့် မအိပ်နိုင်ဖြစ်နေရလို့ နွေပူပူမှာ နွားမီးဖိုပေးရတဲ့ အဖြစ်ကလည်း ရှိပါသေးတယ်။ တစ်ဖက်က မီးဘေးကိုလည်း စိုးရိမ်ရပါသေးတယ်။ တကယ်တော့ မိုးကြိုစိုက်တယ်ဆိုတာ လမ်းဘေးနား ကွင်းတွေလောက်သာ အဆင်ပြေပြီး လယ်သမားထုကြီးတစ်ရပ်လုံးအတွက် အကျိုးရှိဖူးတာလည်းမဟုတ်၊ မြေဆီလွှာအတွက်လည်း ကောင်းကျိုးဖြစ်တာမဟုတ်ပါဘူး။ အာဏာရှင်ခေတ်မှာ ဆောင်းသီးနှံကွင်းတွေမှာ နွေစပါးအတင်းအကျပ်စိုက်ခိုင်းလို့ ထွက်ပေါက်အဖြစ် ဟန်ပြလုပ်ခဲ့တဲ့လုပ်ငန်းသာဖြစ်ပါတယ်။ စီးပွားရေးရှုထောင့်က ကြည့်ရင်လည်း လယ်သမားတိုင်း အဆင်ပြေတာမဟုတ်၊ လူမှုရေးက ကြည့်ရင်လည်း သိမ်းချိန်မှာလမ်းတွေပျက်လို့ တညံညံ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် ကလေး၊ လူကြီး၊ ကျွဲ၊ နွားမကျန် ထိခိုက်စေလို့ စိုက်သင့် မစိုက်သင့် စဉ်းစားဖို့တော့လိုနေပါပြီ။ ကွင်းလုံးပြည့်ပျံ့နှံ့နေတဲ့ ရေထဲမှာ ဖုံး၊ သွန်၊ လဲ၊ စစ် က အရာမထင်ပါဘူး။

ဒီနှစ်ကတော့ ဆည်တွေနွေရေမလွှတ်နိုင်လို့ ခြင်ဘေးကတော့ သက်သာရာ ရနေပါတယ်။ နောင်နှစ်မှာလည်း ခြင်ကြောင့်ဖြစ်ရတဲ့ ဒုက္ခတွေက ကင်းဝေးနိုင်အောင် အကျိုးမဖြစ်တဲ့ စိုက်ပျိုးရေးစနစ်တွေ ရပ်တန့်ဖို့လိုနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ॥

# မန္တလေးမြို့တွင် မိုးရွာသွန်း၍ မိုးသီးများကျဆင်း

**မန္တလေး ဧပြီ ၂၂**

မန္တလေးမြို့တွင် သင်္ကြန်မတိုင်မီက အပူချိန်မြင့်မားခဲ့ရာက ဧပြီ ၂၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် မိုးရွာသွန်းပြီး တချို့မြို့နယ်များရှိ ရပ်ကွက်များတွင် မိုးသီးများကျဆင်းခဲ့၍ မိုးကြိုးပစ်ခြင်း၊ လေတိုက်ခြင်းများရှိခဲ့ပြီး နေ့အပူချိန် လျော့ကျခဲ့ကြောင်း သိရသည်။

"မြို့သစ်ဘက်မှာတော့ မိုးသီးကျခဲ့တယ်။ စွယ်တော်ဘုရားနားက လမ်းလယ်ကျွန်းပေါ်မှာတော့ မိုးသီးတွေ ကြဲချထားတဲ့အတိုင်းပဲ။ မြို့တွင်းရပ်ကွက်တွေမှာတော့ မိုးသီးမကျဘူး။ ပြည်ကြီးတံခွန်နဲ့ အမရပူရမှာ အများဆုံးတွေ့ရတယ်" ဟု မန္တလေးမြို့ခံ ကိုမင်းလွင်က ပြောသည်။

မန္တလေးမြို့တောင်ပိုင်းရှိ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ် ရပ်ကွက်အချို့ မိုးသီးများ ကွက်ကျားကျဆင်းခဲ့ပြီး မြေပြင်နှင့်ထိတွေ့သည်နှင့် မိုးသီးအရွယ်ပျောက်သွားသည့်နေရာများလည်း ရှိပြီး အချို့နေရာများတွင် မန်ကျည်းစေ့ထက်ကြီးသော အရွယ်ခန့် မြေပြင်တွင်တွေ့ရှိရကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ငါးရက်လောက်ကတည်းက မန္တလေးဝန်းကျင်မှာ မိုးသီးကြွေပြီး လေပြင်းတိုက်မယ်လို့ ခန့်မှန်းပေးခဲ့ပါတယ်။ နောက်ထပ် နှစ်ရက်၊ သုံးရက်လောက်အထိ



ရန်ကုန်-မန္တလေးလမ်းဟောင်း စွယ်တော်ဘုရားအနီးတွင် မိုးသီးများကြွေကျနေစဉ်

မိုးရွာဖို့အခြေအနေရှိတယ်။ ပြီးရင် ပူမြဲအတိုင်းဆက်ပူမယ်လို့ ခန့်မှန်းပါတယ်" ဟု မိုး/ဇလ(မန္တလေး)အထက်မြန်မာပြည် ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မိုး/ဇလပညာရှင် ဦးထွန်းလွင်ကလည်း လာမည့် ၇၂ နာရီအတွင်း မိုးတိမ်တောင်များဖြစ်ပေါ်ကာ မိုးကြိုးပစ်ခြင်း၊ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခြင်းတို့ ဖြစ်နိုင်ကြောင်းနှင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အဆိုးရွားဆုံးဖြစ်နိုင်ကြောင်း ထုတ်ပြန် ထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လေယာဉ်ပေါ်တွင် သားယောကျ်ားလေးတစ်ဦးမွေး

**ရန်ကုန် ဧပြီ ၂၂**

Jetstar လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် 3K-583 သည် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ဧပြီ ၂၂ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်လာခဲ့ရာ အဆိုပါလေယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည် ကိုယ်ဝန်ဆောင် မြန်မာအမျိုးသမီးတစ်ဦးသည် လေယာဉ်ဆိုက်ရောက်ပြီး ဇီးရိုးပါကင်တွင် ရပ်နားစဉ် ကလေးမီးဖွားရန် ဗိုက်နာလာသဖြင့် လေယာဉ်ပေါ်ရှိ လေယာဉ်မယ်များနှင့် ရန်ကုန်လေဆိပ် တာဝန်ကျဆရာဝန်(အမျိုးသမီး)တို့က မီးဖွားရန် ကူညီဆောင်ရွက်ပေးခဲ့ရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် သားယောကျ်ားလေးတစ်ဦး လေယာဉ်ပေါ်၌ မွေးဖွားခဲ့သည်။

ကလေးနှင့်မိခင်အား ရန်ကုန်လေဆိပ်မှ မြောက်ဥက္ကလာပဆေးရုံကြီးသို့ ည ၇ နာရီ ၁၅ မိနစ်တွင် လူနာတင်ယာဉ်ဖြင့် ဆရာဝန်များလိုက်ပါလျက် ပို့ဆောင်ပေးခဲ့ကြောင်း မြန်မာနိုင်ငံလေကြောင်း ရဲတပ်ဖွဲ့(ရန်ကုန်)မှ သိရသည်။

အလားတူ မတ် ၂၈ ရက်က စင်ကာပူမှ ရန်ကုန်သို့ ပျံသန်းသည့် Silk Air လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ရန်ကုန်သို့ ဆိုက်ရောက်စဉ် သားယောကျ်ားလေးတစ်ဦး မွေးဖွားသည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်ရာ တင်သွင်းရောင်းချခြင်းကိစ္စ သတိပေးနှိုးဆော်ချက်

၁။ တောင်သူလယ်သမားများ သုံးစွဲနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် အညွှန်းစာများအား ဓာတ်မြေဩဇာဥပဒေ ပုဒ်မ(၃၁) အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေ ပုဒ်မ(၃၄)အရ လည်းကောင်း၊ တောင်သူလယ်သမားများ နားလည်လွယ်သော မြန်မာစာ စာသားများဖြင့် ရေးသားဖော်ပြပေးရန် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့သော် အချို့ကုမ္ပဏီများမှာ မြေဩဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ပြီးဖြစ်သော်လည်း တင်သွင်းနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် မူရင်းနိုင်ငံခြားဘာသာစာသားများအတိုင်းသာ ဖော်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ထို့အပြင် အချို့သောကုမ္ပဏီများမှ တင်သွင်းရောင်းချနေသော ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများသည် မြေဩဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည်ကိုလည်း စစ်ဆေးတွေ့ရှိရသည်။

၄။ သို့ဖြစ်၍ **မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာ စာသားဖြင့် ရေးသားဖော်ပြထားခြင်းမရှိသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ခြင်း ဖျက်သိမ်းမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသေးသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများအား တင်သွင်းရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ဓာတ်မြေဩဇာ ဥပဒေအမှတ်(၃၆) အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေ အမှတ်(၄၃)အရ လည်းကောင်း တင်သွင်းရောင်းချသူအားလုံးကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အစိုးရသစ်အတက် မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်မှုနှင့်အတူ ဒေါ်လာငွေတန်ဖိုးကျဆင်း



ဦးသန်းလွင်

အစိုးရသစ်တက်လာပြီးနောက်ပိုင်း မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်လာကာ ဒေါ်လာငွေ တန်ဖိုးကျဆင်းသွားခြင်းသည် ဗဟိုဘဏ်၏ ကြိုးပမ်းချက်ကြောင့်ဟု ဆိုလျှင် မှန်သင့်သလောက်မှန်သော်လည်း အဓိကမှာ နိုင်ငံရေးပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

"နိုင်ငံရေးအပြောင်းအလဲမှာ ငွေလဲလှယ်နှုန်း ဂယက်ရိုက်တာရှိတယ်၊ အစိုးရသစ်လာပြီ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလာတော့မယ်၊ စုထားရင် မဖြစ်ဘူး၊ ထုတ်ရောင်းမှ ဖြစ်တော့မယ်၊ ဈေးကွက်မှာ ဒီလိုဖြစ်နေတယ်၊ ရောင်းလိုအားကများနေတော့ ဈေးကပြန်ကျသွားတယ်၊ နောက်တစ်ခုက ပြင်ပမှာလည်း ဈေးကကျနေတယ်" ဟု ကမ္ဘောဇဘဏ်အကြီးတန်း စီးပွားရေးအကြံပေး စီးပွားရေးပညာရှင် ဦးသန်းလွင်က ပြောသည်။

ယခင်က ဗဟိုဘဏ်ကို ဘဏ္ဍာအခွန်ဝန်ကြီးဌာနအောက်တွင် ထားရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ဥပဒေဟောင်းကို ပြန်လည်ပြင်ဆင်ပြီး ဗဟိုဘဏ်ကို သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းအနေဖြင့် ရပ်တည်ခွင့်ပေးခဲ့သော်လည်း ကျွမ်းကျင်ဝန်ထမ်းအားနည်းမှုကြောင့် တိုးတက်မှုအားနည်းခဲ့ကြောင်း စီးပွားရေးပညာရှင်များက ထောက်ပြခဲ့ကြသည်။

"အရင် ဗဟိုဘဏ်က လုပ်ပိုင်ခွင့်မရှိဘူး။ ဘဏ္ဍာအခွန်ဝန်ကြီးဌာနအောက်မှာရှိတယ်။ လုပ်ပိုင်ခွင့်မရှိတဲ့အတွက် လုပ်ချင်သလိုမလုပ်နိုင်ခဲ့ဘူး၊ ဒါကြောင့် ငွေကြေးမတည်ငြိမ်ဘူး၊ ဗဟိုဘဏ်ကိုဝင်လာတဲ့သူတွေကလည်း ပညာရှင်မဟုတ်ဘဲ ဘဏ်လုပ်ငန်းနားလည်တဲ့သူတွေလောက်ပဲရောက်လာတယ်။ အဲ့ဒီမှာလည်း အခက်အခဲဖြစ်တာပေါ့၊ ကျွမ်းကျင်မှုအပိုင်းဆိုတာ အောက်ခြေကစပျိုးထောင်ရတာ၊ ကျွမ်းကျင်မှုအပိုင်းမှာ လစ်ဟင်းသွားတော့ ဥပဒေအရ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပြုထားပေမယ့်လည်း အပြည့်အဝအဆင်မပြေဘူး"ဟု စီးပွားရေးပညာရှင် ဦးသန်းလွင်က သုံးသပ်ပြောကြားသည်။

"နိုင်ငံတကာမှာ ဗဟိုဘဏ်ဆိုတာ စီးပွားရေးပညာရှင်တွေ အမြောက်အမြား မွေးထုတ်တယ်၊ ဒီမှာကအဲ့ဒီလိုမရှိဘူး၊ နောက်ပိုင်းမှာတော့ ပညာရှင်တွေ နည်းနည်းထည့်သုံးလာတယ်။ ဘယ်လောက်ပဲထည့်ထည့် အောက်ခြေကစပျိုးထောင်ရမှာ၊ အဲ့ဒီအပိုင်းမှာတော့ နည်းနည်းအခက်အခဲရှိတယ်။ လွတ်လွတ်လပ်လပ် လုပ်နိုင်တဲ့အခြေအနေ ဖန်တီးပေးထားပေမယ့် လုပ်နိုင်တဲ့အခြေအနေမျိုး မရှိဘူး။ သမ္မတရုံးမှာရှိတဲ့ ဝန်ကြီးတွေကပဲ ထိန်းကျောင်းနေရတယ်၊ ပြောပါများတော့မှ ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာ အကူအညီတွေယူရတယ်၊ အကြံပေးတွေတွဲဖက်ထားတာရှိလာတယ်၊ ပြင်ပကအကြံဉာဏ် အတွေးအခေါ်တွေ ပျိုးထောင်ပေးလာတော့ အထိုက်အလျောက် ကျွမ်းကျင်မှုအပိုင်းတက်လာတယ်။ နဂိုတုန်းက ဗဟိုဘဏ်က ထဲထဲဝင်ဝင် မလုပ်နိုင်ဘူး။ ဝေဖန်ကြတာပေါ့၊ ဘေးကနေကြည့်နေရတော့ အားမရဘူး"ဟု ၎င်းက ထပ်မံပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ငွေကြေးတည်ငြိမ်ရန်လိုအပ်ပြီး ငွေကြေးတည်ငြိမ်မှုမရှိပါက ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုကိုလည်း အဟန့်အတားဖြစ်စေကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

"ဦးစံလင်းတို့လက်ထက်တုန်းကဆိုရင် ဗဟိုဘဏ်က ရှေ့ကပြေးနေတာ၊ နိုင်ငံခြားဘဏ် ၁၅ ခုလောက်ထိန်းထားတယ်၊ နိုင်ငံခြားဘဏ်တွေလှုပ်တောင်မလှုပ်ရဲဘူး၊ နောက်ပိုင်း နိုင်ငံခြားငွေဈေးလည်း မြင့်တက်လာပြီး မြန်မာကျပ်ငွေတန်ဖိုးကျဆင်းလာတယ်"ဟု ဦးသန်းလွင်က ပြောသည်။

မြန်မာနိုင်ငံ၏ ငွေလဲဈေးကွက်တွင် နှစ်ပေါင်း ၄၀ ကျော် ကြီးထွားနေသည့် တရားမဝင် ဟွန်ဒီဈေးကွက်ကို တရားဝင်ဈေးကွက်ထဲရောက်လာအောင် တဖြည်းဖြည်းချင်းဆောင်ရွက်ရန် ဗဟိုဘဏ်က အားပေးဖို့လိုအပ်ကြောင်း၊ တရားမဝင်ဈေးကွက် သိပ်ကြီးထွားနေပါက တိုင်းပြည်စီးပွားရေးပေါ်တွင် အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်း စီးပွားရေးပညာရှင်အချို့က ထောက်ပြသည်။

စီးပွားရေးပညာရှင် ဦးသန်းလွင်က "ဒီမှာက တရားမဝင် ဟွန်ဒီဈေးကွက်က ကြီးထွားနေတယ်။ ဟိုတုန်းက ဘဏ်လုပ်ငန်းစနစ်က မတိုးတက်သေးဘူး။ အစိုးရဘဏ်လုပ်ငန်းလောက်ပဲရှိတာ။ တဖြည်းဖြည်းကြီးထွားလာတော့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေ များလာလေလေ ငွေလွှဲတွေကများလေဖြစ်လာတယ်၊ ဟွန်ဒီက ပြည်တွင်းမှာရော ပြည်ပမှာပါရှိတယ်၊ လိမ်လည်မှုတွေလည်း အများကြီးရှိလာတယ်၊ တရားမဝင် ဈေးကွက်ကို တရားဝင်ဈေးကွက်ဖြစ်အောင်၊ အရေးကြီးတာက ဗဟိုဘဏ်က အားပေးဖို့လိုတယ်၊ ဗဟိုဘဏ်ရဲ့ အခန်းကဏ္ဍကအရေးကြီးတယ်။ အစိုးရသစ်လက်ထက်မှာ ဒါကိုဖောက်ချလုပ်ဖို့ လိုတယ်၊ တရားမဝင်ဈေးကွက်ကြီးက သိပ်ကြီးထွားနေရင် တိုင်းပြည်စီးပွားရေးပေါ်မှာ အကျိုးသက်ရောက်မှုရှိတယ်၊ အတက်အကျကြမ်းရင်သွားပြီ" ဟု ပြောသည်။

"အထူးသဖြင့် မီဒီယာနဲ့ တရင်းတနှီးရှိဖို့လိုတယ်။ အရင်တုန်းက ဗဟိုဘဏ်က မီဒီယာဆို သိပ်ကြောက်တာ၊ မဖြေရဲဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွမ်းကျင်မှုအပိုင်းမရှိလို့ဘဲ။ မီဒီယာကို အကြောင်းပြုပြီး တရားမဝင်ဈေးကွက်ကို ထိန်းကျောင်းဖို့ လိုတယ်၊ ဗဟိုဘဏ်မှာလည်း နိုင်ငံခြားငွေ အလုံအလောက်ရှိဖို့လိုတယ်၊ အဓိကက ဒေါ်လာပေါ့"ဟု ၎င်းက ထပ်မံပြောသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားနေပြီး အဓိက ဒေါ်လာငွေလိုအပ်ချက်မြင့်မားနေမှုနှင့် ငွေလဲလှယ်မှုကို ဗဟိုဘဏ်အနေဖြင့် တည်တည်ငြိမ်ငြိမ်ထိန်းကျောင်းပေးရန် လိုအပ်ကြောင်း၊ ယခုနောက်ပိုင်း ဗဟိုဘဏ်အနေဖြင့် ငွေလဲနှုန်းကို ဈေးကွက်ပေါက်ဈေးကိုကြည့်၍ နေ့စဉ် ၎င်းတို့စံထားသည့် သတ်မှတ်နှုန်းတစ်ခု သတ်မှတ်ပေးလျက်ရှိရာ ဈေးကွက်တွင် တည်ငြိမ်မှုရှိလာကြောင်း သိရသည်။

ဒေါ်လာငွေလဲလှယ်နှုန်းသည် ယခင်အစိုးရလက်ထက် ၂၀၁၅ ခုနှစ် နှစ်လယ် နောက်ပိုင်းမှစ၍ တစ်ဒေါ်လာ မြန်မာကျပ်ငွေ ၁၃၀၀ ရှိခဲ့ရာမှ အစိုးရသစ်တက်လာပြီးနောက်ပိုင်း ဒေါ်လာငွေတန်ဖိုးကျဆင်းလာပြီး ယနေ့အချိန်ထိ ငွေလဲဈေးကွက်တွင် တစ်ဒေါ်လာ မြန်မာကျပ်ငွေ ၁၁၀၀ ခန့်သာရှိကြောင်း ငွေလဲလှယ်သူများထံမှ သိရသည်။

**သတင်း-မင်းသစ်၊ ဓာတ်ပုံ-ဇော်မင်းလတ်**



**ကချင်ပြည်နယ် ပူတာအိုမြို့၌ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဓီးခေါင်-၂၀၁၆) စတုတ္ထနေ့ကို ဧပြီ ၂၂ ရက်က ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ မနောကွင်း၌ ကျင်းပရာ စုပေါင်း မနောအကဖြင့် ပျော်ရွှင်စွာ ဆင်နွှဲနေသည်ကို တွေ့ရစဉ်**
(ခရိုင် ပြန်/ဆက်)

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

**နေပြည်တော် ဧပြီ ၂၂**

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံး အညွှန်းကိန်းများမှာ နေပြည်တော်၌ ၅ ဒသမ ၅၊ ရန်ကုန်မြို့၌ ၉ ဒသမ ၂ နှင့် မန္တလေးမြို့၌ ၉ ဒသမ ၀ တို့ဖြစ်ကြသည်။


**(မိုး/ဇလ)**

## ဧပြီ ၂၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၀၀၀ မှ ၄၃၀၀၀ |
| ၂။ | ဇီရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၆၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၉၂၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၅၂၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၃၀ မှ ၁၈၀၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ အောင်လံ၊မြင်းခြံ၊မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅ မှ ၅၀၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ မှ ၄၂၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၂။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ဝါးခယ်မ၊ရွှေလောင်း၊ ပန်းတနော်၊ဟင်္သာတ၊ဇီယက်နမ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၂၀၀ |
| ၁၃။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၇၉၀ |
| ၁၄။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၅။ | သရက်သီး(မချစ်စု) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၃၁၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**



# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မစ္စတာ ဒန်နီရယ် ဇွန်ရှိုင်းသည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-အစ္စရေး မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကုန်တင်နောက်တွဲယာဉ်ကြီးများ မန္တလေး - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ အချိန်ခွဲခြားသွားလာခွင့်ပြုရေးဆွေးနွေး



**နေပြည်တော် မေ ၂၂**

မန္တလေး - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် မြန်မာပြည်အနှံ့အပြားနှင့် တရုတ်ပြည်သို့ ဆက်သွယ်သည့် အဓိကကုန်သွယ်ရေးလမ်းကြောင်းတစ်ခု အပါအဝင်ဖြစ်ပြီး ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ယာဉ်များနှင့် ယာဉ်ငယ်များ နေ့စဉ်ဖြတ်သန်းသွားလာသည့် လမ်းကြောင်းတစ်ကြောင်းဖြစ်ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပါက ခရီးသွားပြည်သူများ အချိန်နှင့်အမျှ သွားလာမှုအဆင်မပြေ ဖြစ်ခဲ့ရသည့်အတွက် ပြည်သူများသွားလာမှု အဆင်ပြေစေရေးကို ရှေးရှုလျက် ကုန်တင်ယာဉ်ကြီးများကို အချိန်ခွဲခြား၍ သွားလာခွင့်ပြုပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ မန္တလေး - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ခရီးလမ်းပန်းချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးတို့နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အချိန်ခွဲခြား၍ သွားလာခွင့်ပြုသော်လည်း ကုန်စည်စီးဆင်းမှုကို ထိခိုက်မှုမရှိအောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးတို့အတွက် အဓိကဦးစားပေးဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း၊ ပြည်သူများအတွက် သွားလာရေး အဆင်ပြေစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ BOT ကုမ္ပဏီနှင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း၊ ကုန်သည်ကြီးများအသင်းနှင့် ကုန်တင်ယာဉ်အသင်းတို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကုန်တင်နောက်တွဲယာဉ်ကြီးများကို အချိန်ခွဲခြား၍ သွားလာခွင့်ပြုရန်ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် BOT ကုမ္ပဏီ၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်သေတ္တာတင်ယာဉ်အသင်း၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကြည့်မြင်တိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၂၂**

ကြည့်မြင်တိုင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်(၁)မှ ဦးကျော်နန္ဒအောင်၊ မဲဆန္ဒနယ်(၂)မှ ဦးခင်ဝင်းတို့သည် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင် ဦးဆောင်သော မြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးမှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက အထက(၁)ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက တွေ့ဆုံရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်နှင့် ဦးခင်ဝင်းတို့က ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအတွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက လိုအပ်သည်များကို တင်ပြခဲ့ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မော်တော်ယာဉ်နှင့် ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးခြင်းဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ချီဖွေ၊ ဆော့လော်၊ ဖားကန့် |
| ၂။ | ကရင်ပြည်နယ် | ကော့ဘိန်း၊ ကော့ပေါက် |
| ၃။ | ချင်းပြည်နယ် | တီးတိန်၊ ဖလမ်း |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊<br>ဗန်းမောက်၊ ကွန်းလှ၊ မြို့သစ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါက်ခေါင်း၊ ကျောက်ကြီး |
| ၇။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ မြိုင် ဆိပ်ဖြူ ပွင့်ဖြူ<br>အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း၊ နွားထိုးကြီး၊ တံတားဦး၊<br>မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | ချောင်းဆုံ၊ ကျိုက်ထို |
| ၁၀။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | ရပ်စောက်၊ ဖယ်ခုံ၊ လင်းခေး၊<br>တန့်ယန်း၊<br>မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ မော်လမြိုင်ကျွန်း၊<br>မြန်အောင်၊<br>ကြံခင်း၊ ကျိုက်လတ် |

**(မြန်မာ့အလင်း)**



**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက် ဓမ္မပါလဖောင်ဒေးရှင်းမှ ဓမ္မပါလဆရာတော် ဦးဆောင်သော ကျန်းမာရေးအထောက်အပံ့အဖွဲ့သည် မေ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ မြို့နယ်အားကစားခန်းမ၌ မျက်စိဝေဒနာရှင်များကို အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးစဉ်** (မြို့နယ် ပြန်/ဆက်)

# ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီး အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၂**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း သဲဖြူချောင်းကျေးရွာ ပဏ္ဍိတာရာမတောရစခန်း အမျိုးသားယောဂီဓမ္မာရုံကြီး၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပည့်သံဃာ သီလရှင်ယောဂီများ၊ ဒါယကာ ဒါယိကာမများ... တပည့်ဒကာ ဒကာမများ

ဆိုင်ရာတာဝန်ရှိသူများ၊ တပည့်သံဃာ သီလရှင်ယောဂီများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသထံမှ ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာနာယက ဩစတြေးလျ ဆရာတော် အရှင်ပညာသာမိက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ရွှေကျင်နိကာယဗဟိုဌာန၏ သံဝေဂသဝဏ်လွှာကို မလေးရှားနိုင်ငံ နိဂြောဓာရာမ သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တနန္ဒသိဒ္ဓိက ဖတ်ကြားပူဇော်ပြီး အသောကာရုံဆရာတော် ဘဒ္ဒန္တနန္ဒသာရက သံဝေဂဂါထာဖြင့် ဖတ်ကြားပူဇော်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာနာယက ဘီးလင်းဆရာတော်ထံမှ သံဝေဂကထာတရားနာကြား၍ ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား တပည့်ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များက လက်ဆင့်ကမ်းသယ်ဆောင်ကာ ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ် ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သန့်စင်(ပဲခူး)၊ (သတင်းစဉ်)**

# နိုင်ငံတော်ကဆက်ကပ်သည့် အဘိဇမေဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော် အထူးတရားပွဲစည်ကား

**ရန်ကုန် မေ ၂၂**

နိုင်ငံတော်က လွတ်လပ်ရေးနေ့တွင် ဆက်ကပ်လှူဒါန်းခဲ့သော အဘိဇမေဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညိသရာဘိဝံသအား ထပ်ဆင့်ဂုဏ်ပြုပူဇော်သောအားဖြင့် အထူးတရားပွဲကို မေ ၂၁ ရက် ည ၈ နာရီခွဲက ရွှေလင်ပန်းစက်မှုဇုန်၊မူကြိုလမ်းဆုံအနီးရှိ အောင်ပြည့်ဖြိုးဦး စက်ရုံဝင်းအတွင်း၌ကျင်းပရာ ဆရာတော်ဉူးသုမင်္ဂလက တရားရေအေး အမြိုက်ဆေးသည့် တရားပွဲဖြင့်ပူဇော်ဂုဏ်ပြုခဲ့သည့်အတွက် တရားနာပရိသတ်တို့ဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



"နိုင်ငံတော်ကဆက်ကပ်လှူဒါန်းတဲ့ အမြင့်ဆုံးဘွဲ့ဖြစ်တဲ့ အဘိဇမေဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရဆရာတော် ငါးပါးမှာ လှိုင်သာယာမြို့နယ်မှ သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်ဆရာတော်လည်းရရှိတဲ့အတွက် ဆရာတော်တွေနဲ့တပည့်ဒကာတွေက ဂုဏ်ပြုပူဇော်တဲ့အထူးတရားပွဲပါ။ မြို့နယ်ထဲမှာရှိတဲ့ ပရဟိတလူငယ်အသင်းတွေ စုပေါင်းပြီး ညီညီညွတ်ညွတ်နဲ့လုပ်ဆောင်ခဲ့တဲ့ ထူးခြားတဲ့ပွဲလည်းဖြစ်တယ်။ မြန်မာပြည်မှာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ကိုရရှိခဲ့တဲ့အတွက် ဘာသာသာသနာနဲ့ မြို့နယ်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်နေကြပါတယ်" ဟု မြို့နယ်သံဃနာယကအကျိုးတော်ဆောင်ဆရာတော် ဦးခေမိန္ဒက ပြောသည်။

ဆရာတော်ကြီးအားဂုဏ်ပြုပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဘဒ္ဒန္တစိန္တိတာလင်္ကာရ( နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)၊ ဘဒ္ဒန္တကုန္တက(တွံတေးဆရာတော်၊ နိုင်ငံကျော် ဓမ္မကထိကဆရာတော်)နှင့် ဘဒ္ဒန္တသုမင်္ဂလ(ဒယ်အိုးဆရာတော်၊ နိုင်ငံကျော် ဓမ္မကထိကဆရာတော်)တို့က ပူဇော်ပွဲဖြစ်မြောက်ရေးနာယကဆရာတော်ကြီးများအဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး လူပုဂ္ဂိုလ်နာယကများအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ကပူဇော်ဆောင်ရွက်ခဲ့ကာ ယင်းနေ့ည အထူးတရားပွဲမှရရှိသော ဓမ္မပူဇာငွေကျပ် ၄၃ သိန်းကို ဆရာတော် ဘဒ္ဒန္တပညိသရာဘိဝံသထံ ဆက်ကပ်လှူဒါန်းကာ တရားနာပရိသတ် ၇၀၀၀ ခန့် တက်ရောက်ပူဇော်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

# နှစ်သစ်မင်္ဂလာ ကုသိုလ်ပြုလှူဒါန်း

**ပုသိမ် မေ ၂၂**

မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်)က ပုသိမ်မြို့ အမှတ်(၄၉) တာဝတိံသာလမ်းနေ ဦးလှကြည်(သတင်းထောက်/ စာရေးဆရာ)နှင့်ဇနီး မိသားစုက နေအိမ်၌ မြန်မာနှစ်သစ်မင်္ဂလာကုသိုလ်အဖြစ် လူမျိုးဘာသာမရွေး ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်များ လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲသို့ ဘိုကလေးမြို့နယ် သတင်းထောက် ဦးဌေးနိုင်၊ ရေကြည်မြို့နယ်သတင်းထောက် ဦးမင်းဇော်ဦးနှင့် ပုသိမ်မြို့နယ်ရှိ သတင်းမီဒီယာများလည်း ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**



# လေပြင်းတိုက်ခတ်ပြီး မိုးသီးရွာသွန်းခဲ့မှုကြောင့် ထိခိုက်ခဲ့သောအိမ်ထောင်စုများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**ပင်လည်ဘူး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် နားလုံကျေးရွာ၌ မေ ၁၆ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးသီးများရွာသွန်းမှုကြောင့် လူနေအိမ်များ ထိခိုက်နစ်နာဆုံးရှုံးမှုများရှိခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌတို့သည် မေ ၁၉ ရက်က အဆိုပါကျေးရွာသို့ သွားရောက်ပြီး ထိခိုက်နစ်နာဆုံးရှုံးခဲ့သော အိမ်ထောင်စုများအား တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ထောက်ပံ့သော သွပ်၊ စောင်၊ အဝတ်အထည်နှင့် အခြားထောက်ပံ့ပစ္စည်းများကို လွှဲပြောင်းပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့နယ်အဆင့် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း(CCA) သင်တန်းဖွင့်

**လက်ပံတန်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ မြို့နယ်အဆင့် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း (CCA)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ပထမပတ်က အထက(၁) လက်ပံတန်း နဝဒေးခန်းမ၌ ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မေသက်နွယ်က CCA သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်သော သင်တန်းသား ဆရာ ဆရာမများအား ဆရာများအဖြစ်မဟုတ်ဘဲ ဆွေးနွေးလမ်းညွှန်သူများအဖြစ် ကလေးများအား လေ့ကျင့်ပေးသွားရန် အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် တိုင်းနည်းပြ သုံးဦး၊ မြို့နယ်အဆင့်နည်းပြ ၅၃ ဦးဖြင့် သင်တန်းသား ၉၄၃ ဦးကို သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ရော်ဂျာရိုင်နာ(နယ်သာလန်)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်၊ ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းသိမ်း၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုး-ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ ဇာဇာမြင့်၊ နောက်တန်း-ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ အေးအေးမိုး၊ ငုဝါသဲ၊ ဇာခြည်ဦး၊ ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ လွဲလွဲလှိုင်၊ ဇင်မာထွန်း၊ ခင်သန်းဝေ၊ အလယ်တန်း-ဝင်းသီဂီထွန်း၊ အေးမျိုးမြတ်၊ မေစံပယ်ဖူး၊ ရူပါခိုင်၊ နော်အားလိုဝါးဖော၊ ခင်မို့မို့ထွန်း၊ ခင်မာလာထွန်း၊ ရှေ့တန်း-ခင်မိုးဝေ၊ ရီရီဦး၊ နီလာဝင်း၊ လှယဉ်ဝင်းနှင့် မေသူကျော်တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စု(ခ)တွင် ဩစတြေးလျ၊ မလေးရှား၊ တီမောအသင်းတို့နှင့်အတူကျရောက်နေပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

# နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး ကျူးဘားနှင့် အမေရိကန်သဘောတူ

**ဟာဗားနား ဧပြီ ၂၂**

အမေရိကန်၏ ပထမဆုံးတရားဝင်ယဉ်ကျေးမှုဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားသို့ လေးရက်ကြာခရီး သွားရောက်ခဲ့စဉ် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုလေးနက်စေရန် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့သည်။

အမေရိကန်၏ လူသားမျိုးနွယ်နှင့် အနုပညာအဖွဲ့တွင် အဖွဲ့ဝင် ၇၀ ကျော်ပါဝင်ပြီး နောင်လာမည့် ပူးပေါင်း ဆောင်ရွက်မှုများအတွက် စိန်ခေါ်မှုများနှင့် ပြောင်းလဲမှုများအတွက် ပေါ်ပေါက်လာမည့် အခွင့်အလမ်းအသစ်များကို ဆွေးနွေးရန်နှင့် နှစ်နိုင်ငံယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုကိုတိုးမြှင့်ရန် ဧပြီ ၁၈ ရက်က ဟာဗားနားသို့ ရောက်ရှိခဲ့သည်။

အမေရိကန် အမျိုးသားအနုပညာထောက်ပံ့ရေးအဖွဲ့သည် ကျူးဘားသို့ အလည်ရောက်စဉ် အစိုးရရန်ပုံငွေပေးလှူရန် ဆုံးဖြတ်ခဲ့ပြီး ကျူးဘားတွင် အမေရိကန်အနုပညာရှင်များ လာရောက်ဖျော်ဖြေတင်ဆက်မှုကိုလည်း ခွင့်ပြုပေးမည်ဖြစ်သည်။ ယခုကဲ့သို့ ကျူးဘားနှင့် ဆက်ဆံရေးကနဦးအစတွင် ဘဏ္ဍာရေးဆိုင်ရာ ကူညီထောက်ပံ့မှုပေးခြင်းမှာ အမေရိကန်အစိုးရအနေဖြင့် ပထမဆုံးအကြိမ်ဖြစ်လိမ့်မည်ဟု အမေရိကန်အမျိုးသား အနုပညာထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌ ဂျိန်းချူက ပြောခဲ့သည်။

**(ဆင်ဟွာ)**

# မလက္ကာရေလက်ကြားအဖွဲ့ဝင် လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့် ကျင်းပ

**စင်ကာပူ ဧပြီ ၂၂**

အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှ ရေတပ်အကြီးအကဲများသည် မလက္ကာရေလက်ကြား ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားအဖြစ် စင်ကာပူနိုင်ငံ ချန်ဂီရေတပ် အခြေစိုက်စခန်း၌ ကြာသပတေးနေ့က ကျင်းပစဉ် တက်ရောက်ခဲ့ကြသည်။

မလက္ကာရေလက်ကြား ကင်းလှည့်နိုင်ငံများ (အမ်အက်စ်ပီ)သည် ရေလက်ကြား ပူးပေါင်းဆောင်ရွက်ရေးအစီအမံများကို ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထောက်လှမ်းရေး သတင်းအချက်အလက်များ ဖလှယ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောသည်။ အဆိုပါ မလက္ကာရေလက်ကြား ပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၆ ခုနှစ် ဧပြီ ၂၁ ရက်က လက်မှတ်ရေးထိုးခဲ့ရာ ရေလမ်းကြောင်း လုံခြုံရေးမှာ တိုးတက်ခဲ့သည်ဟုဆိုသည်။ စင်ကာပူကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ဟယ်ရီလင်းသည် အဖွဲ့ဝင်လေးနိုင်ငံမှ ရေတပ်အကြီးအကဲနှင့် ဒုတိယအကြီးအကဲများ ပါဝင်တက်ရောက်ကာ ကြာသပတေးနေ့က အမ်အက်စ်ပီ လိုဂိုတံဆိပ်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

**(ဆင်ဟွာ)**



# အီကွေဒေါနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရုရှားပေးပို့

**မော်စကို ဧပြီ ၂၂**

ရုရှားနိုင်ငံသည် ငလျင်ဒဏ်ခံစားခဲ့ရသော အီကွေဒေါသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့ခဲ့ကြောင်း ရုရှားအရေးပေါ်ဆိုင်ရာ အကူအညီပေးရေးဝန်ကြီးဌာနက ဧပြီ ၂၁ ရက်တွင် ပြောခဲ့သည်။

ရုရှား IL-76 လေယာဉ်က အစားအစာများ၊ ရွက်ဖျင်တဲများ၊ ဖုန်းနှင့်ဆက်စပ်သော ပစ္စည်းများကို ဖြန့်ဝေပေးခဲ့ကြောင်း ဝန်ကြီးဌာန၏ အွန်လိုင်းသတင်းဖော်ပြချက်တွင် ရေးသားဖော်ပြခဲ့သည်။ အီကွေဒေါတွင် ၁၉၇၉ ခုနှစ်ကတည်းက လှုပ်ခတ်ခဲ့သော ငလျင်များထက် ယခုလှုပ်ခတ်ခဲ့သောငလျင်မှာ ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိပြီး ပြင်းအား အများဆုံးဖြစ်ကြောင်းသိရသည်။

**(ဆင်ဟွာ)**

# ထိုင်းဆန္ဒပြမှုများ၏နောက်ကွယ်တွင် သက်ဆင်ရှိသည်ဟု ချန်အိုချာစွပ်စွဲ

**ဗန်ကောက် ဧပြီ ၂၂**

မကြာသေးမီကဖြစ်ပွားခဲ့သော ဆန္ဒပြမှုများ၏ နောက်တွင် ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာရှိနေသည်ဟု ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက စွပ်စွဲလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

စစ်အစိုးရ၏ သဘောတူညီမှုကို ဖောက်ဖျက်မှုဖြင့် ဖူထိုင်းပါတီ ဝမ်တနာမောင်စွတ်၏ အဓိကခေါင်းဆောင်များ ဖမ်းဆီးထားမှုကို ဆန့်ကျင်ဆန္ဒပြရန် လူအနည်းငယ်ပါဝင်သော ဆန္ဒပြသူလူအုပ် တစ်စုသည် မြို့တော် ဗန်ကောက်တွင် ယခုအပတ်က စုဝေးခဲ့ကြကြောင်း သိရသည်။

ဆန္ဒပြမှုများ၏နောက်ကွယ်က မည်သူဖြစ်သနည်းဟု သတင်းထောက်များက ဝန်ကြီးချုပ် ချန်အိုချာကို မေးမြန်းရာ ချန်အိုချာက ဒါတွေကို ဘယ်သူလုပ်တာလဲ၊ သူတို့ကို ဘယ်သူတွေက ထောက်ပံ့မှုတွေလုပ်နေသလဲ။ ဒီအစီအစဉ်တွေကို ဘယ်သူချမှတ်တာလဲ။ ပထမဆုံးအနေဖြင့် ပြည်ပထောက်ခံတွေလား၊ သက်ဆင်လားဟု ပြောခဲ့သည်။ သက်ဆင်ထောက်ခံသူ ယခင်နိုင်ငံခြားရေး ဝန်ကြီးဟောင်း နော့ပါထန်ပတ်တရာက သက်ဆင်သည် ဆန္ဒပြမှုများကို စုစည်းရန် တခြား တိုင်းပြည်မှ သူများကို ငှားရမ်းခြင်းမရှိဟု ပြောခဲ့သည်ကို ဗန်ကောက်ပို့စ် သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**



# ပါရီရာသီဥတုဆိုင်ရာ လက်မှတ်ရေးထိုးပွဲ ၁၇၁ နိုင်ငံ တက်ရောက်

**ဂျီနီဗာ ဧပြီ ၂၂**

ပါရီ ရာသီဥတုသဘောတူညီချက် အဆင့်မြင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲ ၆၀ ခန့်အပါအဝင် နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

နိုင်ငံများအားလုံးအနေဖြင့် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီမှုကို အရေးကြီးအဆင့်အဖြစ် သတ်မှတ်ပြီး လျင်လျင်မြန်မြန် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်ကို ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါအခမ်းအနားကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ သောကြာနေ့က လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဗင်နီဇွဲလားတွင်မိုးခေါင်မှုကြောင့် ဓာတ်အား တစ်နေ့လေးနာရီဖြတ်တောက်မည်

**ကာရာကတ် ဧပြီ ၂၂**

ဗင်နီဇွဲလားနိုင်ငံတွင် ပိုမိုဆိုးရွားလာသော စွမ်းအင်အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် လာမည့်သီတင်းပတ်မှစ၍ တစ်ရက် လေးနာရီကြာ ဓာတ်အားဖြတ်တောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

မိုးခေါင်မှုကြောင့်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန် အခက်အခဲရှိ၍ ရက်ပေါင်း ၄၀ ကြာ ဓာတ်အားဖြတ်တောက်သွားမည်ဟုဆိုသည်။ ဗင်နီဇွဲလားနိုင်ငံသည် ရေနံတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်ပြီး ရေနံဈေးသိသိသာသာကျဆင်းမှုကြောင့် စီးပွားရေးထိခိုက်လျက်ရှိရာ အဆိုပါ လျှပ်စစ်ဓာတ်အားဖြတ်တောက်ရေးအစီအစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ၏ အဓိကရေနံကုမ္ပဏီကြီးများမှာ ဆရီဝါနှင့်ပိုလာတို့ဖြစ်ကြပြီး နိုင်ငံအနေဖြင့် ပြည်ပမှ ဒေါ်လာဝင်ငွေမရ၍ ထုတ်လုပ်မှုကို ရပ်ဆိုင်းရလိမ့်မည်ဟု ဆိုသည်။ ယင်းအခြေအနေများကြောင့်ဗင်နီဇွဲလားနိုင်ငံ၏စွမ်းအင်ကို ချွေတာသည့်အနေဖြင့် တစ်နေ့ကို လေးနာရီကြာဓာတ်အား ဖြတ်တောက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးလူးဝစ်မော်တာနိမီ ကွက်ဇ်က ကြာသပတေးနေ့တွင် ကြေညာသည်။

**(ဘီဘီစီ)**

# အီရတ်၏ ဆင်းရဲမွဲတေမှုနောက်ဆက်တွဲပြဿနာ

**သက်မွန်ဦး(မြန်မာ့အလင်း)**



"ဆင်းဆင်းရဲရဲ အသက်ရှင်ရတာထက်စာရင် ကျွန်မရဲ့ ကျောက်ကပ်ကိုရောင်းလိုက်တာပဲ ကောင်းပါတယ်"ဟု အမ်ဟူစိန်ကပြောသည်။

အမ်ဟူစိန်ဟာစိတ်ပျက်ကြေကွဲနေတဲ့ မိခင်တစ်ဦးပဲဖြစ်ပါတယ်။ သူ့အမျိုးသားရယ်၊ ကလေးလေးယောက်ရယ်ဟာ တခြားသော ဆင်းရဲသား အီရတ်သန်းပေါင်းများစွာလိုပဲ ဘဝကို ရုန်းကန်လှုပ်ရှားနေတုန်းပါပဲ။

ခင်ပွန်းဖြစ်သူ အလီကလည်း အလုပ်လက်မဲ့။ ဆီးချိုရောဂါအပြင် နှလုံးရောဂါပါခံစားနေရသူ။ အမ်ဟာ ပြီးခဲ့တဲ့ ကိုးနှစ်လုံးလုံး အိမ်ရှင်မတစ်ဦးအနေနဲ့ မိသားစုကို ခြစ်ခြုတ် ရှာဖွေကျွေးနေရသူပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုအချိန်မှာ ပင်ပန်းနွမ်းနယ်ပြီး အလုပ်တွေကို သိပ်မလုပ်နိုင်တော့ပါဘူး။

အခုချိန်မှာ ပင်ပန်းလွန်းလို့ အိမ်ငှားခ၊ ဆေးဖိုးဝါးခ၊ ကလေးတွေအတွက် လိုအပ်ချက်တွေကိုလည်း မဖြည့်ဆည်းပေးနိုင်တော့ဘူးလို့ မစ္စစ်ဟူစိန်က ဘဂ္ဂဒက်အရှေ့ပိုင်းမှာ ယာယီနေထိုင်ရင်းပြောပါတယ်။ ယခင် သူတို့နေထိုင်သော အိမ်ဟာ လပိုင်းအနည်းငယ်ခန့်က ပျက်စီးသွားခဲ့ပြီး ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတွေ အကူအညီနဲ့ အသက်ရှင်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

"ကျုပ်လည်း တတ်နိုင်သမျှ အလုပ်ရှာကြံလုပ်ခဲ့တာပဲ။ အသားရောင်းတယ်။ နေ့စားအလုပ်၊ ရော်ဘာခြစ်တဲ့အလုပ် စုံလို့ပါပဲ။ ပိုက်ဆံတစ်ပြားမှ မတောင်းခဲ့ဘူး။ သူတို့က ပေးပါတယ်။ စားစရာတောင် မတောင်းခဲ့ဘူး"လို့ အမ်ရဲ့ ခင်ပွန်းဖြစ်သူက ဖြည့်စွက်ပြောပါတယ်။

စားစရာအတွက် လမ်းကြိုလမ်းကြားထဲက စွန့်ပစ်ထားတဲ့ ပေါင်မုန့်အပိုင်းအစတွေကို ကောက်ခဲ့ဖို့ ကလေးတွေကို ပြောရုံကလွဲပြီး ပိုက်ဆံနဲ့စားစရာကို ဘယ်တုန်းကမှ မတောင်းခံခဲ့ဖူးဘူးလို့ သူကဆက်ပြောပြပါတယ်။

အဲဒီလို မရှိဆင်းရဲခြင်းတွေနဲ့ ရင်ဆိုင်လာရတဲ့အခါ မစ္စစ်ဟူစိန်အတွက် ကြီးမားတဲ့စွန့်လွှတ်မှုကြီးကို စတင်ဖို့ဖြစ်လာပါတော့တယ်။ ကျောက်ကပ်ရောင်းဖို့ ဆုံးဖြတ်ထားကြောင်း၊ မိသားစုကိုဆက်ပြီး မထောက်ပံ့နိုင်တော့ကြောင်း၊ ဒါကြောင့် ဆင်းဆင်းရဲရဲ အသက်ရှင်ခြင်းထက် သူ့ခန္ဓာကိုယ်အစိတ်အပိုင်းကို ရောင်းချဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ပြောပါတယ်။

သူတို့ဇနီးမောင်နှံဟာ ကျောက်ကပ်ရောင်းချဖို့ တရားမဝင် ဝယ်ယူမယ့်သူတွေဆီ ချဉ်းကပ်ခဲ့ပေမယ့် စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ပြီးတဲ့အခါမှာ အစားထိုးကုသဖို့ ကျန်းမာရေးနဲ့မပြည့်စုံတဲ့အတွက် အရောင်းအဝယ် မဖြစ်ခဲ့ပါဘူး။ စိတ်ပျက်လွန်းတဲ့အတွက် သူတို့နှစ်ဦးဟာ ကြံရာမရတဲ့အဆုံးမှာ သားဖြစ်သူရဲ့ ကျောက်ကပ်ကို တောင်ရောင်းဖို့ စိတ်ကူးခဲ့ကြောင်း ကိုးနှစ်အရွယ်သားငယ်ကို လက်ညှိုးထိုးပြီး အလီက နာကြည်းစွာပြောပြခဲ့ပါတယ်။

တောင်းစားတာကလွဲလို့ ကျန်တာအကုန်လုပ်မယ်။ ဘာလို့ ကမ္ဘာပေါ်မှာ ဒီအဖြစ်မျိုးနဲ့ အသက်ရှင်ရပ်တည်နေရတာလဲလို့ ယူကျုံးမရ စကားလည်းဆိုပါတယ်။

**ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်း ရောင်းဝယ်မှုကြီး**

ဘဂ္ဂဒက်မှာ ဆင်းရဲချို့တဲ့မှုကြောင့် ကျောက်ကပ်နှင့် အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများ မှောင်ခိုရောင်းချမှု တွင်ကျယ်နေပါတယ်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဘဏ်ကိန်းဂဏန်းစစ်တမ်းများအရ အီရတ်နိုင်ငံရဲ့ လူဦးရေ သန်းပေါင်း ၃၀ နီးပါး၊ ၂၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် အလွန်အမင်းဆင်းရဲမှုဒဏ် ခံစားနေရတယ်လို့ ဖော်ပြထားပါတယ်။

အရှေ့အလယ်ပိုင်းဒေသတစ်ဝန်း ကိုယ်အင်္ဂါအစိတ်အပိုင်း ရောင်းဝယ်ရေးအဖြစ် နိုင်ငံသားဆင်းရဲသူများကို ပစ်မှတ်ထားပြီး ကျောက်ကပ်တစ်ခုလျှင် အမေရိကန်ဒေါ်လာ တစ်သောင်းအထိ ကမ်းလှမ်းပေးဝယ်မှုများရှိနေကြောင်း သိရပါတယ်။ ဈေးကွက်တွင်ကျယ်မှုကြောင့် သက်ဆိုင်ရာအာဏာပိုင်များကလည်း အရေးယူမှုတွေကို ထိရောက်စွာမပြုလုပ်နိုင်ကြောင်း လူ့အခွင့်အရေးသမား ရှေ့နေတစ်ဦးကပြောပါတယ်။

ပြီးခဲ့တဲ့သုံးလကျော်အတွင်း ကျောက်ကပ်ရောင်းချသူပေါင်း ၁၂ ဦးခန့် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆင်းရဲချို့တဲ့မှုအကြောင်းရင်းခံကြောင့် ရောင်းချခြင်းဖြစ်ကြောင်း ၎င်းကပြောပါတယ်။ အလုပ်လက်မဲ့ဖခင်များက သားသမီးများအတွက် ဝင်ငွေလုံလောက်စွာမရှာဖွေနိုင်သဖြင့် သူတို့ကိုယ်သူတို့ စွန့်လွှတ်အနစ်နာခံမှုများ ပြုလုပ်တာဖြစ်ကြောင်း၊ သူတို့ကို ကယ်တင်ရမှာဖြစ်ကြောင်းလည်း ပြောပါတယ်။

၂၀၁၂ ခုနှစ်က လူနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ မှောင်ခိုရောင်းချမှုကိုတားဆီးရန် အစိုးရက ဥပဒေသစ်တစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ သဘောတူခွင့်ပြုချက်ဖြင့် ဆွေမျိုးသားချင်း အချင်းချင်းသာ ကိုယ်အင်္ဂါများကို လှူဒါန်းခွင့်ပြုကြောင်း သတ်မှတ်ထားတယ်လို့ သိရပါတယ်။ ဒါကြောင့် မှောင်ခိုသမားများက ရောင်းသူဝယ်သူ ဆက်စပ်ပတ်သက်တဲ့ သက်သေခံအချက်အလက်မှတ်တမ်းမှတ်ရာများကို အတုပြုလုပ်ခြင်းများရှိလာပါတယ်။ ပြစ်မှု ပြစ်ဒဏ်အနေဖြင့် ကျူးလွန်သူများကို ထောင်ဒဏ်သုံးနှစ်မှ သေဒဏ်အထိ ချမှတ်နိုင်ကြောင်းလည်း သိရပါတယ်။

**မားယွင်းသော ရောင်းဝယ်မှု**

လုံခြုံရေးစစ်ဆေးရေးဂိတ် အထပ်ထပ်ကို ဖြတ်ကျော်လျက် အီရတ်ထောင်၌ ကျောက်ကပ်ရောင်းချဖို့ ကမ်းလှမ်းမှုနဲ့ အကျဉ်းကျနေတဲ့ မိုဟာမက်နှင့် တွေ့ဆုံပြီး မေးမြန်းမှုများပြုလုပ်ခဲ့ပါတယ်။ ၎င်းနှင့်အတူ အခြား ၁၀ ဦးဟာ ကိုယ်အင်္ဂါအစိတ်အပိုင်း မှောင်ခိုရောင်းချမှုနှင့် လုံခြုံရေးအမြင့်ဆုံးထားပြီး အကျဉ်းကျ ခံထားရခြင်းဖြစ်ကြောင်း သိရပါတယ်။ အစပိုင်းမှာ ၎င်းတွင် အပြစ်ရှိတယ်လို့ မခံစားရကြောင်း ကလေးနှစ်ဦး ဖခင်ဖြစ်သူ မိုဟာမက်က ပြောပါတယ်။

သူဟာ ယခင်က အဆိုပါကိစ္စကို လူသားချင်းစာနာထောက်ထားမှုအဖြစ် ရှုမြင်ခဲ့ကြောင်း၊ လအနည်းငယ်ကြာလာသည့်အခါ ယင်းကုန်သွယ်မှုအပေါ် လူ့ကျင့်ဝတ်အရ မေးခွန်းထုတ်မိလာကြောင်း၊ ကိုယ်အင်္ဂါ ရောင်းချသူအများစုဟာ စိတ်ပျက်ဖွယ်ရာအခြေအနေဆိုးကြောင့်သာဖြစ်ကြောင်း၊ ငွေအတွက် လူတွေ ယင်းအပြုအမူပြုလုပ်နေတာကို မြင်ရခြင်းက သူ့ကိုနာကျင်စေကြောင်း ပြောပါတယ်။ သူဟာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ဘဂ္ဂဒက် အစိုးရပြည်သူ့ဆေးရုံရှေ့မှာ အဖမ်းခံလိုက်ရပါတယ်။

ကိုယ်အင်္ဂါအစိတ်အပိုင်း တရားမဝင်ရောင်းချမှုအများဆုံးမှာ အထူးသဖြင့် ကာဒစ္စတန်ရှိပုဂ္ဂလိကဆေးရုံများမှာ အဖြစ်များကြောင်း မိုဟာမက်ရဲ့ပြောပြချက်အရ သိရပါတယ်။ ယင်းနေရာများမှာ စစ်ဆေးကန့်သတ်မှုများဟာ ဘဂ္ဂဒက်ထက်လျော့ရဲကြောင်း သူကပြောပါတယ်။ သို့သော်လည်း နိုင်ငံတစ်ဝန်းရှိ ဆေးရုံများမှာ အဆိုပါခွဲစိတ်မှုများရှိနေသေးတဲ့အတွက် ထိန်းချုပ်ဖို့ ခက်ခဲနေဆဲပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ ယင်းလုပ်ရပ်များကြောင့်လည်း ဟူစိန်မိသားစုကို သက်သာရာရစေမည်ဟု မထင်မိပါ။

Ref;http.//www.bbc.com

> **အရှေ့အလယ်ပိုင်းဒေသတစ်ဝန်း ကိုယ်အင်္ဂါ အစိတ်အပိုင်း ရောင်းဝယ်ရေးအဖြစ် နိုင်ငံသားဆင်းရဲသူများကို ပစ်မှတ်ထားပြီး ကျောက်ကပ်တစ်ခုလျှင် အမေရိကန်ဒေါ်လာ တစ်သောင်းအထိ ကမ်းလှမ်းပေးဝယ်မှုများရှိနေ၊ ဈေးကွက်တွင်ကျယ်မှုကြောင့် သက်ဆိုင်ရာအာဏာပိုင်များကလည်း အရေးယူမှုတွေကို ထိရောက်စွာ မပြုလုပ်နိုင်။**

## ဩစတြေးလျသတင်းစာဆရာအား Anzac ငြိမ်းချမ်းရေးဆုချီးမြှင့်

**ဆစ်ဒနီ ဧပြီ ၂၂**

ဩစတြေးလျသတင်းစာဆရာ ပီတာဂရစ်တီအား ၂၀၁၆ Returned and Services League (RSL)Anzac Peace Prize ဟူသော ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခဲ့သည်။ ဂရစ်တီသည် အယ်ဂျာဇီးယား၌ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ဒေသ၌ ဖြစ်ပွားခဲ့သည့် ဆူပူအုံကြွမှု သတင်းရယူရန် ကြိုးပမ်းမှုဖြင့် ရက်ပေါင်း ၄၀၀ ကြာ အီဂျစ်ထောင်သို့ပို့ခဲ့သည်။ RSLR မှ အကြီးအကဲဖြစ်သူ ကင်းဒိုလန်က ဂရစ်တီသည် ယခုငြိမ်းချမ်းရေးဆုနှင့် ထိုက်တန်ကြောင်း ပြောခဲ့သည်။

ဂရစ်တီး၏ ကိုယ်ကျိုးမကြည့်မှု၊ လူမှုဝတ္တရားကျေပွန်မှုတို့အတွက် ပြင်းထန်သော စိတ်ခံစားမှုတို့က Anzac ငြိမ်းချမ်းရေးဆုကို သိမ်းပိုက်ခဲ့ကြောင်း ဒိုလန်က ထပ်လောင်းပြောကြားခဲ့သည်။

၎င်းသည် ထောင်မှလွတ်လာပြီးနောက် ကမ္ဘာကြီး၌ ဖြစ်ပျက်နေသော အမှန်တရားများကို ဖော်ထုတ်ရန်ကြိုးစားသည့် မိမိနှင့်ဘဝတူ ထောင်ကျနေသည့် သတင်းစာဆရာများအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ ၎င်းသည် မတရားမှုများကို တိုက်ခိုက်ရန်အတွက် အလွန်စိတ်ဓာတ်ကြံ့ခိုင်သည်။

၁၉၁၅ခုနှစ်တွင် တူရကီနိုင်ငံ ဂါလီပိုလီကမ်းခြေ၌ ဩစတြေးလျနှင့် နယူးဇီလန်တပ်ဖွဲ့၏ နှစ်ပတ်လည်နေ့တွင် Anzac Day ကို ကျင်းပခြင်းဖြစ်သည်။ ယခုနှစ်တွင် Anzac Dayကို ဧပြီ ၂၅ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။

(ဆင်ဟွာ)

▬ ဆုရည်

## အကြီးမားဆုံးထုံးကျောက်တွေ့ရှိ

**ဒါကာ ဧပြီ ၂၂** ■ မွန်လေး

နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုက ဘူမိဗေဒသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်ရာ ဘင်္ဂလားဒေ့ရှ်၏ မြို့တော် ဒါကာနှင့် ၂၄၇ကီလိုမီတာအကွာတွင်ရှိသော နာဂိုရန်ခရိုင်တွင်မပျက်စီးဘဲ အကြီးမားဆုံးတည်ရှိနေမည့် ထုံးကျောက်တုံးတစ်တုံးကို တွေ့ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အစိုးရက ပြောခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ဘူမိဗေဒစူးစမ်းရှာဖွေရေးအဖွဲ့က မြေမျက်နှာပြင်အောက် ၂၂၁၄ပေတွင် ယင်းကျောက်တုံးကို တွေ့ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် စွမ်းအင်ဝန်ကြီးနာဆာရာဟာမဒ်ကဧပြီ၂၁ ရက်က ပြောခဲ့သည်။ ယင်းကျောက်တုံးသည် နိုင်ငံအတွင်း ရှာဖွေတွေ့ရှိခဲ့သော အကြီးမားဆုံးကျောက်တုံးဖြစ်ပြီး ဧရိယာစတုရန်း ၅၀ ကီလိုမီတာကျော်ရှိသောကြောင့် အရွယ်အစားကို အတိအကျသတ်မှတ်ရန် စောသေးကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

# စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်အချို့ပျက်စီး

**ခင်ဦး ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် မြို့ပေါ်ရပ်ကွက်တချို့၌ ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းက မိုးသီးများ အနည်းငယ် ကျရောက်ခဲ့သည်။ ရွှေမင်းဝံ၊ ပါရမီ၊ နန်းဦးမြို့သစ်ရပ်ကွက်များတွင် အဆိုပါ မိုးသက်လေပြင်းနှင့်အတူ မိုးသီး မိုးများပါကျခဲ့ပြီး နေရာအချို့တို့တွင် သစ်ပင်များမှ သစ်ကိုင်းများ ကျိုးကျခြင်း၊ နေအိမ်အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အလားတူ ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း မိုးရေချိန် ၀ ဒသမ ၁၂ လက်မခန့်ရွာသွန်းပြီး မိုးသက်လေပြင်းတိုက်ခတ်၍ မိုးသီးများပါ ရွာသွန်းသဖြင့် ကျေးရွာ ၁၀ ရွာရှိ ဘုရားစေတီ၊ သာသနိကအဆောက်အအုံ၊ စာသင်ကျောင်း၊ လူနေအိမ်များ ပျက်စီးခဲ့သည်။



အဆိုပါလေပြင်း တိုက်ခတ်မှုကြောင့် အိုင်ပေါက်ကြီးကျေးရွာ၊ ဗအိုးကျေးရွာ၊ သာဝတ္ထိကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ ကလုံကျေးရွာ၊ ပင်တင်းကျေးရွာ၊ ကျွန်းတောကြီးကျေးရွာ၊ အုံးပင်ကုန်းကျေးရွာ၊ ယောက်သင့်ကန်ကျေးရွာနှင့် ပိတောက်ကုန်းကျေးရွာတို့၌ ပျက်စီးခဲ့ကြောင်း ကနဦး သတင်းအရ သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုတာဝန်ခံ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်လျက်ရှိရာ လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေပျောက်မှုမရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ၊ (ဝဖဖ)**

# စစ်ကိုင်းမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**စစ်ကိုင်း ဧပြီ ၂၂**

စစ်ကိုင်းမြို့နယ်အတွင်း ကျေးရွာများဖြစ်သည့် ကျောင်းဖြူ တလိုင်းနှင့် စဥ့်ကိုင်ကျေးရွာများ၌ ဧပြီ ၂၁ ရက် ည ၇ နာရီခန့်က မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် အဆိုပါကျေးရွာများရှိ လူနေအိမ်ခေါင်မိုးများ လွင့်ပါသွားပြီး မြေစိုက်တဲများ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်ခြင်းကြောင့် တလိုင်းကျေးရွာမှ ပျဉ်ထောင်သွပ်မိုး၊ ထရံကာသွပ်မိုး မြေစိုက်တဲနှင့် ကျေးရွာဆေးပေးခန်းနှင့် ဝန်ထမ်းနေအိမ်တစ်လုံးအပါအဝင် စုစုပေါင်း ၁၁၅ အိမ်ပျက်စီးခြင်းနှင့် နွားမတစ်ကောင် သစ်ကိုင်းကျိုးကျပိ၍ သေဆုံးခြင်း၊ အမျိုးသမီးတစ်ဦး လေလွင့်သွပ်ပြားနှင့် ထိခိုက်မိ၍ ဒဏ်ရာရရှိကာ ဆေးရုံတင်ပို့ကုသပေးခြင်း၊ ကျောင်းဖြူကျေးရွာ၌ အိမ် ၆၁ လုံးနှင့် မူလတန်းကျောင်းဆောင်နှင့် မူကြိုကျောင်းဆောင်အမိုးနှင့် မျက်နှာကြက်များ လွင့်ထွက်ပျက်စီးခြင်း၊ ရွာဦးဆုတောင်းပြည့်စေတီ ရွှေထီးတော် အနည်းငယ် ယိမ်းယိုင်ကာ ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံတို့ အမိုးများ ထိခိုက်ပျက်စီးခြင်း၊ စဥ့်ကိုင်ကျေးရွာ၌ အိမ် ၁၆ လုံး ခေါင်မိုးများ လန်ကျပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

လေပြင်း တိုက်ခတ်ခံရသည့် ကျေးရွာများသို့ ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းနာယက ဆရာတော်နှင့် အသင်းဝင်များက သွားရောက်၍ သက်ဆိုင်ရာအသင်းအဖွဲ့များအလိုက် လေဘေးသင့်ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်ကို သိရပြီး လုံးဝပျက်စီးသွားသည့် တလိုင်းကျေးရွာမှ အိမ် ၁၄ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဧပြီ ၂၂** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ❍ ကျောဖုံးမှ

ကြွေကျခဲ့ရာ မြစ်ငယ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ လူနေအိမ်များ သွပ်မိုးများပေါက်ခြင်း၊ သွပ်မိုးများလန်ခြင်း၊ သက်တမ်းရင့် သစ်ပင်ကြီးများ ကျိုးကျခြင်းတို့ ဖြစ်ပွားခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြစ်ငယ်မြို့လမ်းများပေါ်ရှိ သစ်ကိုင်းသစ်ခက်များအား မြစ်ငယ်ရထားတပ်ဖွဲ့ဝင်များ၊ ပရဟိတလူငယ်များ၊ မြစ်ငယ် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် မြန်မာ့မီးရထား လက်ထောက် မန်နေဂျာ ဦးကျော်ကျော်ဦးတို့က ပူးပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# လေပြင်းတိုက်၍ မိုးသီးများ ကြွေကျ

## ပြင်ဦးလွင်

ပြင်ဦးလွင်မြို့၌ ဧပြီ ၂၁ ရက် ညနေ ၆ နာရီခွဲမှစတင်၍ လေပြင်းများတိုက်ခတ်ခဲ့ပြီး လေများနှင့်အတူ မိုးများပါဆက်လက်ရွာသွန်းခဲ့ကြောင်း သိရသည်။

ထိုသို့လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေး-လားရှိုးလမ်းမကြီးတစ်လျှောက်နှင့် သစ်ပင်များထူထပ်စွာပေါက်လျက်ရှိသော ဇီဝကလမ်း၊ ဗိုလ်ချုပ်လမ်း၊ ချယ်ရီလမ်း၊ မြို့ပတ်လမ်းပေါ်ရှိ သစ်ပင်၊ သစ်ကိုင်းများလဲပြိုခြင်း၊ ဓာတ်တိုင်ဓာတ်ကြိုးများ ပျက်စီးကျိုးပြတ်ခြင်းနှင့် သစ်ပင်လဲပြိုမှုကြောင့် ဘေးပတ်ဝန်းကျင်အနီးရှိ အုတ်တံတိုင်းတို့ ပျက်စီးဆုံးရှုံးခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရပြီး နေအိမ်သွပ်မိုးတချို့ ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုတွင် ရွှေစည်းခုံလမ်းပေါ်နှင့် လားရှိုးလမ်းပေါ်ရှိ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ယူကလစ်အပင်ကြီးများ၊ ခါတော်မှိအပင်ကြီးများပါလဲပြိုခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က လိုက်လံရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်တိုင်ပေါင်း ၅၄ တိုင်နှင့် သစ်ပင်ကြီးပေါင်း တစ်ရာကျော် လဲကျပျက်စီးခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မတ္တရာ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဧပြီ ၂၁ ရက် ညနေပိုင်းက လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးထိမှန်ခြင်းတို့ကြောင့် မတ္တရာမြို့နယ်မှ ရယူသုံးစွဲလျက်ရှိသော မြောက်ပြင် ပင်မဓာတ်အားခွဲရုံ၏ ၃၃ ကေဗွီ ဒင်္ဂါးချောင်းဓာတ်အားလိုင်းမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် မတ္တရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ဓာတ်အားပြန်လည်ရရှိရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မိုးကြိုးထိမှန်သော ကြွေသီးများလဲလှယ်ခြင်း၊ မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာအကြားရှိ တိုင်မှတ် ၂၈၇ ရှိ A phase လိုင်းကြိုးမှာ ကြွေသီးမှ Binding Wire ပြတ်၍ လက်တန်းပေါ်သို့ ပြုတ်ကျနေခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အတွက် ကျွမ်းကျင်ဝန်ထမ်းများက ပြုပြင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**


**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/ 3120၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်5D/ 4741၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်၇ခ/၁၂၈၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**အမည်ပြောင်း**

ဦးထွန်းထွန်းလင်း ၁၂/ဗတထ(နိုင်)၀၀၀၈၇၉၏သမီး တာမွေမြို့နယ် အမက(၂၂)စတုတ္ထတန်းမှ မနွေးနွေးသဥ္ဇာအား မချယ်ရီဖူးဖူးဟု ပြောင်းလဲခေါ်ပါရန်။ **မချယ်ရီဖူးဖူး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၀၅**

ဒေါ်ခင်ခင်ငြိမ်း နှင့် ဒေါ်ခင်စန်းမော်
**တရားလို** **တရားပြိုင်**

အမှတ်(၈၈၅)၊ သန္တာလမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်စန်းမော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂-၁၁-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ပေးအပ်ထားသော စရန်ငွေသိန်း(၂၀၀)၏ နှစ်ဆသိန်း (၄၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၁၀ရက် (၁၃၇၈ခုနှစ် ကဆုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယုအောင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

★ နေမင်းခကြာ ★
ရာထူးဝင်သင်တန်းကြီး
နေ့စားလပေး (ဆရာမ)
ပြည်တွင်းအခွန်
Ice Berry
Ph: 09 4200 42200, 09 26433 5331, 09 777 6981 67

POST ရာထူးဝင်ခွင့်သင်တန်း (စာအုပ်ရပြီ)
မူလတန်းပြဆရာမဝင်ခွင့်ဖွင့်ပြီ
၁၆၅(မဆပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉ ၇၃၁ ၆၁၁၄၀

EAC
76, 0973071901
02-31505 09260425566,012315072
ရေခဲမုန့် ၊ Snack ၊ ပျော်ရည်၊ သစ်သီးယိုမုန့်မှတ်သင်တန်း
ဂျယ်လီ၊ငါးမုန့်၊ဘောဝ်မျိုးစုံ၊ အချိုရည်နှင့်ဆပ်ပြာထုတ်လုပ်သင်တန်း

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| | |
|---|---|
| **Basic Spoken English** | |
| Sat & Sun - 12:30-3:30 pm | 2 Apr |
| Mon to Thurs-10:00-12:00 am | 25 Apr |
| Mon to Thurs-3:00-5:00 pm | 25 Apr |
| Mon to Thurs-5:30-7:00 pm | 25 Apr |
| Sat & Sun - 9:00-12:00 am | 30 Apr |
| Sat & Sun - 12:30-30:30 pm | 30 Apr |
| **Pre-Intermediate English** | |
| Mon toThurs 1:00-3:00pm | 25 Apr |
| Sat & Sun - 12:30-3:30 pm | 30 Apr |
| **Vocabulary Enrichment Course** | |
| Mon to Thurs 3:30-5:00pm | 25 Apr |
| **Grammar Foundation Course** | |
| Mon to Thurs - 10:00-12:00am | 25 Apr |
| Sat & Sun - 9:00-12:00 pm | 30 Apr |
| **Structure & Written Expression** | |
| Sat & Sun - 9:00-12:00 am | 23 Apr |
| Mon to Thurs - 1:00-3:00 pm | 25 Apr |
| Sat & Sun - 3:30-6:30 pm | 30 Apr |
| **Basic Writing Course** | |
| San & Sun - 3:45 - 6:15 pm | 30 Apr |

TOEFL,SAT,IELTS, API, AWC, IE, VEC.
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

**သမီးအဖြစ်မှ စွန့်လွှတ်ခြင်း**

ကျွန်မ ဒေါ်လှလှမိုး ၁၃/ကမန(နိုင်)၀၁၁၃၇၉၏သမီး မခင်ကျော့ကျော့ခိုင် ၁၃/ကမန(နိုင်) ၀၈၄၁၅၄ သည် မိခင်နှင့် ဆွေမျိုးသားချင်းများအပေါ် စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအားသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံး၀ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်လှလှမိုး

# ယာဉ်ငယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၊ ကိုးဦးဒဏ်ရာရ

**ရန်ကုန် မေ ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းမပေါ် ဦးအောင်ဇေယျလမ်းထိပ်၌ ယနေ့ နံနက် ၆ နာရီ ခွဲက ယာဉ်ငယ်နှစ်စီး အရှိန်ဖြင့် မျက်နှာချင်းဆိုင်တိုက်မိရာ အမျိုးသား ကိုးဦးဒဏ်ရာများရရှိခဲ့သဖြင့် အင်းစိန်ဆေးရုံ အရေးပေါ်ဌာနသို့ အချိန်မီ ပို့ဆောင်ကာ ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရင့်နောင်နယ်မြေဘက်မှ သမိုင်းလမ်းဆုံဘက်သို့ ယာဉ်မောင်း ကိုစောထွန်း (၄၁နှစ်) လှိုင်သာယာမြို့နေသူ မောင်းနှင်လာသော 2G/---- ဟိုက်ဂျက်ယာဉ်နှင့် တစ်ဖက်ယာဉ်ကြောရှိ သမိုင်းလမ်းဆုံဘက်မှ ဘုရင့်နောင်ဘက်သို့ မောင်းနှင်လာသည့် BB/---- အငှားယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာ ဟိုက်ဂျက်ယာဉ်ငယ်ပေါ်ပါ အနောက်ခန်းရှိ အမျိုးသားခုနစ်ဦး လမ်းမပေါ် လွင့်စဉ်ကျသွားကြောင်း သိရသည်။




ယာဉ်ရှေ့ခေါင်းခန်းရှိ ယာဉ်မောင်း အပါအဝင် အမျိုးသားနှစ်ဦးမှာ ခေါင်းပိုင်းတွင်ညှပ်နေ၍ အရေးပေါ် ညှပ်ကလစ်များဖြင့် ဝိုင်းဝန်းဆွဲထုတ်ပေးကာ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဝင်တိုက်မိသော အငှားယာဉ်မောင်းမှာ ကားထားပြီးထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် အငှားယာဉ်သည် ဦးခေါင်းပိုင်း ကြေမွပျက်စီးသွားပြီး ဟိုက်ဂျက်ယာဉ်မှာလည်း တံခါးနှင့် ရှေ့မှန်များ ကြေမွပျက်စီးသွားသည်။

အခင်းဖြစ်ပွားရာသို့ မရမ်းကုန်းမြို့နယ် အမှတ်(၄၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ယာဉ်မှုစစ် ရဲအုပ်မျိုးတင့်နှင့် တပ်ဖွဲ့ဝင်များ ရောက်ရှိကာ စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဘားအံမြို့နယ် သာမညကျေးရွာ၌ နေအိမ်တစ်လုံးမီးလောင်မှုဖြစ်

**ဘားအံ မေ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာအုပ်စု ငွေတောင်ရပ်ကွက်၌ မေ ၂၁ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ဦးမောင်ကျော် (၅၆ နှစ်)၏ ပေ(၂၀×၄၀)ရှိ ခြေတံရှည် ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး နေအိမ်တွင် အိမ်နောက်ဘက်မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးကူးစက်လောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုကို သာမညကျေးရွာ အရန်မီးသတ် ၁၅ ဦး၊ မီးသတ်ယာဉ်တစ်စီး၊ကျေးရွာရေသယ်ယာဉ် သုံးစီး၊ ကျေးရွာသား ၄၀ တို့ဖြင့် ပူးပေါင်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ဦးမောင်ကျော်၏ မိသားစုငါးဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၎င်း၏ အစ်မဖြစ်သူနေအိမ်တွင် ယာယီနေရာချထားပေးကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ ယင်းနေ့ ညနေ ၃ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအာကာမြင့်နှင့် ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဝန်ထမ်းများသွားရောက်ပြီး မီးဘေးသင့် အိမ်ထောင်စုတစ်စုအတွက် ဆန်တစ်အိတ်၊ ဆီဘူး အသေးငါးဘူး၊ ငါးသေတ္တာဘူးသေးရှစ်ဘူး၊ မုန့်ပုံးသေးတစ်ပုံး၊ ခေါက်ဆွဲခြောက်ငါးထုပ်၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် တစ်သိန်းတို့ကို ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမည်

# လမ်းဘေးသစ်ပင်အောက်၌ မိုးခိုနေစဉ် မိုးကြိုးပစ်ခံရ၍သေဆုံး

**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း ထိပ်တန်းလျှံလက်ဖက်ရည်ဆိုင်အနီး၌ မေ ၂၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရ၍ ဒဏ်ရာများရရှိကြောင်းသတင်းအရ မုံရွာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဒဏ်ရာရရှိသူမှာ မမြတ်ရွှေစင်(၂၁နှစ်)ဖြစ်ပြီး ၎င်းသည် မိုးရွာနေသဖြင့် လမ်းဘေးရှိ မဲဇလီပင်အောက်၌ ဝင်ရောက်မိုးခိုစဉ် မိုးကြိုးပစ်ခံရပြီး ဒဏ်ရာများရရှိခဲ့သဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မုံရွာမြို့မရဲစခန်း သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# အချုပ်သားကိုစစ်ဆေးစဉ် သေဆုံးမှုနှင့်ပတ်သက်ပြီး တရားလိုအား မေ ၂၅ ရက်တွင် စတင်စစ်ဆေးမည်

**သထုံ မေ ၂၂**

မွန်ပြည်နယ် သထုံမြို့မရဲစခန်း၌ မတ် ၂၁ ရက်က ဖြစ်ပွားခဲ့သည့် ချုပ်နှောင်ထားသော အချုပ်သားတစ်ဦးကို စစ်ဆေးစဉ် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ မေ ၂၅ ရက်တွင် တရားလိုအား စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သထုံခရိုင်တရားရုံးမှ သိရသည်။

မတ် ၂ ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ချမ်းမြေ့တည်းခိုခန်းတွင် ဖြစ်ပွားခဲ့သည့် ငွေကျပ် ၁၁၃၆၀၇၀၀ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တည်းခိုခန်း မန်နေဂျာဖြစ်သူ ကိုကျော်သက်အောင်(၃၂ နှစ်)သည် သထုံမြို့မရဲစခန်း၌ ချုပ်နှောင်ခံထားရပြီး ၎င်းအားစစ်ဆေးစဉ် မတ် ၂၁ ရက် နံနက် ၂ နာရီခန့်က သေဆုံးသွားခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

“ဒီအမှုက ပြီးခဲ့တဲ့ မတ် ၂၁ ရက်က ဖြစ်တယ်။ မေ ၈ ရက်မှာ တရားရုံးကို တရားစွဲတင်ပါတယ်။ ကြားထဲမှာ သကြ်န်ရုံးပိတ်ရက်တွေကရှိတော့ မေ ၂၂ ရက်မှာ အမှုကိုစတင်စစ်ဆေးနိုင်ဖို့အတွက် တရားပြိုင်ဘက်က ရှေ့နေပါဝါတင်ပါတယ်။ မေ ၂၅ ရက်မှာတော့ တရားလိုဖြစ်တဲ့ မြို့မရဲစခန်းမှူးကို စတင်စစ်ဆေးမှာပါ”ဟု သထုံခရိုင် တရားသူကြီး ဒေါ်ဖြူဖြူသွယ်က ပြောသည်။

ကိုကျော်သက်အောင် သေဆုံးမှုဖြစ်စဉ်တွင် သေဆုံးရသည့် အကြောင်းအရင်းမှာ အသည်းပေါက်ပြဲဒဏ်ရာကြောင့် ဝမ်းဗိုက်အတွင်း သွေးယိုစိမ့်ကာ သွေးထွက်လွန်ပြီး သေဆုံးရခြင်းဖြစ်ကြောင်း၊ ရရှိသောဒဏ်ရာမှာ ပြင်းထန်ဒဏ်ရာဖြစ်ပြီး တုံးသောအရာဝတ္ထုများကြောင့်ဖြစ်ကြောင်း သထုံခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးစာပြန်ကြားချက်များအရ သိရသည်။

ယင်းအမှုကိုစစ်ဆေးသည့် သထုံခရိုင် မှုခင်းအကူဌာနမှ ဒုရဲအုပ်လှိုင်ဝင်းထွန်း အပါအဝင် စုစုပေါင်း ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးကို သထုံမြို့မရဲစခန်းမှ ဒုရဲမှူးထွန်းသိန်းက တရားလိုပြုလုပ်ခဲ့ပြီး ယင်းအမှုကို သထုံခရိုင်တရားရုံးတွင် အမှုကြီးအမှတ်စဉ်(၁၆/၂၀၁၆)ဖြင့် မေ ၂၅ ရက်တွင် တရားလိုဖြစ်သူ သထုံမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းသိန်းအား စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**


## ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ စတုတ္ထတန်း အောင်ချက် ၁၀၀% နှင့် အဋ္ဌမတန်း အောင်ချက် ၁၀၀% အပြည့်ရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ဆရာမများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း**
တည်ထောင်အုပ်ချုပ်သူ နှင့် မိဘများ

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အမက-၂၃၊ ကသဲတန်းကျောင်းမှ ၂၀၁၅ပညာသင်နှစ် စတုတ္ထတန်းအောင်မြင်သူ မောင်သန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၁၄/ပသန(နိုင်)၀၄၁၀၉၈ ဖြစ်ပါကြောင်း။

## အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဦးစန်းတင့် ၁/ရကန(နိုင်)၀၁၃၉၈၈၏ သမီး မသန်းသန်းဦး၏ အမည်မှန်မှာ မစန်းမာဦး ၁/ရကန(နိုင်)၀၄၅၁၇၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/3644 Hyundai H 100 P/U(4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးယုနိုင် ၁၂/ဒပန(နိုင်)၀၀၄၀၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၁၁၄၈၆ Luojia 110, (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၄/ကကန(နိုင်)၀၀၄၅၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ဦးကျော်မိုးရှိန် ၁၂/မဂတ(နိုင်)၀၁၃၅၅၉မှ ဒေါ်ဆွေဆွေအေး ၁၂/မရက(နိုင်)၀၅၈၁၈၃ အား လွှဲအပ်ထားသည့် ၂၁-၆-၂၀၁၃ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၀၁၂၄/၂၀၁၃)အား ဤကြေညာသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးကျော်မိုးရှိန်**

**ဦးသိန်းထွန်း B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၈၉/၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ သူကြီးစု(၂)ရပ်ကွက်၊ အိမ်အမှတ်-၄/၆၈နေ ဦးသိန်းထွန်း၏ သမီး မခင်စုနိုင်ထွန်း ၉/ပမန(နိုင်) ၂၇၄၄၇၀ သည် ဖခင်၏ ဆိုဆုံးမမှုစကားကိုမနာခံဘဲ စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်၍ မိမိဆန္ဒအရ နေအိမ်မှဆင်းသွားပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးသိန်းထွန်း**

## မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကွန်ကရစ်လမ်း (၁၈/၄.၇၈)မိုင်၊ ကတ္တရာလမ်း၊ (၁၃/၁.၄)မိုင်၊ ကျောက်လမ်း (၄/၄)မိုင်၊ မြေသားလမ်း (၂/၀.၂၈)မိုင်၊ ကွန်ကရစ်တံတား ၁၁စင်း ၄၃၉ပေ၊ သစ်သားတံတား တစ်စင်း ပေ ၄၀၊ တွင်းတိမ် ၁၂ တွင်း၊ တွင်းနက် ၂၀ တွင်း၊ လက်တူးတွင်း ၁၇ တွင်း၊ မြေသားရေကန် ရှစ်ကန်၊ စိမ့်စမ်း ၁၃ ခု အခြား ၂၂ခုစသည့် တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန် မွန်ပြည်နယ်အတွင်း လုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မွန်ပြည်နယ်အတွင်း တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့် ရက်/အချိန်** - ၂၆-၄-၂၀၁၆ရက် နံနက် ၀၉း၃၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်/အချိန်** - ၂၆-၅-၂၀၁၆ရက် ညနေ ၁၆း၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ အရာတော်(၂)လမ်း၊ တောင်ဝိုင်းလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၀၈၅၊ ၀၅၇-၂၄၂၈၇

# ခတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော လျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာ ဓာတ်အားလိုင်းကြိုးများ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဧပြီ ၂၃ ရက်တွင် ရန်ကင်း၊ ရွှေပေါက်ကံ၊ တောင်ဥက္ကလာ၊ ဒဂုံ(အရှေ့)၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်း၊ လမ်းမတော်၊ အလုံ၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ ကမာရွတ်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ဧပြီ ၂၄ ရက်တွင် ပန်းဘဲတန်း၊ လမ်းမတော်၊ အလုံ၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ ကမာရွတ်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ထင်သာမြင်သာပြုပြင်စရာ

# ငါးသိုင်းချောင်းမြို့အဝင်၌ လမ်းညွှန်ဆိုင်းဘုတ် တပ်ဆင်ပေးသင့်

ဤဆောင်းပါးလေးမရေးမီ ပြည်သူများအကျိုးရှိ မရှိ၊ မှန် မမှန် အတန်တန်စဉ်းစားပြီးမှ ရေးသားမိပါသည်။ ခရီးသွားပြည်သူများ မကြာခဏ လမ်းမှားသွားလာမှုများကြောင့် အချိန်များမကြန့်ကြာသင့်ဘဲ ကြန့်ကြာကာ စိတ်အနှောင့်အယှက်များ ဖြစ်နေကြသည်ကို မြင်တွေ့နေရသဖြင့် ရေးသားမိခြင်းဖြစ်ပါသည်။

စာရေးသူတို့ ငါးသိုင်းချောင်းမြို့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဝေန်မြစ်အရှေ့ဘက်ကမ်း၌တည်ရှိသော ဆိပ်ကမ်းမြို့လေးဖြစ်ပါသည်။ ပုသိမ်-မုံရွာကားလမ်းမကြီးဘေး၌ တည်ရှိနေသဖြင့် ရေလမ်း၊ ကုန်းလမ်းများပေါက်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လှပေသည်။ ငါးသိုင်းချောင်းမြို့အဝင်၌ ကွန်ကရစ်လမ်းမကြီးက ဖြောင့်ဖြူးလျက်ရှိသည်။

ငါးသိုင်းချောင်းမြို့အဝင် လမ်းဆုံသည် ကြက်ခြေခတ်သဏ္ဌာန်တည်ရှိသည်။ လေးဖက်လေးတန်သွား၍ရသော လမ်းဆုံလေးဖြစ်သည်။ အနောက်ဘက်သွားသော် ဝေန်မြစ်ရှိသည်။ ဝေန်မြစ်တံတားကြီးသည် ပုသိမ်-မုံရွာလမ်းပေါ်၌ တည်ရှိ၍ ပြည်-မုံရွာဘက်သို့ သွား၍ရသည်။ အနောက်ဘက်လမ်းခွဲမှာ ဂွမြို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ သွားနိုင်သည်။ အရှေ့ဘက်လမ်းခွဲမှ ဟင်္သာတ-လေးမျက်နှာမြို့နယ်များသို့ သွားနိုင်သည်။ တောင်ဘက်လမ်းခွဲမှ ရေကြည်-ကျုံပျော်-ကျောင်းကုန်း - ပုသိမ် - ရန်ကုန်မြို့များသို့ အဆင့်ဆင့်လမ်းခွဲများဖြင့် သွားနိုင်သည်။

ငါးသိုင်းချောင်းမြို့ထိပ်၌ "ငါးသိုင်းချောင်းမြို့မှ ကြိုဆိုပါ၏"ဟု ဆိုင်းဘုတ်လေး တပ်ဆင်ထားသည်။ သို့သော် အမှန်တကယ် တပ်ဆင်သင့်သည့် လမ်းညွှန်ဆိုင်းဘုတ်မရှိသဖြင့် ခရီးသွားပြည်သူများ အကြိမ်ကြိမ် လမ်းမှားသွားလာခဲ့ကြ၍ စိတ်အနှောင့်အယှက်များဖြစ်ကြရသည်။ အထူးသဖြင့် ရေကြီးနစ်မြုပ်သည့် ရေဘေးကာလတွင် အလှူရှင်များ မကြာခဏ လမ်းမှားခဲ့ကြသည်ကို တွေ့ရသည်။

စာရေးသူသည် နေ့စဉ် နံနက်စောစောတွင် မြို့ထိပ် "ကြိုဆိုပါ၏" လမ်းဆုံသို့ လမ်းလျှောက်လေ့ရှိပါသည်။ ထိုနံနက်စောစော အချိန်များတွင် ရေဘေးဒုက္ခသည်များကို လှူဒါန်းရန် အနယ်နယ်အရပ်ရပ်မှ အလှူရှင်ကားများသည် ရေဘေးအကူအညီပစ္စည်းများ အပြည့်ဖြင့်ရောက်ရှိလာတတ်ပါသည်။ လူသူကင်းရှင်းချိန်ဖြစ်၍ စုံစမ်းမေးမြန်းရန် အခက်အခဲရှိရာ အလှူရှင်ကားများမှာ လမ်းမှားကာ မြို့ထဲသို့ဝင်လာတတ်သည်။ အနောက်ဘက်သို့ သွားမည့်ကားများက အရှေ့ဘက်သို့လည်းကောင်း၊ ဟင်္သာတ-လေးမျက်နှာမြို့နယ်များသို့သွားမည့် ကားများမှာ ရခိုင်ဘက်သို့လည်းကောင်း၊ ပုသိမ်-ရန်ကုန်ဘက်သို့ ချီးတွေ့ရမည့်ကားများမှာ လေးမျက်နှာ-အိုင်သပြုသို့လည်းကောင်း အမျိုးမျိုးမှားယွင်းသွားလာနေကြသဖြင့် စာရေးသူကိုယ်တိုင် မကြာခဏ လမ်းညွှန်ပေးခဲ့ရပါသည်။ အလှူရှင်များ ခရီးကြန့်ကြာနေမှုများကို တွေ့မြင်ခဲ့ရသဖြင့် စိတ်မကောင်းလည်းဖြစ်မိပါသည်။

အမေရိကန်နာမည်ကျော် Travel Leisure ခရီးသွားမဂ္ဂဇင်းက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ကမ္ဘာအရပ်ရပ်ရှိ ခရီးသွားလုပ်ငန်းများမှ စာရင်းကောက်၍ ကမ္ဘာ့အကောင်းဆုံးမြို့ကို မဲပေးဆုံးဖြတ်ကြရာတွင် ဂျပန်နိုင်ငံ ကျိုတိုမြို့သည် ကမ္ဘာ့အကောင်းဆုံးမြို့အဖြစ် ထိပ်ဆုံးက ရွေးချယ်ခံခဲ့ရပါသည်။ ထိုသို့ဆုံးဖြတ်ကြရာတွင် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ မိမိတို့ဘာသာဖြင့် လည်းကောင်း လမ်းပြဆိုင်းဘုတ်များရှိခြင်းတို့ကြောင့် ခရီးသွားများ သွားလာဆက်သွယ်ရာတွင် အဆင်ပြေစေသည့်အချက်များကြောင့်ဖြစ်သည်ဟု စာရေးသူစာစောင်တစ်ခုတွင် ဖတ်ဖူးပါသည်။

ငါးသိုင်းချောင်းမြို့လေးသည် ကမ္ဘာ့အကောင်းဆုံးမြို့ဖြစ်ရေးကို မဆိုလိုပါ။ သို့သော် ယာဉ်ပေါင်းစုံတို့ နေ့ညမရွေး ဖြတ်သန်းသွားလာနေကြသော အချက်အချာကျသည့် မြို့လေးဖြစ်ရာ မြို့ထိပ်မှ "ကြိုဆိုပါ၏" လမ်းဆုံတွင် မြို့များသို့လမ်းညွှန်သော ဆိုင်းဘုတ်လေးတပ်ဆင်ပေးပါက မြို့အင်္ဂါရပ်နှင့် ပို၍ညီညွတ်စေပြီး ခရီးသွားပြည်သူများလည်း သွားလာရေး ပိုအဆင်ပြေသွားမည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။

**ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)**





**CLAIMS DAY NOTICE**

**M.V SPRING SKY VOY:NO(61)**

Consignees of cargo carried by M.V SPRING SKY VOY:NO (61) are here by notified that the vessel will arrive on about 24-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**CLAIMS DAY NOTICE**

**M.V GOLDEN FAN VOY:NO(170)**

Consignees of cargo carried by M.V GOLDEN FAN VOY:NO (170) are here by notified that the vessel will arrive on about 25-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အနှစ်(၄၀)ပြည့် ပတ္တမြားရတု မင်္ဂလာဆုတောင်း**

ဖေဖေဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)နှင့် မေမေ ဒေါ်နန်းအောင်တို့၏ ၂၃-၄-၂၀၁၆ ရက်တွင် ကျရောက်သည့် အနှစ်(၄၀)ပြည့် (ပတ္တမြားရတု)မင်္ဂလာရက်မြတ်မှသည် နှောင်ရွှေရတု၊ စိန်ရတု မင်္ဂလာရက်မြတ်သို့တိုင် ချစ်သား ချစ်သမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်-

**ချစ်သားသမီးများ** - **ဒုတိယဗိုလ်မှူးကြီးမြတ်မင်းမိုး-ဒေါ်နေခြည်မြင့်**
**ကိုဝဏ္ဏမြင့်-မမျိုးသူဇာ**
**ကိုသူရမြင့်**

**ချစ်မြေးများ** - **အူဝဲ၊ နိုနို၊ အဲအဲ၊ ခန့်ခန့်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် ချင်းရွှေဟော်မြို့များအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်နယ်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ ၂'အချင်း ၁'-၆"အရှည် သံကူကွန်ကရစ်ရေပြွန်၊ ရေသဲ၊ အုတ်နီ၊ သံချောင်းလုံးရှယ်စုံ၊ ဒီဇယ်ဆီစသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ ဝယ်ယူလိုသည့် လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့တွင် ၂၅-၄-၂၀၁၆ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | **အိတ်ဖွင့်တင်ဒါအမှတ်** | - | အမှတ်(၁) (၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်) |
| ၄။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၅-၅-၂၀၁၆ ရက် ၁၆:၀၀နာရီ |
| ၅။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၆-၅-၂၀၁၆ ရက် ၉:၃၀နာရီ |
| ၆။ | **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်မြို့ ဖုန်း-၀၈၂-၇၂၂၅၅ |

၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**နှစ် (၄၀) ပြည့် ပတ္တမြားရတု မင်္ဂလာဆုတောင်း**

၂၀၁၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင်ကျရောက်သော ဖေဖေ ဒေါက်တာလှမြင့် (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်) နှင့် မေမေဒေါ်ငွေငွေ တို့၏ နှစ် (၄၀) ပြည့် ပတ္တမြားရတု မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် အမျိုး ဘာသာ သာသနာအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သည်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားသမီးများ – ကိုတင့်လွင်၊ မသက်နန္ဒာမြင့် (AE - MGW)
– ကိုရဲကျော်စွာမြင့် (Second Officer – Skyline)

ချစ်မြေးများ – မအိန္ဒြာဝေဦး၊ မောင်အောင်ဖုန်းမြတ်
မဖြူဖြူသိမ်း၊ မောင်သိန်းသန်းမြင့်

ကျန်းမာရှင်မြူး အစဉ်ရေကူး၊ ရေကူးမတတ်လျှင် ရေကူးသင်

**ကူကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်း**

ရေမကူးတတ်သူများနည်းစနစ်မှန်ကန်စွာဖြင့် စနစ်တကျသင်ကြားပေးနေသည့် ကူကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းတွင် စနစ်တကျသင်ယူပါ

- အိုလံပစ်ရေကူးနည်း(၄)မျိုးအနက်-
  - အလွတ်ကူးနည်း
  - ရင်ဘောင်ကူးနည်း
  - ပက်လက်ကူးနည်း(၃)မျိုးကို သင်တန်းရက်မှန်ပါက မတတ်မချင်း သင်ပေးမည်။
- သင်တန်းသားအားလုံး သင်တန်းဆင်းအမှတ်တရဓာတ်ပုံ လက်ဆောင်ပေးမည်။
- သင်တန်းဆင်းလျှင် ရေကူးပြိုင်ပွဲကျင်းပ၍ ဆုချီးမြှင့်မည်။

သင်တန်းကြေး - အသင်းဝင် - ၄၀၀၀၀ ကျပ်
ပြင်ပ - ၅၀၀၀၀ ကျပ်

သင်တန်းအချိန်
(၁) နံနက် (၀၆:၃၀)နာရီ (၀၈:၃၀)နာရီထိ
(၂) နံနက် (၀၉:၀၀)နာရီ (၁၁:၀၀)နာရီထိ

သင်တန်းစတင်မည့်ရက် သင်တန်းပိတ်မည့်ရက်
၂၉. ၄. ၂၀၁၆ (သောကြာနေ့) ၃၁. ၅. ၂၀၁၆ (အင်္ဂါနေ့)
(တနင်္ဂနွေ၊ တနင်္လာနေ့မှအပ တစ်ပတ်လျှင်(၅)ရက်သင်မည်)

**အထူးအစီအစဉ် - အလှူငွေမဲ့ အသင်းဝင်ခွင့် (၅)ဆုရွေးချယ်ကံစမ်းမည်**

အမှတ်(၃၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၂၃၇၉၊
၀၁-၄၀၁၄၆၇၊ ၀၉-၇၃၂၂၄၀၅၉

တနင်္လာနေ့မှအပ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## ခတ်တိုင်(၄)ခန်း ကြိုးတပ်ပေးခြင်းမရှိ၊ တချို့တိုင်ယိုင်နေသဖြင့် အမြန်ဆုံး ကြိုးတပ်ပေးစေချင်

**ထင်သာမြင်သာပြုပြင်စရာ**

မြင်းမူမြို့ အာသောကရပ်ကွက် ကမ်းနားလမ်း စွန်းလွန်းကျောင်း ထိပ်မှစ၍ ကွန်ကရစ်ခတ်တိုင်များ စိုက်၊ ကြွေသီး၊ လက်တန်းများ တပ်ဆင်ထားပြီး ဖြစ်သော်လည်း (၄) ခန်းကြိုး တပ်ဆင်ရန် လိုသေးကြောင်း၊ ပြီးစီးထားသော ခတ်တိုင်များတွင် မီးသီးများ ထွန်းညှိထားသော်လည်း လက်မနေနိုင် ခြေမနေနိုင်သူများကြောင့် မီးသီး ခွဲခံရခြင်း မီးသီးအုပ်များ ပိန်ရှုံ့ခြင်းများ တွေ့မြင်နေရသည်။ ဖျက်ဆီးသွားသူများအား စုံစမ်းအရေးယူခြင်းမျိုး မရှိကြောင်းလည်း သိရသည်။

ထို့ကြောင့် ဤကဲ့သို့ ဝိုင်ယာကြိုး မရှိသော ခတ်တိုင်များ၊ မီးသီးမရှိသော ခတ်တိုင်များကို ပုံမှန်အနေအထားဖြစ်စေရန် သက်ဆိုင်ရာမှ အမြန်ဆုံး ဆောင်ရွက်ပေးသင့်ကြောင်း ဖော်ပြအပ်ပါသည်။

(၀၇၇)

## တာပွန်မြို့ ဗောဓိမာန်အောင်ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲကျင်းပ

**နတ်တလင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ ဗောဓိမာန်အောင်ငါးထပ်ကြီးဘုရား၏ (၁၀၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပရာ နယ်လှည့်ဈေးသည်များနှင့်ပတ်ဝန်းကျင် ကျေးရွာများမှ ဘုရားဖူးများ၊ ဈေးဝယ်လာကြသူများနှင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ဂေါပကအဖွဲ့ဝင် ဦးလှငွေက "ဘုရားပွဲတော်ကို တစ်နှစ်တစ်ခါ နှစ်စဉ်ကျင်းပလာတာပါ။ ကျွန်တော်တို့ဒေသမှာ စပါးရောပဲပါ ရိတ်သိမ်းပြီးပြီဖြစ်လို့ တောင်သူလယ်သမားတွေ ငွေရွှင်တဲ့အချိန်ဖြစ်တယ်။ဒီတော့ဘုရားပွဲတော်မှာ ဘုရားလည်းဖူး၊လိုချင်တာတွေလည်းဝယ်၊ ပျော်ပွဲရွှင်ပွဲတွေလည်းရှိတော့ လူစည်တာပေါ့။ ပဲဈေးကလဲကောင်းတယ်။ ဒီနှစ်မှာ ထူးခြားတာက နှစ်ပေါင်းအတော်ကြာ မပြုလုပ်ခဲ့တဲ့ နွားအလှပြိုင်ပွဲထည့်ပေးထားတော့ နေ့ရောညပါ လူသွားလူလာပိုပြီး ပေါတယ်။ နွားအလှပြိုင်တယ်၊ နွားဒုန်းပြိုင်တယ်၊နွားနင်းနွားပြေးပြိုင်တယ်။ မြန်မာ့ရိုးရာအစဉ်အလာမပြက်အောင် ပြန်လည်ဖော်ထုတ်ပေးထားတာပါ။

"ပိုက်ကျော်ခြင်း၊ ဘော်လီဘောစတဲ့ အားကစားပြိုင်ပွဲတွေလည်း ပါတယ်။ ပြိုင်ပွဲမှာဆုရကြတဲ့သူတွေကို မေ ၂၃ ရက်မှာ ပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့က ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ပေးမှာပါ"ဟု ပြောသည်။

(၀၆၂)

## စာပေမြတ်နိုးသူများ စုပေါင်း၍ စာဖတ်ရှုန်မြှင့်တင်ရေး ဟောပြောပွဲမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း (နေပြည်တော်)နှင့် ဓနု/ ဗလသိဒ္ဓိရပ်ကွက်မှ စာပေမြတ်နိုးသူများစုပေါင်း၍ ကျင်းပမည့် စာဖတ်ရှုန်မြှင့်တင်ရေး စာပေဟောပြောပွဲကို မေ ၂၄ ရက် ညနေ ၆ နာရီတွင် ဓနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် လယ်တွင်းသားစောချစ်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မနုဿကျော်ဝင်း၊ ဆရာမသန်းမြင့်အောင်တို့မှ ဟောပြောကြမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၅ နာရီတွင် ကားအကြိုအပို့ စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာသင်တန်းဖွင့်မည်

**ရန်ကုန် မေ ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းစက်ဆန်းရပ်ကွက်ကန်ပတ်လမ်းရှိ သန္တိသုခဓမ္မဗိမာန်တော်ကြီးတွင် သန္တိသုခနာရေးကူညီမှုအသင်းက ကြီးမှူး၍ ပထမအကြိမ် ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာသင်တန်းကို မေ ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ပဥ္စမတန်းမှ ဒသမတန်းအထိ ဒုတိယအဆင့်၊ သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမအဆင့်များခွဲခြားထားပြီး ဆရာတော်ဦးသီလဝံသ (သာသနဓဇ ဓမ္မာစရိယ) နှင့် ဆရာတော်လေးပါး စုစုပေါင်းနည်းပြဆရာတော်ငါးပါးတို့က ပို့ချသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းချိန်ပြီးတိုင်း ၁၅ မိနစ် တရားထိုင်ကြရမည်ဖြစ်ကြောင်း၊ အာဟာရဒါနလှူဒါန်းမှုများစီစဉ်ထားရှိကြောင်းနှင့် ယခုသင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၃၀၁ ဦး စာရင်းရရှိထားပြီဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်လွင်**



# လျှင်အန္တရာယ်လျော့နည်း သက်သာရေး

**ကြိုတင်ကာကွယ်ခြင်း**

- လျှင်မည်သည့်အချိန်ဖြစ်မည်ကို ကြိုတင်သိနိုင်စွမ်းမရှိသဖြင့် ဒေသအလိုက်ငလျင်ဒဏ်ခံနိုင်ရည်ရှိမည့် အဆောက်အအုံများ တည်ဆောက်ပါ။
- ပင်လယ်ဒီလှိုင်း(ဆူနာမီ) ကျရောက်တတ်သည့်နေရာများနှင့် မြေသားမခိုင်မာသည့်နေရာများတွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန်။
- ရှေးဦးသူနာပြုသေတ္တာများ ထားရှိပါ။
- ပြိုကျနိုင်သော သက်တမ်းလွန်အဆောက်အအုံများကို ဖယ်ရှားပါ (သို့)ခိုင်ခံ့အောင်ပြင်ဆင်ပါ။

**ငလျင်လှုပ်စဉ်ဆောင်ရွက်ရန်**

- ငလျင်လှုပ်စဉ် စိတ်ကိုတည်ငြိမ်စွာထားပြီး ပြိုကျနိုင်သည့် အရာဝတ္ထုများ၊ အဆောက်အအုံများအနီးမှ အမြန်ဆုံးရှောင်ရှားပါ။
- အိမ်ထဲတွင်ရှိနေပါက ခုတင်၊ စားပွဲခုံအောက်ဝင်နေပါ။ ခုတင်၊ စားပွဲများမရှိလျှင် အဆောက်အအုံ၏အတွင်း နံရံတစ်လျှောက် (သို့) ထောင့်တစ်ခုခုတွင် အကာအကွယ်ယူပါ။
- ငလျင်လှုပ်နေစဉ် အိမ်အပြင်မထွက်ပါနှင့်။
- အိပ်ရာထဲရောက်နေပါက ခေါင်းကိုခေါင်းအုံးအောက်မှာထားပြီး ကာကွယ်ပါ။
- အထပ်မြင့်တိုက်တွင်ရှိနေပါက ပြတင်းပေါက်၊ ဝရန်တာနှင့် ဝေးဝေးနေပါ။
- မြေညီထပ်တွင်ရှိနေပြီး ဝင်ပေါက်၊ ထွက်ပေါက်နှင့်နီးပါက အဆောက်အအုံအတွင်းမနေဘဲ အပြင်ဘက်သို့ အမြန်ဆုံး ထွက်ခွာရှောင်ရှားပါ။
- အဆောက်အအုံကို စွန့်ခွာရမည်ဆိုလျှင် ဓာတ်လှေကားကို အသုံးပြုပါက မီးပျက်ပြီး ဓာတ်လှေကားအတွင်း ပိတ်မိနိုင်သဖြင့် ရိုးရိုးလှေကားမှသာဆင်းပါ။
- အိမ်အပြင်ရောက်နေပါက အပြင်မှာပဲဆက်နေပါ။ အဆောက် အအုံ၊ သစ်ပင်၊ မီးတိုင်၊ ဓာတ်ကြိုးများနှင့် ကင်းလွတ်ရာတွင် နေပါ။ မြေပြင်မှာဝပ်နေပါ။
- ကားထဲတွင်ရှိနေပါက ကားကိုအရှိန်လျှော့ပြီး ဘေးကင်းမည့် နေရာကို မောင်းသွားပြီးရပ်ထားပါ။ ကားထဲမှာပဲနေပါ။
- ပင်လယ်ကမ်းခြေမြစ်ကမ်းစပ်တွင် နေထိုင်သူများဖြစ်ပါက မြေမြင့်တောင်ကုန်းရှိရာနေရာသို့ အမြန်ဆုံးသွားပါ။
- လျှပ်စစ်ဓာတ်ကြိုးများနှင့် ကွဲရှထိခိုက်နိုင်မည့်အရာများကို သတိထားရှောင်ရှားပါ။
- မီးများငြိမ်းသတ်ထားပါ။
- မိသားစုများ တကွဲတပြားဖြစ်သွားနိုင်ပါက ပြန်ဆုံရမည့်နေရာကို ကြိုတင်သတ်မှတ်ထားပါ။

**ငလျင်လှုပ်ပြီးနောက်ဆောင်ရွက်ရန်**

- အင်အားကြီးသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်သဖြင့် နောက်ထပ်ငလျင်ဆက်မလှုပ်မီ အဆောက်အအုံအပြင်ဘက်သို့ အမြန်ဆုံးပြေးထွက်ပါ။
- ကွင်းပြင်၊ ကွက်လပ်၊ လယ်ကွင်းစသည့်နေရာများတွင် ခေတ္တယာယီနေပါ။
- ငလျင်လှုပ်ပြီးနောက် အချို့ကမ်းခြေဒေသများတွင် ပင်လယ်ဒီလှိုင်းကြီးများတက်လာခြင်း၊ ရေကာတာနှင့် ဆည်များပြိုကျ ခြင်း၊ တောင်ပြိုကျခြင်းတို့ကြောင့် ရေကြီးရေလျှံခြင်းများဖြစ်တတ်သဖြင့် မြေမြင့်ပိုင်းသို့ ကြိုတင်ရှောင်ရှားပါ။
- ဒဏ်ရာရနေသူများ၊ လှောင်ပိတ်မိနေသူများကို ကူညီပြီး ရှေးဦးပြုစုပါ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မကျန်းမာသူများ၊ ကိုယ်ဝန်ဆောင်များကို ဦးစားပေးကယ်တင်ပါ။ အပျက်အစီးအောက်တွင် ပိတ်မိနေပါက မီးခြစ်ကို မသုံးပါနှင့် မီးလောင်နိုင်ပါသည်။



**နောက်ဆက်တွဲငလျင်**

ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များ နောက်ဆက်တွဲလှုပ်တတ်ပါသည်။ ယင်းငလျင်မျိုးများသည် နာရီပိုင်း၊ ရက်ပိုင်း၊ သတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး အက်ကွဲနေသောအဆောက်အအုံများ ပြိုကျတတ်သည်။

# မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိစေရေး ဆွေးနွေး



**ဒလ ဧပြီ ၂၂**

နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေကန်များ ခန်းခြောက်၍ ဒေသခံပြည်သူများ ရေရှားပါးမှုနှင့် ကြုံတွေ့နေရဆဲဖြစ်သည့် ဒလမြို့နယ်တွင် ယခုနှစ် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးမှု ပိုမိုခက်ခဲလျက်ရှိသည့်အတွက် အခြားသော ပြင်ပမြို့နယ်များမှ လာရောက်လှူဒါန်းသော သောက်သုံးရေများ စနစ်တကျ ဖြန့်ဝေပေးနိုင်ရေးနှင့် မြို့နယ်အတွင်း ကြုံတွေ့နေရသည့် ရေရှားပါးမှုကိုဖြေရှင်းနိုင်မည့် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ရေရှားပါးသည့် ရပ်ကွက်ကျေးရွာများသို့ မြို့နယ်မှ ရေသယ်ယာဉ်များဖြင့် ထောက်ပံ့ပေးနိုင်ရန်၊ ရေသယ်ယာဉ်များ ဖြန့်ခွဲနေရာချထားရန် ရေကန်အသစ်တူးဖော်ခြင်း၊ အဟောင်းပြုပြင်ခြင်းများ ပြုလုပ်ပေးနိုင်ရန်အတွက် စာရင်းပြုစုပေးပို့ရန် မြို့နယ်ရေသန့်ဌာနမှ စမ်းသပ်ထုတ်လုပ် အောင်မြင်လျက်ရှိသည့် တစ်ရက် ရေသန့်ဂါလန် ၅၀၀၀ ကို ရပ်ကွက်ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြဒွေးက ပြင်ပမြို့နယ်များမှ လာရောက်လှူဒါန်းသော သောက်သုံးရေများကို အမှန်တကယ်လိုအပ်သည့် နေရာသို့ စနစ်တကျ ဖြန့်ဝေပေးနိုင်ရေးအတွက် မြို့နယ်သောက်သုံးရေ ဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားရှိရန်နှင့် သောက်သုံးရေရှားပါးမှုကို ရေရှည်ကာကွယ်နိုင်မည့် လုပ်ငန်းစဉ်ဖြစ်သည့် သောက်သုံးရေကန်များ တူးဖော်ပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးထွန်းရင်၊ ဦးထွေးတင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးတို့က မြို့နယ်အတွင်း ရေဖြန့်ဖြူးနေသည့် အခြေအနေများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ဒလမြို့နယ်တွင် ရေရှားပါးမှုအခက်အခဲကို ရေတိုလုပ်ငန်းစဉ်များဖြစ်သည့် မြို့နယ်အတွင်းနှင့် ပြင်ပရေအလှူရှင်များက ရေလှူဒါန်းမှုများနှင့် ဆောင်ရွက်နေသည့်အပြင် ရေရှည်လုပ်ငန်းစဉ်များဖြစ်သော သောက်သုံးရေကန်များ အသစ်တူးဖော်ခြင်းကို မြေနေရာလှူဒါန်းသူများရှိ၍ တူးဖော်ပေးမည့်အစီအစဉ်နှင့် ခန်းခြောက်သောက်သုံးရေကန်များ ချဲ့ထွင်တူးဖော်ပေးမည့်အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

**ဓာတ်ပုံ-နိုင်လင်းကျော်(ပြန်/ဆက်)**

## ထလော့မြန်မာ

* မြန်မာထလော့
ထလော့မြန်မာ။
ကမ္ဘာ့အလယ် မျက်နှာငယ်ခဲ့၊
လဲလဲပြိုပြို မျက်ရည်စိုရင်း
ဆင်းရဲတွင်းက အားတင်းထားလော့။

* အမှိုက်ပုံကြား ဆူးချုံကြားက
အံသွားကိုကြိတ် မျက်စိမှိတ်လို့
ချွေးသိပ်ဖြေကာ မြန်မာထလော့။

* အဂတိတရား ခြပုံကြားက
စိတ်ထားတွေပြောင်း အဟောင်းပစ်လို့
ချစ်သောမြန်မာ ထကြပါလော့။

* ရာသီနွေဦး ဒေါင်းသံမြူးပြီ
နေခြည်တောက်ပ
ဘဝအသစ် ရွှေဖြစ်တော့မည်
မိန်ရာသီမှာ
ထလော့ မြန်မာ
မြန်မာ ထလော့။

**ဗအုပ်ခိုင်**

## ယဉ်ကျေးလိမ္မာသင်တန်းဆုပေးပွဲနှင့် ဖွင့်ပွဲကျင်းပ

**စေတုတ္တရာ ဧပြီ ၂၂**

မင်းဘူးခရိုင် စေတုတ္တရာမြို့တွင် မြို့ပေါ်ရပ်ကွက်များနှင့် နီးစပ်ရာကျေးရွာများမှ ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘာသာရေးဗဟုသုတ တိုးပွားရရှိစေပြီး အမျိုး ဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ ဓမ္မစကူးခန်းမ၌ ဧပြီ ၁၈ ရက် ညနေ ၆ နာရီက မြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၃၂)ဆုပေးပွဲနှင့် အမှတ်စဉ်(၃၃)ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# သရက်မြို့နယ်၌ ပင်စင်စားများအဆင်ပြေရန် စီးပွားရေးဘဏ်မှ မှန်ကန်မြန်ဆန်စွာဆောင်ရွက်ပေး

**သရက် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် မြန်မာနှစ်သစ်ကူးအစ ဧပြီ ၂၁ ရက်က ကျန်းမာပျော်ရွှင်စွာဖြင့် ပင်စင်ထုတ်သူများကို တွေ့ရသည်။

သရက်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင်ပင်စင်စားများအား ငွေထုတ်ပေးရာတွင် မှန်ကန်မြန်ဆန်စေရေးအတွက် ဘဏ်ဝန်ထမ်းများက အဆင်ပြေအောင် ဆောင်ရွက်ပေးနေကြောင်း ခရိုင်မန်နေဂျာ ဒေါ်မေသင်းလှိုင်က ပြောသည်။

သရက်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားဦးရေပေါင်း ၁၇၀၈ဦးရှိသည်။ စစ်မှုထမ်း(ကာကွယ်ရေး) ပင်စင် လုပ်သက်ပင်စင် ၂၁၇ ဦး၊ မိသားစုပင်စင် ၂၇၁ ဦး၊ မစွမ်းမသန်ပင်စင် ၉၂ ဦး၊ မြို့ပြပင်စင်စားဦးရေလုပ်သက်ပင်စင် ၆၁၅ ဦး၊ မိသားစုပင်စင် ၃၃၅ ဦး၊ နိုင်ငံရေးပင်စင် လုပ်သက် ၉၀၊ မိသားစုပင်စင် ၆၃ ဦး၊ စီးပွားရေးဘဏ်ပင်စင်လုပ်သက် ၁၅ ဦး၊ မိသားစုပင်စင် ရှစ်ဦး၊ ဗဟိုဘဏ်ပင်စင်နှစ်ဦးရှိကြောင်း သိရသည်။

"အရင်ကပင်စင်လစာကိုလကုန်ခါနီးသုံးရက်အလိုမှာ ထုတ်ပေးတာပါ။ ခုတော့ လမကုန်ခင်ခုနစ်ရက်စောထုတ်ပေးတော့ ပင်စင်စားတွေအတွက် အဆင်ပြေတာပေါ့"ဟု မြို့ပြပင်စင်စားတစ်ဦးက ပြောသည်။

ပင်စင်ထုတ်ယူရာတွင် ခရီးလွန်နေသူများ၊ အကြောင်းအမျိုးမျိုးကြောင့်မထုတ်ဖြစ်သူများကို နောက်လဆန်းရုံးဖွင့်ရက် မည်သည့်ရက်တွင်မဆိုလာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

စက်တင်ဘာလနှင့် မတ်လတို့တွင်ခြောက်လတစ်ကြိမ် လူတွေ့စစ်ဆေးကိုယ်တိုင်ထုတ်ယူနိုင်ပြီး ကျန်ကာလများတွင် ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်သည်။ ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူရာတွင် ကာယကံရှင် ပင်စင်စားလက်မှတ်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်ဖြင့် ထုတ်ယူရမည်။ မိသားစုပင်စင်ဖြစ်ပါက နောက်အိမ်ထောင်မပြုကြောင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးထောက်ခံချက် လိုအပ်သည်။ မမာမကျန်းဖြစ်၍ အိပ်ရာထဲလဲနေသူများ၊ သက်ကြီးရွယ်အိုများကို အိမ်တိုင်ရာရောက်မန်နေဂျာနှင့် တာဝန်ရှိသူများက လူတွေ့စစ်ဆေး၍ ထုတ်ပေးသည်။



ယခင်က ပင်စင်စာအုပ်များဖြင့် ထုတ်ယူရသဖြင့် အချိန်ကြာမြင့်ခဲ့သော်လည်း ယခုအခါ e-pension (အီးပင်စင်) ကတ်များဖြင့် ထုတ်ယူရသဖြင့် အချိန်ကုန်သက်သာပြီး အဆင်ပြေကြောင်းသိရသည်။

**ပေါက်ကလေး(သရက်)**

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင်. . .

**ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြော်ငြာ/ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-**

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန် ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၈၄၆၂၇၁ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း | ၀၉-၃၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးငွေကို | ၀၉-၇၃၀၇၆၀၀၁<br>၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင် | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးညွန့်မောင် | ၀၉-၄၂၁၀၈၆၂၃၉ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးဉာဏ်တေဇထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သဃ်န်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဦးခင်ဇော်မောင် | ၀၉-၄၂၀၁၁၅၄၁၄ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |
| ၁၃ | ဦးလှိုင်ဝင်း | ၀၉-၄၂၁၄၁၉၉၆ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဒေါ်နီလာရင် | ၀၉-၂၅၄၁၁၆၄၆၇ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးထွန်းဖေ | ၀၉-၃၁၀၆၉၇၇၉ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဦးခင်မောင်ဆက် | ၀၉၆-၂၅၀၁၆၂၀၄၇ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၀၀၃၀၅၈၅ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ဌေး | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးမှတ်ကြီး | ၀၉-၂၅၀၁၈၅၁၈၆ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးအောင်ကျော်စိန် | ၀၉-၄၃၀၆၅၁၂၀ | တာမွေ-၁ | ကိုယ်စားလှယ် |
| ၂၅ | ဦးကျော်စိုးဝင်း | ၀၉-၉၇၇၂၂၀၂၃၅၂ | တာမွေ-၂ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၀၅၄၃၄၀ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဦးလှညွန့် | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးတင်လှ | ၀၉-၄၂၁၄၅၄၈၁ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |

# ပြည်သူချစ်တဲ့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ အမှန်တကယ် ဖြစ်စေလို

## ကိုပေါက်(နေပြည်တော်)

လူမှုကွန်ရက်၏အကျိုးကျေးဇူးကြောင့် လတ်တလောကာလအတွင်း ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူသိရှိလာနိုင်သည့်ခေတ်ကာလတွင် လူမှုကွန်ရက်စာမျက်နှာအတော်များများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကောင်းမွန်သည့်ပုံရိပ်နှင့် မွေးပျံ့သည့် ဂုဏ်သတင်းများ ပွင့်လန်းမွှေးကြိုင်လာသည်ကို မကြာခဏဆိုသလို တွေ့မြင်လာရသည်။

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း တာဝန် ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရသည့် ရဲတပ်ဖွဲ့ဝင်များ၊ ကူညီဆောင်ရွက်ပေးသည့် ရဲတပ်ဖွဲ့ ဝင်များ ၊ ဧရာဝတီမြစ်ကြောင်းအတွင်း ခရီးသွားလာနေသည့် သင်္ဘောအား ဓားပြတိုက်သူများကို အချိန်မဆိုင်းဘဲ အလျင်အမြန် ဖော်ထုတ်ဖမ်းဆီးပေးနိုင်ခဲ့သည့်ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်- မန္တလေးအမြန် လမ်းမကြီးထက် ကားစက်ချွတ်ယွင်း ၊ ကားပျက်သူများကို စွမ်းစွမ်းတမံကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ စသည့် စသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကောင်းသတင်းဂုဏ်ကိုဆောင်နိုင်ကြသည့် တပ်ဖွဲ့ဝင်များစွာကို လူမှုကွန်ရက်ကြောင့် များစွာသတိထားမိလာခဲ့သည်။

လူမှုကွန်ရက်စာမျက်နှာများထက်တွင် ပြည်သူများစွာ၏ နှစ်လိုအားရမှုနှင့် လေးစားအားကျသည့် မှတ်ချက်များ၊ နှစ်ထောင်းအားရဖြစ်စွာ အားပေးကြသည့် အားပေးစကားစုများစွာကို ဖတ်ရှုရသည့်အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တိုးတက်ကောင်းမွန်လာသည့်ပုံရိပ်ကောင်းများအတွက် များစွာဂုဏ်ယူကျေနပ်မိပါသည်။

လွတ်လပ်ရေးရပြီးခေတ်မှ မျက်မှောက်ကာလသို့တိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကို ဥပဒေဘောင်အတွင်းမှ အစွမ်းကုန် ကြိုးစားစောင့်ရှောက်ခဲ့ကြသူများစွာ ရှိခဲ့သော်လည်း များစွာထင်ပေါ်ခဲ့ခြင်းမရှိခဲ့ဘဲ ပြည်သူအများ၏ အထင်လွဲမှုနှင့် အမြင်တိမ်းစောင်းမှုများစွာကို ရင်ဆိုင်ခဲ့ကြရသည်။

ယခုအခါ လူမှုကွန်ရက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ တစ်တိုင်းပြည်လုံး၊ နိုင်ငံအဝန်း အချိန်နှင့်တစ်ပြေးညီ သိရှိလာနိုင်ပြီဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအဖို့ မိမိတို့၏ကောင်းမွန်သည့်စိတ်ဓာတ်နှင့် မွန်မြတ်သည့်စိတ်ထား၊ တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှုနှင့် ပြည်သူအပေါ်ထားရှိသည့် စိတ်ရင်းစေတနာတို့ကို မှန်မှန်ကန်ကန် ပြသနိုင်ကြပြီဖြစ်သည်။

ခေတ်အဆက်ဆက်တွင် အသားကျခဲ့သည့် ပြည်သူအပေါ် ဆက်ဆံမှုမျိုးမှ ဖောက်ထွက်ကာ ပြည်သူများ၏ ရင်ထဲနှလုံးသားထဲမှ အမှန်တကယ် ချစ်မြတ်နိုးအားကိုးစွာ ယုံကြည်အားထားသည့် ပြည်သူ့ရဲစစ်စစ်များ ဖြစ်လာစေရန် ဆန္ဒပြုရေးသားအပ်ပါကြောင်း ။ ။

# ရေရှားကျေးရွာများအတွက် သောက်သုံးရေလှူဒါန်း

**မိတ္ထီလာ မေ ၂၂**

ယခုအခါ အယ်နီညိုရာသီဥတုပြင်းထန်လာပြီး နေပူရှိန်ပြင်းလာသဖြင့် ရေတွင်း ရေကန်များရေခန်းလာရာ ကျေးရွာများတွင် ရေအခက်အခဲနှင့် ရင်ဆိုင်နေကြသည်။ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရေပြတ်လပ်မှုများ ရှိနေသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရှားပါးပြတ်လပ်နေသောကျေးရွာများဖြစ်သည့် ဂဠုန်ကုန်းအုပ်စု သဲတောလေးကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်ထောင်စုတို့အတွက် ရေဂါလန် ၁၂၀၀၊ မိတ္ထီလာမြို့နယ် တောင်ဖီလာကျေးရွာရှိ အိမ်ခြေ ၁၀၆ အိမ်ထောင်စုအတွက် ရေဂါလန် ၁၂၀၀၊ လျှော်ဖြူပင်ကျေးရွာမှ အိမ်ထောင်စု ၃၂ စုတို့အတွက် ရေဂါလန် ၁၂၀၀ နှင့် ကျွဲတလင်းကျေးရွာအုပ်စု ဘုံစုကန်ကျေးရွာမှ အိမ်ထောင်စု ၉၅ စုမှ လူဦးရေ ၅၀၅ ဦးအတွက် သောက်သုံးရေဂါလန် ၁၂၀၀ ကို မီးသတ်ကားများဖြင့် ပေးဝေလှူဒါန်းခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရေရှားပါးကျေးရွာများဖြစ်သော သရက်ကန်ကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ သဲတောလေးကျေးရွာ၊ ဒီးတုတ်တောင်ကျေးရွာ၊ ပေါက်ပင်အိုင်ကျေးရွာ၊ တောင်ဖီလာကျေးရွာ၊ အနောက်ရေငံကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ စည်ပင်သာယာကျေးရွာနှင့်အုတ်နဲ့ဘုတ်ကျေးရွာများတွင် ရေတွင်းနှင့် မြေသားကန်များ ငွေကျပ် သန်း ၁၃၀ အကုန်အကျခံ၍ တူးဖော်ပေးသွားမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရရှိသည့်ဘဏ္ဍာရေးပါမှုတည်၍ ရေရှားကျေးရွာ ၂၀ ကိုလည်း ဆက်လက်၍ ရေတွင်းရေကန်များ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# လှိုင်သာယာတရားရုံးသစ်(ယာယီ)၌ အချုပ်ခန်းအသစ် တည်ဆောက်

**ရန်ကုန် မေ ၂၂**

လှိုင်သာယာမြို့နယ်တွင် တရားရုံးအသစ်တည်ဆောက်မည်ဖြစ်၍ မူလနေရာမှ တရားရေးရာလေ့ကျင့်ရေးကျောင်းဝင်းအတွင်းသို့ မတ် ၂၃ ရက်မှစတင်၍ ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားရာ တရားရုံးအတွင်းရှိ မှုခင်းမှတ်တမ်းရုံးခန်းအပါအဝင် အချုပ်ခန်းတည်ဆောက်ထားရှိမှုကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးအောင်ကိုဝင်းက မေ ၂၁ ရက်က လာရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

"သင်္ကြန်မတိုင်မီနဲ့ သင်္ကြန်ကာလက မှုခင်းဖြစ်ပွားခဲ့တဲ့ အချုပ်သားတွေကို ဒီနေ့မှာ အသစ်တည်ဆောက်ထားတဲ့ အချုပ်တိုက်ခန်းကနေ ရုံးထုတ်တယ်။ ပုံမှန်ဆိုရင် လူဦးရေ ၆၀ ကျော်ရှိပေမယ့် သင်္ကြန်အပြီးဆိုတော့ အချုပ်သား ၁၀၀ နီးပါးရှိတယ်။ ပေ(၈×၁၀) အခန်းခြောက်ခန်းမှာ အမျိုးသမီးတစ်ခန်း၊ အမျိုးသားလေးခန်းနဲ့ မှုခင်းမှတ်တမ်း(CRO) တစ်ခန်း တည်ဆောက်ပြီးပါပြီ" ဟု မြို့နယ်မှူး ဒုရဲမှူး သန်းမြင့်ဦးက ပြောသည်။

တရားရုံးသစ်ဝင်း၏အနောက်မြောက်ထောင့်တွင် အချုပ်ခန်းကို တည်ဆောက်ထားခြင်းဖြစ်ပြီး အုတ်ကာ၊ ကွန်ကရစ်အခင်းနှင့် သစ်သားပျဉ်တို့ဖြင့်ကာရံတည်ဆောက်ထားကာ အမြင့် ၁၅ ပေခန့်ရှိသောကြောင့် လေဝင်လေထွက်ကောင်းမွန်ကြောင်း၊ မိုးရာသီတွင်အချုပ်ခန်းနှင့်တရားရုံးသို့ သွားလာရာ၌ မြေနိမ့်ပြီး ရေဝပ်သောနေရာဖြစ်သည့်အတွက် အားလုံးသွားလာမှုလွယ်ကူစေရန်လမ်းခင်းရန်နှင့် အချုပ်ခန်း၏အမိုးကို တာလပတ်အုတ်ထားမှုမှ သွပ်ပြားဖြင့်မိုးသွားရန်လိုအပ်ကြောင်း သိရသည်။

**(၁၆၄)**



# ဂွ-ငါးသိုင်းချောင်း တောင်ကြောလမ်းတစ်လျှောက် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**ပုသိမ် မေ ၂၂**



ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ဂွ-ငါးသိုင်းချောင်း တောင်ကြောကားလမ်းမဘေးဝဲယာရှိ သောက်သုံးရေအခက်အခဲရှိသော မိဿလင်ကျေးရွာအုပ်စု မိုင် ၂၀ နှင့် ၂၂ မိုင် ကျေးရွာများသို့ မေ ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့တို့က ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်နှစ်စီးဖြင့် အိမ်ထောင်စု ၇၅ စုတို့အတွက် သောက်သုံးရေများ အိမ်တိုင်ရာရောက် သွားရောက်ဖြန့်ဝေ လှူဒါန်းပေးနိုင်ခဲ့သည်။

ဆက်လက်၍ ဂွ-ငါးသိုင်းချောင်း လမ်းအရှေ့ဘက်ရှိ ဒရယ်ခုန်ကျေးရွာ အိမ်ခြေ ၁၃၇ လုံးသို့လည်း ဒုတိယအကြိမ် ရေဂါလန် ၁၆၀၀ ထပ်မံဖြန့်ဝေ လှူဒါန်းနိုင်ခဲ့ပြီး အဆိုပါ ကျေးရွာများမှာ ရေတွင်းများတူးဖော်မရရှိနိုင်သော ကျောက်တောင်မြေအမျိုးစားဖြစ်ခြင်း ရေသိုလှောင်ထားရှိရန်အတွက် နွေအခါ စိမ့်စမ်းရေလုံလောက်စွာ မရရှိခြင်းတို့ကြောင့် နှစ်စဉ် သောက်သုံးရေပြတ်လပ်မှုအခက်အခဲကို ရင်ဆိုင်နေကြရကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။ သောက်သုံးရေများအပြင် စေတနာရှင်ပြည်သူများက လှူဒါန်းထားသော ရေသန့်ဘူးအလုံး ၅၀၀ ကိုလည်း လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# မြို့နယ်စာရေးဆရာအသင်း အမှုဆောင်သစ်များရွေးချယ်

**ဖြူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စာရေးဆရာအသင်း ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို မေ ၂၀ ရက်က ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်း၌ကျင်းပရာ အသင်းနာယက ဦးမြင့်ဦး(ဖြူးမြင့်ဦး)၊ အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း-ရွှေအင်း)နှင့် အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဆက်လက်၍ အမှုဆောင်သစ်များကို ဒီမိုကရေစီနည်းကျ အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြရာ အသင်းနာယကအဖြစ် ဦးမြင့်ဦး၊ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ အတွင်းရေးမှူး ဦးဖြူဝင်း၊ ဘဏ္ဍာရေးမှူး ဦးတင်လှိုင်၊ စာရင်းစစ် ဦးမျိုးဝင်း(မောင်ရှပ်ဆိုး-ကညွတ်ကွင်း)နှင့် အမှုဆောင် ဦးစိုးငြိမ်း(မအူပင်မောင်လေး) တို့ကို အများသဘောတူရွေးချယ်တင်မြှောက်ကြကာ ညီလာခံကိုယ်စားလှယ်အဖြစ် အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းအား ရွေးချယ်ကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ဘုတလင်အထက၌ အာစရိယပူဇော်

**ဘုတလင် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမ၌ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို မေ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ကန်တော့ခံဆရာကြီး ဆရာမကြီး ၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၆ သိန်းနှင့် လက်ဆောင်ပစ္စည်းများ၊ မြတ်သဒ္ဓါလူမှုကူညီရေးအသင်းအတွက် ငွေကျပ် ၅၀၀၀၀တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာ ရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြား ကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန်ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သည့် အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက် ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုရွေးချယ် အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကိုအရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါး ထူထူ (သို့) နေရောင်ခံ လိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# သာစည်မြို့တွင် ကွမ်းစားသုံးမှု ပပျောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေ



**သာစည် ဧပြီ ၂၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မြို့သန့်ရှင်းသာယာ လှပရေးနှင့် အများပြည်သူ ကျန်းမာရေးအတွက် မြို့နယ်စီခံခန့်ခွဲမှုကော်မတီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မြို့နယ်အတွင်း ကွမ်းစားသုံးမှု ကျဆင်းပပျောက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကွမ်းစားခြင်းက ကျန်းမာရေးကို ထိခိုက်ပါတယ်။ ကွမ်းစားခြင်းကြောင့် ပါးစပ်ကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ လျှာကင်ဆာများ ဖြစ်ပွားနိုင်ပါတယ်။ ပြီးတော့ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုကြောင့် ပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းစေပါတယ်။ ကွမ်းစားခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်ပေါ်စေပါတယ်။ အခုကျွန်တော်တို့မြို့မှာ ကွမ်းစားသုံးမှု ကျဆင်းပပျောက်အောင် ဆောင်ရွက်သွားမယ့် စီမံချက်ကို ကြိုဆိုပါတယ်" ဟု သာစည်မြို့ အမှတ်(၄)ကျောင်းကြီးရပ်ကွက် စိုပြည်ဆေးခန်းမှ ဒေါက်တာစိုးဦးက ပြောသည်။

အဆိုပါကွမ်းစားသုံးမှု ကျဆင်းပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် ဒေသတွင်း ကွမ်းသီး၊ ကွမ်းရွက် စိုက်ပျိုးထုတ်လုပ်မှု ထိန်းချုပ်ရန်၊ ကွမ်းယာများတွင် ထည့်သွင်းစားသည့် ပြည်ပမှ တင်သွင်းသော ဆက်စပ်ပစ္စည်းများကို ထိန်းချုပ်ရန်၊ ကွမ်းယာစားသုံးခြင်းမှ ရရှိနိုင်သည့် ရောဂါများအား စားသုံးသူများ သိရှိနိုင်ရန် ကျယ်ပြန့်စွာ အသိပညာပေးဆွေးနွေးရန်၊ ဒေသတွင်းကွမ်းယာရောင်းချသည့်ဆိုင်များ လျော့နည်းပပျောက်ရေးအတွက် လက်ရှိရောင်းချနေသော ကွမ်းယာဆိုင်များ နောက်ထပ် တိုးပွားမလာစေရေးအတွက် ထိန်းချုပ်ရန်၊ ကွမ်းယာရောင်းချသည့် ဆိုင်များတွင် ကွမ်းတံတွေးဇလားများ၊ အမှိုက်ခြင်းများထားရှိရန်၊ အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် မြို့ကြီးများ သန့်ရှင်းမှုကို ထိခိုက်စေသော စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကို သက်ဆိုင်ရာဌာနများမှ စည်းကမ်းသတ်မှတ်ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

"အခုလို ကွမ်းစားသုံးမှု ကျဆင်းပပျောက်အောင် ဆောင်ရွက်တာကိုတော့ကြိုက်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ ကွမ်းစားလာတာကြာပြီဆိုတော့ ဒီစီမံချက်က အောင်မြင်ပါ့မလားလို့ တွေးမိတယ်။ မိသားစုဝမ်းစာအတွက် ကွမ်းရောင်းဆိုင်လေးတွေရဲ့ ရေရှည်စီးပွားရေးကိုလည်း ထည့်တွက်သင့်ပါတယ်။ အဓိကက ကွမ်းစားသုံးသူတွေရဲ့ မဆင်မခြင် ကွမ်းတံတွေးထွေးမှုပါပဲ။ ပြီးတော့ ကွမ်းထုပ်လာတဲ့ ပလတ်စတစ်အိတ်ခွံတွေကို စနစ်တကျ မစွန့်ပစ်ဘဲ ကြုံသလိုပစ်တော့ မြို့သန့်ရှင်းမှုကို ထိခိုက်လာတော့တာပေါ့။ ဖြစ်နိုင်ရင် ကွမ်းစားသုံးခြင်းကြောင့် ကျန်းမာရေး ထိခိုက်နိုင်တာတွေကို ကျန်းမာရေးဌာနက ကျယ်ပြန့်စွာ အသိပညာပေး ဟောပြောဖို့လိုပါတယ်" ဟု အမှတ်(၅)နယ်မြေ သံလွင်ဆေးဆိုင်မှ အရောင်းတာဝန်ခံ ဦးကျော်သင်းက ပြောသည်။

ယခုအခါ သာစည်မြို့နယ် စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်အတွင်း ကွမ်းစားသုံးမှု ကျဆင်းပပျောက်ရေးအတွက် ကွမ်းရောင်းဆိုင်များ၏ စာရင်းကိုအတိအကျ ကောက်ယူနေပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကွမ်းစားသုံးမှု ပပျောက်ရေးအတွက် အကြံဉာဏ်များရယူနေကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# ကရင်လူငယ်နှီးနှောဖလှယ်ပွဲကျင်းပ

**ပုသိမ် ဧပြီ ၂၂**
ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကရင်လူငယ်နှီးနှောဖလှယ်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ကြီးတံတားအနီး မရမ်းချောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်၊ ကရုဏာစင်တာမှ ဖာရ်သာဟင်နရီအိုင်ခလိန်း၊ တိုင်းဒေသကြီး ကရင်စာပေ/ယဉ်ကျေးမှုနာယက မန်းဒေးဗစ်၊ အိမ်မဲမြို့နယ် ကရင်စာပေ/ယဉ်ကျေးမှုဥက္ကဋ္ဌ မန်းကျော်လွင်၊ သင်တန်းနည်းပြဆရာမများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အုပ်ချုပ်ရေးမှူးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများအနက် ကရင်အမျိုးသားများသည် ပိုးကရင်၊ စကောကရင်ဟု နှစ်မျိုးကွဲပြားနေသကဲ့သို့ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့မှာလည်း ကွဲပြားနေခြင်းကို အလေးထားနှီးနှောသင့်ကြောင်း ပြောကြားသည်။

ထို့နောက် ကရုဏာစင်တာ တာဝန်ခံ ဖာရ်သာဟင်နရီ အိုင်ခလိန်းက စိန်ခေါ်နေသော သဘာဝဘေးဒဏ်ကာကွယ်ရေး လူငယ်တာဝန်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ကရင်စာပေ/ယဉ်ကျေးမှုတာဝန်ခံ မန်းဒေးဗစ်က အနာဂတ် လူငယ်ခေါင်းဆောင်တို့၏ တာဝန်ပိုင်းနှင့် တိုးတက်ရေးကဏ္ဍကိုလည်းကောင်း၊ အိမ်မဲမြို့နယ် ကရင်စာပေ/ယဉ်ကျေးမှု အတွင်းရေးမှူး မန်းကျော်လွင်က လူငယ်နှီးနှောဖလှယ်ပွဲ၏ ဦးတည်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကရင်လူငယ်နှီးနှောဖလှယ်ပွဲကို ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ဓမ္မစာပေသင်တန်းဖွင့်

**နေပြည်တော် ဧပြီ ၂၂**
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ဒီဇင်ဘာလတွင်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်သင်တန်းများကို သင်တန်းမှူး ဆရာမကြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ သင်နည်းစနစ်နှင့်အညီ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းသိရသည်။

ယခုဖွင့်လှစ်မည့် သင်တန်းကို မေ ၁ ရက်မှ ဒီဇင်ဘာအထိ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း အဘိဓမ္မာ/ဝိသုဒ္ဓိမဂ် (ပထမအဆင့်)ကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိလည်းကောင်း၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်(ဒုတိယအဆင့်)ကို မွန်းလွဲ ၂ နာရီမှ ညနေ ၃နာရီခွဲအထိလည်းကောင်း၊ အဘိဓမ္မာ/ ဝိသုဒ္ဓိမဂ်(တတိယအဆင့်) ကို ညနေ ၃ နာရီ ၄၅ မိနစ်မှ ညနေ ၅ နာရီအထိလည်းကောင်း အမှတ်(၅) အထက နေပြည်တော်(မြို့မဈေး) အနီးတွင် ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် ဒေါ်စောစောမြင့်(ဥတ္တရသီရိ) ဖုန်း - ၀၉-၂၅၀၁၀၂၅၂၂ ၊ ဒေါ်မြအေးစံ(စွမ်းအင်ဝန်ကြီးဌာန) ဖုန်း-၀၉-၄၉၂၂၂၆၇၇ ၊ ဒေါ်သန်းသန်းဌေး(စက်မှုဝန်ကြီးဌာန) ဖုန်း-၀၉-၄၂၀၇၁၂၈၂၂၊ ဒေါက်တာ ဝင်းသန့် (ဆောက်လုပ်ရေးဝန်ကြီးဌာန) ဖုန်း-၀၉-၄၉၂၂၁၆၇၀ တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြတ်မင်္ဂလာအခြေခံ ဗုဒ္ဓဘာသာသင်တန်းနှင့် နွေရာသီအင်္ဂလိပ်စာသင်တန်း အခမ်းဖွင့်

**မြို့သစ် ဧပြီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ မင်းသာစံပြကျေးရွာ သဒ္ဒမဝံသကျောင်းဆရာတော် ဘဒ္ဒန္တပဇ္ဇောတဉာဏမှဦးစီး၍မြတ်မင်္ဂလာအခြေခံဗုဒ္ဓဘာသာသင်တန်းနှင့်နွေရာသီအင်္ဂလိပ်စာသင်တန်းကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက မင်းသာ စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အခမ်းဖွင့်လှစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် ကျောင်းသားကျောင်းသူ ၂၅၀ ခန့် တက်ရောက်ကြပြီး သင်တန်းဆရာ ၁၀ ဦးမှ ဗုဒ္ဓဘာသာစာပေများ၊ အင်္ဂလိပ် Grammar နှင့် Speaking ဘာသာရပ်များကို မေ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တမူး(ပြန်/ဆက်)**


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇) ၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၀၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

# တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၁၃)

**မြင့်စိုး (နတလ)**

အဲ့ဒါ. . . အမြဲဖြစ်နေကျပါပဲ။ ထုံးစံတစ်ခုလိုဖြစ်သွားပြီ။ သင်္ကြန်သာပြီးသွားတယ်၊ ကျွန်တော့် ပတ်ဝန်းကျင်မှာ မန်းတောင်ရိပ်ခို သီချင်းသံတွေ၊ မြူမှောင်ဝေကင်း သီချင်းသံတွေက ဝေ့ဝဲပြီး ကျန်ရစ်နေတတ်စမြဲ။ ပိတောက်ရနံ့တွေ ကြိုင်လှိုင်ပြီး ဝေနေတတ်စမြဲ။ အဲသည်လို များပြားလှစွာသော သင်္ကြန်ပုံရိပ်တွေထဲက ကျွန်တော့် ရင်ထဲအသည်းထဲကို စူးစူးနစ်နစ် စွဲသွား စေတဲ့ ပန်းရနံ့တစ်ခု။ ဟုတ်တယ်. . . ပြည်ထောင်စု စိတ်ဓာတ် ပန်းရနံ့။

ပိတောက်ရနံ့တွေနဲ့အတူ ကြိုင်လှိုင်နေအောင် ကျွန်တော်တို့ တည်ဆောက်ခဲ့ဖူးတယ်။ လွမ်းမောဖွယ်ရာ အတိတ်မှာ တဖျတ်ဖျတ် ပေါ်လာတာက ရွှေဝါဖူးသင်္ကြန် သီချင်းရိုက်ကွင်းပုံရိပ်တွေ. . .။

နယ်စပ်ဒေသကလာတဲ့ တိုင်းရင်းသူတွေ သင်္ကြန်ယိမ်း အကတိုက်လို့ရအောင် နှစ်စဉ်သီချင်းတစ်ပုဒ် တစ်ပုဒ် တော့ သင့်တော်ရာ တေးရေးဆရာနဲ့ အပ်စမြဲပါ။ ပင်တိုင် တေးရေးဆရာကတော့ တစ်နယ်တည်းသားလည်းဖြစ်၊ ဆရာ့လိုတစ်မျိုး အစ်ကိုလိုတစ်သွယ် ခင်မင်ရတဲ့ ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတ ဦးမြင့်ငွေပါ။

ရွှေဝါဖူးသင်္ကြန် သီချင်းက နောက်ဆုံးစပ်ထားတဲ့ သီချင်း။ ဆရာ့ဆီမှာ သီချင်းရေးပေးဖို့ အကူအညီ တောင်းရင် သူက ရေးပေးရုံမျှသာမဟုတ်၊ သည် သီချင်းလေးက စိုးစန္ဒာထွန်းအသံနဲ့ လိုက်ဖက်တယ်၊ ဘယ်သီချင်းကတော့ ရတနာဦးနဲ့မှ လိုက်ဖက်မှာ၊ ဘယ်သီချင်းကတော့ ယဉ်ယဉ်ထွန်း (ယဉ်ဝေယံထွန်း) နဲ့မှဖြစ်မှာ စသည်. . စသည်ဖြင့် တေးသံရှင် အဆိုတော် ကိုပါ ရွေးပေးတတ်ပါတယ်။ ဒါတွင်ပဲလားဆိုတော့ မကသေးပါ (မြစ်ဝကျွန်းပေါ်သားမို့ စကားပြောရင် အောတိုက်တို့၊ မကဘူးတို့ ဆိုတာတွေကပါလာရော) ကိုယ့်သီချင်းကို ပိုကောင်းအောင် စိတ်ရှည်လက်ရှည် အချိန်ပေးပြီး အသံသွင်းပေးနိုင်မယ့် စတူဒီယိုကိုလည်း သူပဲရှာပေးတာ။ တီးဝိုင်းကအစပေါ့၊ အထူးသဖြင့် ဆရာလိုချင်သလို တီးပေးတဲ့ စန္ဒရားမောင်လှအေးတို့လို တီးဝိုင်းအဖွဲ့တွေ။



တိုင်းရင်းသားသွေးချင်းများ စည်းလုံးညီညာစွာ ပျော်ပျော်ပါးပါးကခုန်မြူးထူးနေကြစဉ်

ကျွန်တော် နတလကို မရောက်ခင် ၁၉၉၃ ခုနှစ်နဲ့ ၁၉၉၅ ခုနှစ်ကြား နှစ်နှစ်ကာလအတွင်းမှာပဲ နယ်စပ် သင်္ကြန်သီချင်းတွေက တော်တော်များနေပါပြီ။ နွေပိတောက်၊ တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ၊ ပြည်ထောင်စုသားတို့သင်္ကြန်၊ ပြည်ထောင်စုနှင့်ခါသင်္ကြန် အစရှိသဖြင့်ပေါ့။ ကျွန်တော်ရောက်ပြီး ၁၉၉၅ ခုနှစ် နောက်ပိုင်းမှာတော့ ဆရာဦးမြင့်ငွေနဲ့ ရေးခဲ့တာက ပြည်ထောင်စုကြီးအေးချမ်းပါစေ၊ ရာသက်ပန်ပြည်ထောင်စု အေးချမ်းပါစေ၊ ရွှေဝါဖူးသင်္ကြန်သီချင်းများပဲ ဖြစ်ပါ တယ်။ ကိုသန်းထူးနဲ့ပေါင်းပြီး ဆရာကေတုဝင်းထွဋ်ဆီမှာ ရိုးရာအလှမြန်မာ့သင်္ကြန် (စိုးစန္ဒာထွန်း)၊ ဘဘရာမ ဦးအုန်းမောင်ရေးပေးတဲ့ ပြည်ထောင်စုအားမာန်သွေးချင်း တို့သင်္ကြန် (ရတနာဦး) သီချင်းများရခဲ့ပါသေးတယ်။ ပြည်ထောင်စုအားမာန် သွေးချင်းတို့သင်္ကြန်သီချင်းထဲက ဘဘဦးအုန်းမောင်ရေးပေးတဲ့ စာသားတွေထဲမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းရယ်ပါ×××“ဝ” ပလောင် ဆလုံနဲ့ တောင်သူ နာဂလည်းမကျန်ပါဆိုပြီး တိုင်းရင်းသားလူမျိုး အမည်လေးတွေနဲ့ တွဲရေးပေးထားတာ မှတ်မိနေပါသေးတယ်။ ပိုပြီးအမှတ်တရဖြစ်သွားစေတာက တော့ အဲ့ဒီနှစ်သင်္ကြန်၊ အဲ့ဒီသီချင်းအသစ်အပါအဝင် သင်္ကြန်ယိမ်းအကတွေကို မြန်မာ့ရုပ်မြင်သံကြားမှာ သွားပြီး ရိုက်ကူးရာကအပြန် အစ်ကိုကြီးကိုသန်းထူး တစ်ယောက် ဌာနဆိုင်ရာအရေးယူ ခံလိုက်ရတာကြောင့်ပါ။ MRTV မှာ သီချင်းတွေမရိုက်နဲ့ဦးလို့ ပြောထားတာကို သွားရိုက်လို့တဲ့။ အမိန့် မနာခံမှုဆိုလားပဲ။ အနုပညာရှုပိုးထိုး တဲ့ နေရာမှာ အဲ့လိုပေးဆပ်ရမှုတွေနဲ့လည်း ကြုံရသေး သဗျာ။ နောက်မှတောင်းတောင်းပန်ပန်လုပ်လိုက်ကြလို့ တစ်ထစ်လျှော့ပြီး ဌာနကူးပြောင်းခွင့် ရသွားတယ်။ ပို့ဆောင်ရေးကို. . .။

ပြီးခဲ့တဲ့ သင်္ကြန်တွင်းတုန်းက (အကြတ်နေ့) MRTV နဲ့ မြဝတီရုပ်သံလိုင်းတွေကို ဟိုပြောင်းသည်ရွှေ့လုပ်ပြီး ခါသင်္ကြန်အဆိုအကတွေကို ကြည့်နေတုန်း စိတ်ထဲမှာ ချင်ခြင်းတစ်ခု ဖြစ်ပေါ်လာပါတယ်။ လွန်ခဲ့တဲ့ သင်္ကြန် ကာလတွေမှာ ကျွန်တော်စီစဉ်တည်းဖြတ်ပြီး ပို့ထားတဲ့ နယ်စပ်သင်္ကြန်သီချင်းလေးတွေ ပြန်လွှင့်ပေးရင် ကောင်း မှာပဲလို့။ တိုက်တိုက်ဆိုင်ဆိုင် အဲသည်လို တွေးနေတုန်းမှာ ဖြုန်းဆို မြဝတီရုပ်သံကနေ ရွှေဝါဖူးသင်္ကြန်သီချင်းနဲ့ အကလေးတွေ ထုတ်လွှင့်ပေးတာကို ကြည့်လိုက်ရပါတယ်။ ကြည်နူးဝမ်းသာမှုနဲ့အတူ လွန်ခဲ့တဲ့ (၁၀)နှစ် ယွန်းယွန်းဆီ က အမှတ်တရပုံရိပ်တွေ ပြန်ပေါ်လာပါတော့တယ်။ ဒီသီချင်းအတွက် တိုင်းရင်းသားကျေးရွာက သမီးပျို ၁၆ ယောက်နဲ့ ယိမ်းအကတိုက်ခဲ့ပါတယ်။ ပြီးတော့ MRTV၊ MWD၊ SkyNet တွေမှာ ထုတ်လွှင့်ပြသနိုင်အောင် တိုင်းရင်းသားကျေးရွာထဲမှာပဲ ရိုက်ကွင်းတည်ပြီး တပည့် ကျော် အောင်ဇော်ဦးနဲ့ ရိုက်ကူးခဲ့ခြင်း ဖြစ်ပါတယ်။ အဝင် မုခ်ဦးရှေ့မှာ၊ နန်းမြင့်မျှော်စင်ရှေ့မှာ၊ ကချင်ရွာက ရေခဲ တောင်ပေါ်မှာ၊ ကယားရွာက ကိန္နရီကိန္နရာမောင်နှံ ရုပ်တု ရှေ့မှာ၊ ကရင်ရွာက ဖားစည်ကြီးနားမှာ၊ ချင်းရွာက ဆုတောင်းတိုင်အနီးမှာ၊ ဗမာရွာက ဗမာအိမ်နဲ့ မီးဖိုချောင် ဆက်နေတဲ့ ရေကပြင် ပေါ်မှာ၊ မွန်ရွာက ကျိုက်ထီးရိုးပုံတူ စေတီတော်ဘေးမှာ၊ ရခိုင်ရွာက ထုက္ကန့်သိမ်ပုထိုးတော် ဘေးမှာ၊ ရှမ်းရွာက အင်းလေးကန်ဘေးမှာ တိုင်းရင်းသူ ဝတ်စုံပြည့်နဲ့ ရိုက်ခဲ့ကြခြင်းပါ။ ကင်မရာကလည်း တစ်ဆိုင်းတည်းမို့ တစ်နေရာမှာ နှစ်ကျော့သုံးကျော့လောက် ပြန်ကပြီး ရှုထောင့်နှစ်နေရာ သုံးနေရာ လောက်က ရိုက်နေရတာမို့ ကလေးတွေလည်း ပင်ပန်း၊ ကင်မရာမင်း အောင်ဇော်ဦးလည်း မစားသာ ဖြစ်ခဲ့ရတာတွေကို ခုထိမှတ်မိနေဆဲပါ။ ပင်ပန်းလာတော့ မပြုံးနိုင်ကြတော့ ဘူးလေ။ အဲ့ဒီမှာတင် သူတို့ကို အုပ်ချုပ်နေတဲ့ နီလာခင် (ယခုဒုညွှန်မှူး နယ်စပ်ရေးရာဝန်ကြီးရုံး)က ချော့တစ်ခါ ငေါက်တစ်လှည့်နဲ့ အတင်းပြုံးခိုင်းပြီး ရိုက်ခဲ့ရတာ။ ပင်ပန်း ခဲ့ပေမယ့် သီချင်းဖြစ်လာပြီး ရုပ်/သံ တွေကနေ ပြန်ပြ တာကို မြင်ရတဲ့အခါ သူတို့လေးတွေ ပျော်ကြပါတယ်။ ရုံးကရှိတဲ့ ကင်မရာနဲ့ ဖြစ်အောင်ရိုက်ပြီး ယူလာတဲ့အရုပ် တွေကို စိတ်ရှည်လက်ရှည်တည်းဖြတ်ပေးတဲ့ ၃၉ လမ်း ရွှေကောင်းမြတ် ဗီဒီယိုက ကိုတူးနဲ့မမြရင်တို့ ဇနီးမောင်နှံကို လည်း ကျေးဇူးတင်ရပါတယ်။

ရွှေကောင်းမြတ် ဗီဒီယိုမှာပဲ စုစုပေါင်းသင်္ကြန်သီချင်း ၁၀ ပုဒ်လောက် တည်းဖြတ်ခဲ့ဖူးပါတယ်။ တချို့သီချင်း တွေကတော့ ခေတ်စနစ်နဲ့ မကိုက်ညီတော့တာမို့ ပြန်လည် ထုတ်လွှင့်ပြသဖို့ မဖြစ်နိုင်တော့ပါဘူး။ မူဝါဒလမ်းစဉ် (၇)ရပ်တို့ဘာတို့ အစရှိတဲ့ စာသားတွေပါနေလို့ပါပဲ။ သီချင်းတွေတည်းဖြတ် ထုတ်လွှင့်တာအပြင် နယ်စပ်ဖွံ့ဖြိုး ရေးဆိုင်ရာ ရုပ်သံအစီအစဉ်တွေကိုလည်း ၁၀ မိနစ် စာလောက်စီ တည်းဖြတ်ထုတ်လွှင့်ခဲ့ဖူးပါတယ်။ “ဝ”ဒေသ၊ နာဂဒေသ၊ ကရင်ဒေသ၊ ရခိုင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ အစရှိတဲ့ နယ်စပ်ဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ၊ သာသနာရေးဆိုင်ရာ တွေ၊ လူမှုစီးပွားဘဝမြင့်မား တိုးတက်ရေး ဆောင်ရွက်ပေးမှု တွေ၊ ရေရရှိရေးလုပ်ငန်းတွေ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းတွေ စသည်. . . စသည်ဖြင့်။ ၁၉၉၇ခုနှစ်လောက်တုန်းက မြန်မာ့ရုပ်မြင်သံကြားမှာ ညီမငယ် ခင်အေးပွင့်တို့၊ စန်းစန်းလှိုင်၊ အေးအေးမြင့်တို့ အကူအညီနဲ့ သံလွင်ဦး မှာဖူးတဲ့ပန်း၊ ဖွံ့ဖြိုးဝေဆာ ပြည်မြန်မာ အစရှိတဲ့ ရုပ်/သံ အစီအစဉ်တွေကို စပြီးတော့ တည်းဖြတ်ထုတ်လွှင့်ရာကနေ မသိမသာ ပိုးဝင်သွားတာထင်ပါရဲ့။ ဒီကာလတုန်းက နယ်စပ်ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ကွင်းဆင်းရိုက်ကူး ထုတ်လွှင့်ပြသပေးနေတဲ့ ကိုစံဝင်းတို့ကို အားကျခဲ့တာ လည်းပါတာပေါ့။

ဘာပဲဖြစ်ဖြစ်လေ သင်္ကြန်ကာလရောက်တိုင်း နယ်စပ် သင်္ကြန်သီချင်းလေးတွေကို ပြန်လည်ကြားယောင်မိတယ်၊ သတိရတယ်၊ ရေစက်ဆုံခဲ့ဖူးတဲ့ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့တွေကို လွမ်းတယ်။ တစ်ခါတုန်းက နယ်စပ်ဒေသ မှာ. . . . .။



တိုင်းရင်းသားရိုးရာ အိမ်များ၌ တိုင်းရင်းသူများ ဝတ်စုံအပြည့်ဖြင့် ကပြနေမှုကို မြင်တွေ့ရစဉ်

ကင်မရာကလည်း တစ်ဆိုင်းတည်းမို့ တစ်နေရာမှာ နှစ်ကျော့သုံးကျော့ လောက်ပြန်ကပြီး ရှုထောင့်နှစ်နေရာ သုံးနေရာလောက်က ရိုက်နေ ရတာမို့ ကလေးတွေလည်း ပင်ပန်း၊ ကင်မရာမင်း အောင်ဇော်ဦးလည်း မစားသာဖြစ်ခဲ့ရတာတွေကို ခုထိမှတ်မိနေဆဲပါ။ ပင်ပန်းခဲ့ပေမယ့် သီချင်း ဖြစ်လာပြီး ရုပ်/သံ တွေကနေ ပြန်ပြတာကို မြင်ရတဲ့အခါ သူတို့လေးတွေ ပျော်ကြပါတယ်. . .

# မဟာသင်္ကြန် အထူးရထားစီးခရီးသည်ဦးရေ စံချိန်တင်မြင့်တက်



ရန်ကုန်ဘူတာကြီး၌ စောင့်ဆိုင်းနေသည့် ရထားစီးခရီးသည်များ

**ရန်ကုန် ဧပြီ ၂၂**
၁၃၇၇ ခုနှစ် မဟာသင်္ကြန်မတိုင်မီ ကာလဖြစ်သော ဧပြီ ၉ ရက်မှ ၁၃ ရက်အတွင်း သင်္ကြန်အထူးရထားစီးခရီးသည်ဦးရေမှာ ပုံမှန်လိုက်ပါစီးနင်းသူဦးရေထက် အဆပေါင်းသုံးဆအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတွဲဆိုင်းအား သုံးစင်းအထိ တိုးချဲ့ပြေးဆွဲပေးခဲ့ရကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မဟာသင်္ကြန်မတိုင်မီ ကာလဖြစ်သော ဧပြီ ၉ ရက်မှ ၁၃ ရက်အထိကာလအတွင်း ရန်ကုန်ဘူတာကြီးမှ သင်္ကြန်အထူးရထားလိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ခရီးသည်ဦးရေ ၁၂၀၀၀ အထိ ရှိခဲ့ပြီး ပွဲတော်ကာလမဟုတ်သော ပုံမှန်ရက်များတွင်လိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ခရီးသည်ဦးရေ ၄၀၀၀ အထိသာရှိခဲ့ကြောင်း၊ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများ၌ ပြေးဆွဲလျက်ရှိသော ရထားများတွင်လည်း လိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေမှာလည်း တစ်ရက်လျှင် ပုံမှန် ၈၀၀၀၀ ဝန်းကျင်ခန့်အထိ ရှိခဲ့သော်လည်း သင်္ကြန်ပွဲတော်ကာလဖြစ်သောကြောင့် သင်္ကြန်ကာလအတွင်း ရထားစီးခရီးသည်ဦးရေမှာ ၃၀၀၀၀ ထိသာ လျော့နည်းလိုက်ပါစီးနင်းခဲ့ကြကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ် (၇)မှ လက်ထောက်အထွေထွေမန်နေဂျာ(ပို့ဆောင်ရေး)ဦးကျော်စိုးလင်းက "ရန်ကုန်မှာက သင်္ကြန်ပွဲတော်ရက်ဆိုတော့ တချို့က အပြင်မထွက်ကြတာများပါတယ်။ ပြီးတော့ ရုံးပိတ်ရက်ဖြစ်တဲ့အတွက်ကြောင့် အလုပ်သွား၊ အလုပ်ပြန်လည်းမရှိတဲ့အတွက် ဒီရန်ကုန်မြို့ပတ်နဲ့ ဆင်ခြေဖုံးလမ်းပိုင်းမှာ လိုက်ပါစီးနင်းတဲ့ ခရီးသည်ဦးရေက နည်းပါးသွားတာပါ။ ခုတော့ ရုံးဖွင့်ပြီမို့ ရထားစီးခရီးသည်တွေ ပုံမှန်စီးနင်းနေကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့ကလည်း သင်္ကြန်ရက်တွေမှာဆိုရင် မြို့ပတ်လမ်းပိုင်းတွေကို တွဲဆိုင်း ခြောက်ဆိုင်းနဲ့ ခေါက်ရေ ၆၉ ခေါက်ပဲ ပြေးဆွဲပေးတာပါ။ အရင် ပုံမှန်ရက်တွေဆိုရင် တွဲဆိုင်း ၂၃ ဆိုင်းနဲ့ ခေါက်ရေ ၁၂၅ ခေါက်ထိ ပြေးဆွဲပေးပါတယ်" ဟု ပြောသည်။

ယခုနှစ် သင်္ကြန်အထူးရထားပြေးဆွဲပေးမှုမှာ ယခင်နှစ်များထက် တစ်ရက်စောပြေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး RBE (၅) တွဲ(၁) ဆိုင်းစီဖြင့် အဆန်/အစုန်ရထားအား ထပ်မံတိုးချဲ့ပြေးဆွဲခဲ့ကြောင်း၊ သင်္ကြန်ကာလများအတွင်း ရထားတွဲများ၌ ခိုက်ရန်ဖြစ်ပွားမှုများနှင့် မတော်တဆပြုတ်ကျသေဆုံးမှုများ လုံးဝအလျဉ်းမရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ ရန်ကုန်-မော်လမြိုင်နဲ့ ရန်ကုန်-ပြည်လမ်းပိုင်းကို သင်္ကြန်အထူးရထားမပြေးဆွဲပေးနိုင်ခဲ့ပါဘူး။ နောင်နှစ်တွေမှာတော့ အဲ့ဒီလမ်းပိုင်းတွေမှာ သင်္ကြန်အထူးရထား ပြေးဆွဲပေးဖို့ လိုအပ်တဲ့အတွက် အထူးရထားများ ပြေးဆွဲပေးသွားဖို့ စီစဉ်သွားမှာပါ။ ရထားစီးခရီးသည် ဦးရေသိပ်များတော့ ခရီးသည်ဦးရေအားလုံးကို ခံမပေးနိုင်တာဖြစ်ပြီး ရထားစင်းရေနဲ့ မလုံမလောက်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီသင်္ကြန်ကာလရက်ပိုင်းများမှာလည်း ရထားစီးခရီးသည်များခဲ့လို့ အစုအဖွဲ့လိုက်သွားမယ့် တင်ထားတဲ့လျှောက်လွှာတွေကို ကျွန်တော်တို့ မြန်မာ့မီးရထားကလျှော့ချခဲ့ပြီး ခရီးသည်များကိုသာ ဦးစားပေးရောင်းချပေးခဲ့တာပါ။ နောင်နှစ်တွေမှာလည်း ရထားခရီးသည်တွေ ပိုများလာမှာဆိုတော့ သင်္ကြန်အထူးရထားများကို ဒီ့ထက်ရက်စောစောပြေးဆွဲပေးဖို့ ကြိုတင်စီစဉ်သွားပါမယ်" ဟုပြောသည်။

မြန်မာ့မီးရထား လုပ်ငန်းမှ သင်္ကြန် အထူးရထားတွဲဆိုင်းများအား နှစ်စဉ်ပုံမှန်ပြေးဆွဲလျက်ရှိပြီး ယခင်နှစ်များက ရန်ကုန်-မန္တလေး သင်္ကြန် အထူးရထားတစ်စင်းသာ ပြေးဆွဲပေးခဲ့ကြောင်း၊ ယခုနှစ်တွင် ရန်ကုန်-မန္တလေးလမ်းပိုင်း အမြန်ရထားစီးလက်မှတ်ဝယ်သူ ခရီးသည်များ ပိုမိုများပြားလာသောကြောင့် သင်္ကြန်အထူးရထား RBE (၅) တွဲ(၁) ဆိုင်းစီဖြင့် အဆန်၊ အစုန်ရထားနှစ်စင်းအား ထပ်မံတိုးချဲ့ ပြေးဆွဲပေးခဲ့ကြောင်း၊ ထို့ပြင် ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည်လမ်းပိုင်းကိုလည်း လာမည့်နှစ်သင်္ကြန်ကာလများ၌ သင်္ကြန်အထူးရထားများဖြင့် ထပ်မံတိုးချဲ့ ပြေးဆွဲရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**

# နွေရာသီသီးနှံများ စိုက်ပျိုးပြီးစီး

**နတ်မောက် ဧပြီ ၂၂**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း နွေစပါး ဧက ၁၅၀ နှင့် နွေနှမ်း ၁၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၆ခုနှစ်တွင်နွေစပါး ၁၇၂၈ ဧကနှင့် နွေနှမ်း ဧက ၄၆၀ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်သည် အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုနှင့်အညီ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲမရှိစေနိုင်ရေးအတွက် ဒေသအတွင်း ကြိုတင်နှိုးဆော်အသိပေးချက်များ ဆောင်ရွက်ထားရှိပြီး လိုအပ်သည့်လုပ်ငန်းကဏ္ဍအလိုက် ဆက်စပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်စိုက်ပျိုးရေရရှိရေးနည်းလမ်းအလိုက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး အခြေခံလုပ်ငန်းစဉ်များအား ဒေသနေတောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် ဒေသရေ၊ မြေ၊ ရာသီဥတုနှင့် သင့်တော်ဖြစ်ထွန်းသည့်သီးနှံမျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး လိုအပ်သည့် သီးနှံမျိုးစေ့များ စုဆောင်းသိုလှောင်ထားရှိပြီး အယ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးအသိအမြင်သတိရှိနိုင်ဖို့ကဏ္ဍများ အထူးအရေးပေးဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။

နတ်မောက်မြို့၏ အဓိကစိုက်ပျိုးမြေအများစုသည် မိုးကောင်းသောက်၊ သဲဆန်သော လယ်ယာမြေများဖြစ်ပြီး ဆား/ ဆပ်ပြာဆန်သောစိုက်ပျိုးရေများဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် အဓိကထားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



# ကျေးရွာများအရောက် သောက်ရေသန့်ဘူးနှင့် သောက်သုံးရေများလှူဒါန်း

**မုံရွာ ဧပြီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအားလုံးတွင် သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဧပြီ ၁၉ ရက်က မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ထန်းတောရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်မိသားစုများပူးပေါင်း၍ မုံရွာမြို့နယ်အတွင်းရှိ တောင်ကြားကျေးရွာအုပ်စု၊ ကျောက်ခွက်ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

"စိမ့်စမ်းရေကနေ ရွာကိုသယ်ပို့တဲ့ပိုက်လိုင်းတွေ ဆွေးဆို့ပြီး ရွာကို ရေမတက်တော့လို့ ပိုက်လိုင်းတွေဖြုတ်ပြီး ပြုပြင်ဆဲမှာ ရေရှားပါးသွားမှာမို့ရယ်၊ အရင်တုန်းက သုံးထားတဲ့ ဆွေးဆို့နေသည့် နှစ်လက်မပိုက်လိုင်းတွေအစား သုံးလက်မပိုက် ပေ ၂၀၀ လတ်တလော အမြန်ဆုံးကူညီပေးဖို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို အကူအညီ တောင်းခံခဲ့ရတာပါ။ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်နေတဲ့ သုံးလက်မပိုက် ပေ ၂၀၀ လှူဒါန်းပေးသည့်အပြင် မီးသတ်ဦးစီးဌာန ထန်းတောအရန် မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ အခုလိုသောက်သုံးရေများ လာရောက်လှူဒါန်းပေးသည့်အတွက် ဝမ်းသာရပါတယ်" ဟု ကျောက်ခွက်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါနေ့က ရေဂါလန် ၈၅၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၇၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ လိုက်ထရပ်ကားတစ်စီးဖြင့် သောက်ရေသန့်ဘူးကြီး ၁၀ ဘူးနှင့် သုံးလက်မ PVC ပိုက် ပေ ၂၀၀ အတွက် ပိုက် ၁၀ လုံး ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅မိနစ်ခန့်ကြိုလိမ်းရန်နှင့် နေရောင်ခံ လိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန်ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သည့် အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်းကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်
- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကိုအရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့်ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဇာတ်ရှိန်မြင့်လာပြီး ရာသီကုန်ချိန်နီးကပ်လာတဲ့ လာလီဂါပွဲစဉ် (၃၅)

မိုးမြင့်လင်းလက်



စပိန်မြေက လာလီဂါပွဲစဉ် (၃၅) ကို စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၂၃ ရက်ညနဲ့ ၂၄ ရက်တွေမှာ ယှဉ်ပြိုင်ဖို့ ရှိနေပြန်ပါတယ်။ ရာသီကုန် နောက်ဆုံးပွဲစဉ်တွေဖြစ်တာမို့ အသင်းကြီးတွေအတွက်ရော၊ တန်းမဆင်းရရေး ရုန်းကန်နေတဲ့အသင်းငယ်တွေအတွက်ပါ အမှားအယွင်းမခံတဲ့ ပွဲစဉ်တွေဖြစ်နေပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်ရဲ့ပြိုင်ဘက်တွေက အသင်းကြီးတွေအတွက် အမှတ်ပြည့်ရမယ့် အနေအထားရှိပြီး အသင်းငယ်တွေအတွက်ကတော့ ရုန်းကန်ရဦးမယ့် ပွဲတွေဖြစ်နေပါတယ်။

**ဗယ်လက်ကာနိုနှင့်ရီးရဲမက်ဒရစ်**

ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်အားကို ဗယ်လက်ကာနိုတို့အိမ်ကွင်းဖြစ်ပေမယ့် ကြာရှည်တောင့်ခံဖို့မလွယ်ပါဘူး။ ပထမအကျော့အိမ်ကွင်းမှာ ၁၀ ဂိုးအထိသွင်းယူပြီး ခြေစွမ်းပြခဲ့တဲ့ ရီးရဲမက်ဒရစ် တိုက်စစ်မှူးတွေကို အခုပွဲမှာလည်း ဗယ်လက်ကာနိုတို့ ဘယ်လိုခုခံ တားဆီးမလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။ တန်းဆင်းဇုန်ထဲမှာ ရုန်းထဖို့ ကြိုးစားနေတဲ့ ဗယ်လက်ကာနိုကို ရီးရဲမက်ဒရစ်တို့ ဖိအားပေးပြီး ဂိုးပြတ်သွင်း အောင်ပွဲခံဖို့အတွက်ပဲ ပုံဖော်ပါလိမ့်မယ်။

**ဘာစီလိုနာနှင့်စပို့တင်းဂိုင်ဂျွန်**

ပထမအကျော့ စပို့တင်းဂိုင်ဂျွန်ကွင်းမှာ ကစားတဲ့ပွဲမှာ ဘာစီလိုနာတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ အခုတလော ပွဲရလဒ်တွေ ကမောက်ကမဖြစ်ပြီး အမှတ်တွေဆုံးရှုံးနေတဲ့ ဘာစီလိုနာတို့ကတော့ ဒီပွဲမှာ အမှားအယွင်းအဖြစ်မခံဘဲ နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ ဂိုးပေါက်ပြန်တွေ့လာတဲ့ မက်ဆီအတွက်ကလည်း သွင်းဂိုးတွေနဲ့ ပြန်လည်သက်သေပြနိုင်ဖို့ ကြိုးစားလာမှာဖြစ်သလို အသင်းရလဒ်ကောင်းဖို့အတွက်လည်း ဆွာရက်ဇ်၊ နေမာတို့ရဲ့ စွမ်းဆောင်ရည်ပြသဖို့ လိုအပ်နေတဲ့ပွဲလည်းဖြစ်ပါတယ်။ ဒီပွဲမှာ စပို့တင်းဂိုင်ဂျွန်တို့ ကံကောင်းမှ တစ်မှတ်ရနိုင်ပေမယ့် အဲဒီမျှော်လင့်ချက်ကလည်း အကောင်အထည်ပေါ်လာဖို့ မလွယ်ပါဘူး။

**အက်သလက်တီကိုနှင့်မာလာဂါ**

ပထမအကျော့ မာလာဂါကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားတဲ့ ခါးသည်းတဲ့ရလဒ်ကို အက်သလက်တီကိုတို့ ဒီပွဲမှာ ပြန်လည်ချေပဖို့ ကြိုးစားပါလိမ့်မယ်။ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ အက်သလက်တီကိုတို့အတွက်ကတော့ အခုပွဲမှာ သုံးမှတ်ရယူပြီး ခိုင်မာတဲ့ရပ်တည်မှုကို ဖော်ဆောင်မှာဖြစ်ပါတယ်။ အခုတလော ပွဲတိုင်းနီးပါးရလဒ်မကောင်းဖြစ်နေတဲ့ မာလာဂါတို့ကတော့ ဂိုးမပြတ်အောင် ကြိုးစားရမှာဖြစ်ပြီး အမြင့်ဆုံးမျှော်လင့်နိုင်တာက တစ်မှတ်ပါပဲ။

**ဆီဗီလာနှင့်ဘက်တစ်**

ဆီဗီလာတို့ကလည်း ခြေစွမ်းမတည်ငြိမ်သလို ဘက်တစ်တို့ကလည်း ရလဒ်မကောင်းပဲဖြစ်နေပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာ ဆီဗီလာတို့ သုံးမှတ်အပြည့်ရဖို့ ကြိုးစားပါလိမ့်မယ်။ ဘက်တစ်တို့က ဆီဗီလာကို အနိုင်မရခဲ့တာကြာပြီမို့ အခုပွဲမှာလည်း အဝေးကွင်းဖြစ်တာကြောင့် ဘက်တစ်တို့ အမှတ်မရနိုင်ပါဘူး။

**လီဗန်တေးနှင့်ဘီဘာအို**

ဘီဘာအိုနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် လီဗန်တေးတို့ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဒါပေမယ့် လက်ရှိ ဒီနှစ်သင်းရဲ့ခြေစွမ်းကို ကြည့်ရင် ကွာဟမှုကျဉ်းမြောင်းတာမို့ အကြိတ်အနယ်ရှိလာမယ့်ပွဲပါပဲ။ ပထမအကျော့ ဘီဘာအိုကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ လီဗန်တေးတို့ဟာ အခုပွဲမှာလည်း အမှတ်ရဖို့တောင် မလွယ်ပါဘူး။

**ဂီတာဖေးနှင့်ဗလင်စီယာ**

ဗလင်စီယာအတွက် အမှတ်ပြည့် ရယူရေးခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။ ဗလင်စီယာတို့က အသင်းလိုက် ကစားအားကျဆင်းနေသလို ဂီတာဖေးတို့ကလည်း လိုအပ်ချက်တွေများနေဆဲပါပဲ။ ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲဟာ ဂီတာဖေးရဲ့ ရုန်းအားကို ဗလင်စီယာတို့ ခံစားရဖို့များနေပါတယ်။ ဗလင်စီယာရဲ့တည်ငြိမ်မှုမရှိသေးတဲ့ခြေစွမ်းကြောင့် ဂီတာဖေးတို့ တစ်မှတ်ရသွားနိုင်ပါတယ်။

**ဗီလာရီးရဲနှင့်ဆိုစီဒက်**

ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက် သေချာအောင် ကြိုးစားနေတဲ့ ဗီလာရီးရဲတို့က အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ လက်ရှိအနေအထားအရ ခြေမှန်မရသေးတဲ့ ဆိုစီဒက်ဟာ ပထမအကျော့မှာ နှစ်ဂိုးပြတ်နဲ့ရှုံးထားတဲ့ပွဲရလဒ်ကို ချေဖျက်နိုင်ရေးဆိုတာ ခက်ခဲဦးမှာပါ။ အိမ်ရှင်တို့ သုံးမှတ်အပြည့်ရယူသွားမယ့်ပွဲပါပဲ။

**ဆယ်လ်တာဗီဂိုနှင့် ဂရန်နာဒါ**

တန်းဆင်းဇုန်ထဲ မကျဆင်းအောင်ကြိုးစားရတော့မယ့် ဂရန်နာဒါတို့အတွက် အခုပွဲက စိန်ခေါ်မှုကြီးမားပါတယ်။ ဆယ်လ်တာဗီဂိုတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တာမို့ အခုပွဲမှာလည်း အောင်ပွဲခံနိုင်ဖို့ စွမ်းဆောင်ပါလိမ့်မယ်။ ပထမအကျော့ပွဲစဉ်မှာ ဆယ်လ်တာဗီဂိုတို့က နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့တာမို့ အခုပွဲလည်း အိမ်ရှင်တို့ အောင်ပွဲဆက်တိုက်ရရှိဦးမှာပါ။ ။



## တောရက်စ်ရဲ့ ခေါင်းတိုက်ဂိုးနဲ့ ဘာစီလိုနာကို အက်သလက်တီကို ဆက်လက်ဖိအားပေး

ဘာစီလိုနာအသင်းအနေနဲ့ ဒီပို့တီဗိုအသင်းကို ရှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိလိုက်ချိန်မှာ အက်သလက်တီကိုအသင်းကလည်း ဘီဘာအိုကို တောရက်စ်ရဲ့ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးနဲ့ သုံးမှတ်ရယူပြီး လာလီဂါချန်ပီယံဆုအတွက် ဆက်လက်ဖိအားပေးလိုက်ပါတယ်။ စပိန်လာလီဂါ ရာသီအဆုံးသတ်ဖို့ လေးပွဲသာလိုတော့တဲ့အချိန်မှာ ဘာစီလိုနာနဲ့အက်သလက်တီကိုတို့ဟာ ရမှတ် ၇၉ မှတ်စီနဲ့ အမှတ်တူဦးဆောင်နေတာပါ။ ဒီအတောအတွင်း ရီးရဲမက်ဒရစ်ကလည်း အက်သလက်တီကိုနဲ့ တစ်မှတ်ခွာပြီး လိုက်လာပါတယ်။ ဆီမြုနီရဲ့ အက်သလက်တီကိုအသင်းအနေနဲ့ ကိုးပွဲမှာ ရှစ်ပွဲမြောက် အနိုင်ရခဲ့တာလည်းဖြစ်ပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း တောရက်စ်အနေနဲ့ ဒီဂိုးဟာ သူ့ရဲ့ဒီနှစ်ထဲမှာ သွင်းယူတဲ့ ၁၀ ဂိုးမြောက်ဂိုးဖြစ်ပါတယ်။ ဆီမြုနီရဲ့ ကစားသမားတွေအနေနဲ့ ၂၀၁၄ ခုနှစ်က ချန်ပီယံဆုကို ပြန်လည်ရယူဖို့ ကြိုးစားနေကြပါတယ်။ ဘာစီလိုနာ၊ အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့ဟာ လာလီဂါဖလားအတွက် အပြင်းထန်ဆုံး ယှဉ်ပြိုင်နေကြပြီဖြစ်ပါတယ်။

## ကိုးမှတ်အသာနဲ့ ဦးဆောင်လာတဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေ ရာသီကုန်ဆုံးဖို့ လေးပွဲသာလိုတော့တဲ့အချိန်မှာ ဂျူဗင်တပ်စ်အသင်းအနေနဲ့ လာဇီယိုကို သုံးဂိုးပြတ်နဲ့ အနိုင်ယူပြီး စီးရီးအေမှာ ကိုးမှတ်အသာနဲ့ ဦးဆောင်လာပါတယ်။ မန်ဇူကစ်၊ ပေါ်လိုဒီဘာလာတို့ရဲ့ သွင်းဂိုးတွေနဲ့အတူ ဂျူဗင်တပ်စ်အသင်းဟာ ငါးကြိမ်ဆက်တိုက် စီးရီးအေဖလားကို ဆွတ်ခူးဖို့ နီးကပ်လာပြီဖြစ်ပါတယ်။ လာဇီယိုအသင်းအနေနဲ့ ဒီပွဲမှာ ဂါဘာရှွန်ဂေးလ် နှစ်ဝါတစ်နီနဲ့ ထွက်ခွာခဲ့ရတာကြောင့် ဂျူဗင်တပ်စ်တို့ ကစားကွက်အသာစီးရပြီး ဂိုးပြတ်နဲ့အနိုင်ရခဲ့ပါတယ်။ စီးရီးအေပွဲစဉ် ၃၄ အပြီး ဂျူဗင်တပ်စ်က ၈၂ မှတ်၊ ဒုတိယနေရာမှ နာပိုလီက ၇၃ မှတ်ရရှိထားပါတယ်။ နည်းပြအယ်လီဂရီရဲ့ ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ်မှာလည်း ချန်ပီယံဖြစ်ဖို့ နီးကပ်သွားပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ရဲ့အနီးကပ်ပြိုင်ဘက် နာပိုလီအသင်းအနေနဲ့ ဘိုလော့နာကို ခြောက်ဂိုးပြတ်နဲ့ ရှုံးနိမ့်သွားတဲ့အတွက် ဂျူဗင်တပ်စ်ဟာ ကိုးမှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ပွဲမကုန်မီ ဖလားဆွတ်ခူးနိုင်မယ့် အနေအထားရှိပါတယ်။





## ချန်ပီယံလိဂ်မှာ ဝင်ခွင့်တစ်နေရာ ရနိုင်သေးတယ်ဆိုတဲ့ ဝက်စ်ဟမ်း

ပရီမီယာလိဂ်အသင်းတစ်သင်းအနေနဲ့ ချန်ပီယံဖြစ်ရေးဟာ ဦးစားပေးဖြစ်ပေမယ့် ဒုတိယမျှော်မှန်းချက်ကတော့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရရှိရေးပင်ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ပွဲစဉ် ၃၄အပြီး ဝက်စ်ဖို့ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် မျှော်လင့်ချက်ရှိနေသေးတယ်လို့ နည်းပြ ဆလာဗင်ဘီလစ်က ပြောဆိုလိုက်ပါတယ်။ ထိပ်ဆုံးနံပါတ် ၄ နေရာပြိုင်ပွဲဟာ မပြီးသေးပါဘူး။ ကျွန်တော်တို့အသင်းအနေနဲ့ အာဆင်နယ်နဲ့မန်ယူတို့ကို ဆက်လက်ဖိအားပေးသွားမှာဖြစ်ပါတယ်လို့ နည်းပြဘီလစ်က ဆိုပါတယ်။ ပွဲစဉ် ၃၄ အပြီး အာဆင်နယ်အသင်းက စတုတ္ထနေရာ၊ မန်ယူက နံပါတ် ၅ နေရာမှာ ရပ်တည်နေပြီး ဝက်စ်ဟမ်းကတော့ နံပါတ် ၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝက်စ်ဟမ်းအသင်းအနေနဲ့ လက်ကျန်ပွဲလေးပွဲစလုံးကို အနိုင်ကစားသွားဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် ပြိုင်ပွဲတိုင်းကို ရေကုန်ရေခန်းကစားသွားဖို့ ဆုံးဖြတ်ထားပြီလို့ နည်းပြဘီလစ်က ဆိုပါတယ်။

ကောင်းမြတ်သူ ➢ စုစည်းသည်

# အာရှတိုက်က သက်ကြီးရွယ်အိုများရဲ့ အမေ့လွန်ရောဂါပြဿနာ

ဒေါက်တာကံညွန့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ ၂၀၁၅ ခုနှစ် ခန့်မှန်းခြေအရ တစ်ကမ္ဘာလုံးမှာ အမေ့လွန်ရောဂါဖြစ်နေသူ ၄၇ ဒသမ ၅ သန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ ဒီအထဲက ၂၃ သန်းကတော့ အာရှပစိဖိတ်ဒေသက ဖြစ်တယ်လို့ ADI ခေါ်တဲ့ Alzheimer's Disease International အဖွဲ့ကြီးက ခန့်မှန်းပါတယ်။ သူတို့အဆိုအရ ၂၀၁၅ ခုနှစ်မှာရှိနေတဲ့ ဒီအရေအတွက်ဟာ ၂၀၅၀ ခုနှစ်ကျရင် ၇၁ သန်းထိ တိုးလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ WHO အဖွဲ့ကြီးရဲ့ အဆိုအရ အမေ့လွန်ရောဂါရှင်တွေဟာ တစ်နှစ်မှာ ၇ ဒသမ ၇ သန်း နှစ်စဉ်တိုးနေတယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံအခြေစိုက် UK Based NGO တစ်ခုရဲ့ လေ့လာထားချက်အရ ၂၀၅၀ ခုနှစ်မှာ အာရှတိုက်က လူဦးရေအားလုံးရဲ့ လေးပုံတစ်ပုံဟာ အသက် ၆၀ နှင့်အထက်လူတွေ ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ သူတို့လေ့လာချက်အရ သက်ကြီး ရွယ်အို တိုးတက်လာမှုဟာ ၁၉၉၀ ခုနှစ်မှာ ၀ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၂ ခုနှစ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ဒီနှုန်းဟာ ၂၀၅၀ မှာ ၄ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဒေသတွင်းက နိုင်ငံတချို့ကိုလည်း ကြည့်ကြပါစို့။ စင်ကာပူနိုင်ငံဟာ လွန်ခဲ့တဲ့ ၄၅ နှစ်အတွင်း သက်ကြီးရွယ်အိုများပြီး မွေးဖွားနှုန်းနည်းပါးနေတဲ့ နိုင်ငံတစ်ခုပါ။ ဒီနိုင်ငံမှာ ၂၀၁၅ ခုနှစ် စာရင်းအရ အမေ့လွန်ရောဂါခံစားနေရသူပေါင်း ၄၅၀၀၀ ခန့်ရှိပြီး ဒီအရေအတွက်ဟာ ၂၀၃၀ မှာ ၁၀၃၀၀၀ ခန့် ဖြစ်လာနိုင်ပြီး ၂၀၅၀ ခုနှစ်လောက်မှာ ၂၄၁၀၀၀ ထိ ပွားလာနိုင်တယ်လို့ဆိုပါတယ်။

ဟောင်ကောင်မှာလည်း ၂၀၁၂ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁ ဒသမ ၃ သန်းဟာ အသက် ၆၀ ကျော်တွေဖြစ်နေပြီး ဒီလူတွေထဲမှာ အမေ့ လွန်ရောဂါခံစားနေသူ တစ်သိန်းကျော် ရှိနေပြီလို့ဆိုပါတယ်။

ထိုင်ဝမ်မှာတော့ ၂၀၁၃ ခုနှစ် စစ်တမ်းအရ အမေ့လွန်ရောဂါ ခံစားနေရသူ ၂၃၀၀၀၀ ခန့် ရှိနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ရောဂါရှိမှန်းမသိဘဲ ရှိနေသူတွေလည်း ရှိနိုင်တယ်လို့ ဆိုပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာတော့ တစ်နိုင်ငံလုံး လူဦးရေရဲ့ ၁၂ ဒသမ ၂ ရာခိုင်နှုန်း အရေအတွက်အားဖြင့် ၆ ဒသမ ၁၃ သန်းဟာ အသက် ၆၀ ကျော် တွေဖြစ်ပြီး ဒီအထဲက ငါးသိန်း ခုနစ်သောင်းခန့် အမေ့လွန်ရောဂါခံစားနေရတယ်လို့ ဆိုပါတယ်။ ဒါဟာ သက်ကြီးရွယ်အိုအားလုံးရဲ့ ၉ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်တယ်။ ဒါကြောင့် တောင်ကိုရီးယားနှင့် ထိုင်ဝမ်က အစိုးရတွေဟာ National Dementia Strategy or Plan စီမံကိန်းကို ချမှတ်ဆောင်ရွက်နေရပါတယ်။

တရုတ်နိုင်ငံရဲ့ အခြေအနေကို ကြည့်လိုက်ပါဦး။ ၂၀၁၃ ခုနှစ် စာရင်းဇယားများအရ တရုတ်နိုင်ငံမှာ အမေ့လွန်ရောဂါခံစားနေရသူ ကိုးသန်းကျော်ခန့် ရှိတယ်လို့ဆိုပါတယ်။ ဒါဟာ ကမ္ဘာမှာ ဒီရောဂါခံစားနေရသူအများဆုံးနိုင်ငံလို့ Lancet ဂျာနယ်က ဆိုပါတယ်။

တရုတ်နိုင်ငံ အသက်ရှည်နှုန်းဟာ ယခင် ၆၉ နှစ်ရှိခဲ့ရာက ၁၉၉၀ နောက်ပိုင်းမှာ ခုနစ်နှစ် အသက်ပိုရှည်လာပြီး ၇၆ နှစ်ထိရှိလာပါတယ်။ ဒီအချက်ရယ် တရုတ်နိုင်ငံတစ်ခုလုံးမှာ အမေ့လွန်ရောဂါနှင့်ပတ်သက်ပြီး သက်ကြီးရွယ်အိုစောင့်ရှောက်မယ့်ဂေဟာ ၅၀ ခန့်သာရှိပြီး ဒီ Alzhenue Dementra လိုရောဂါမျိုးကို ကျွမ်းကျင်စွာကုသနိုင်သူ ဆရာဝန်ဦးရေ ၃၀၀ ခန့်သာရှိတယ်လို့ ဆိုပါတယ်။ နောက်အခက်အခဲတစ်ခုကတော့ လွန်ခဲ့တဲ့ ၂၀၁၅ နှစ်ကုန်ပိုင်းထိ ရှိနေခဲ့တဲ့ မိသားစုတစ်စု ကလေးတစ်ယောက် (One Child Policy) ကြောင့် သက်ကြီးရွယ်အိုတွေ စောင့်ရှောက်မယ့်သူနဲ့နေရတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ တစ်အိမ်ထောင် ကလေး တစ်ယောက်



ပေါ်လစီဟာ ၄-၂-၁ ပုံစံဖြစ်နေတယ်လို့ ဆိုပါတယ်။ အဘိုးအဘွား လေးယောက်၊ မိဖ နှစ်ယောက်ကို ကလေးတစ်ယောက်က စောင့်ရှောက်ဖို့ မဖြစ်နိုင်တာကို ဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက သက်ကြီးရွယ်အိုတွေဟာ အမေ့လွန်ရောဂါအပြင် ပြုစုမယ့်သူမရှိလို့ စိတ်ကျရောဂါကိုပါ ပူးတွဲခံစားနေကြတယ်လို့ဆိုပါတယ်။ NGO အဖွဲ့တွေရဲ့ ထောက်ပြချက်အရ တရုတ်နိုင်ငံက အသက်ကြီးရွယ်အိုကို စောင့်ရှောက်ဖို့သက်သက် လူ ၁၀ သန်းခန့် လိုအပ်မယ်လို့ ဆိုပါတယ်။

ယခုလောလောဆယ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ပြထားတာကတော့ လူဦးရေ တိုးလာတာနှင့်အမျှ သက်ကြီးရွယ်အို အမေ့လွန်ရောဂါရှင်တွေဟာလည်း တိုးလာပြီး ၂၀၃၀ ခုနှစ်ရောက်ရင် လူသန်းပေါင်း ၇၅ ဒသမ ၆ သန်းခန့် ဒီရောဂါခံစားနေရလိမ့်မယ်လို့ ဆိုပါတယ်။

Dementia လို့ခေါ်တဲ့ မှတ်ဉာဏ်ချွတ်ယွင်းလာတဲ့ရောဂါဟာ အသက် ၆၀ ရွယ်လောက်ထိ ဖြစ်ဖို့ခဲယဉ်းပြီး အသက် ၆၅ နှစ်ကျော်သူတွေမှာ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း၊ အသက် ၈၀ ကျော် အရွယ်တွေမှာ ၂၀ ရာခိုင်နှုန်း၊ အသက် ၉၀ ကျော်သူတွေမှာ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဆေးလိပ် အလွန်အကျွံ သောက်သူ၊ အရက် အလွန်အကျွံသောက်သူ၊ အဝလွန်သူ၊ သွေးတိုး၊ ဆီးချိုရောဂါကို ထိန်းထိန်းသိမ်းသိမ်း မနေသူ၊ ဦးခေါင်းဒဏ်ရာရသူ၊ ဦးနှောက်အမြှေးရောင် ရောဂါဖြစ်သူ၊ ဦးနှောက်ကင်ဆာဖြစ်ဖူးသူ Hydrocaphalus ခေါ် ဦးနှောက်တွင် ရေအိပ်တည် ရောဂါဖြစ်ဖူးသူတွေမှာ အသက် ၆၀ အရွယ်ထက် စောပြီး ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ University of Hangkong School of Biomedical Seiences က ဆေးပညာရှင်တွေရဲ့ လေ့လာထားချက်တစ်ခုမှာတော့ ကြွက်တစ်ကောင်ကို တစ်နေ့မှာ တစ်နာရီ ဆေးလိပ်ငွေ့ထဲမှာ နေခိုင်းပြီး ရက် ၆၀ ကြာတဲ့အခါ စမ်းသပ်ကြည့်သည့် အခါ ကြွက်ရဲ့ ဦးနှောက်ထဲမှာ အမေ့လွန်ရောဂါဖြစ်နိုင်တဲ့ Beta Amyloid ဓာတ်နှင့် Tau Pnotein ဓာတ်တွေဖြစ်နေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်ခြင်းဟာ အမေ့လွန်ရောဂါဖြစ်စေတဲ့ အဓိက အကြောင်းရင်းထဲမှာပါတယ်လို့ ထောက်ပြထားပါတယ်။

ဘာပဲဖြစ်ဖြစ် ဆေးပညာရှင်တွေကတော့ ဆေးလိပ်၊ အရက်မသောက်ဖို့ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေ စားသုံးဖို့၊ အဝမလွန်အောင်နေဖို့၊ သွေးတိုး ဆီးချိုရောဂါရှိရင် ထိန်းသိမ်းဖို့နှင့် အသက် ၆၀ ကျော်လာရင် Vitamin E, Antioxidant, Ginkgo Biloba စတဲ့ စားဆေးတွေ မှီဝဲဖို့ အကြံပြုထားကြပါတယ်။ နိုင်ငံတော်အစိုးရတွေအနေနဲ့လည်း သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးကို အရေးယူဆောင်ရွက်ပြီး ဒီလူတွေကို ဆေးကုသရေးအတွက် Geniatracian ခေါ် သက်ကြီးရွယ်အိုတွေကို ကုသတဲ့သမားတော်ကြီးများထားရှိရေး ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# သုံးခွမြို့ရှိ ၃၁ ဧက ရေကန်ကြီး ပြန်လည်တူးဖော်

**သုံးခွ မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ၃၁ ဧက ကျယ်ဝန်းသော မြေသား မိုးရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်လျက် ရှိကြောင်း သိရသည်။




အဆိုပါ ရေကန်ကြီးသည် မြို့ပေါ်ရပ်ကွက်များသို့ အများပြည်သူ သောက်သုံးရေအတွက် ရေတိုင်ငုတ်များဖြင့် ရေဖြန့်ဝေပေးနေသော ရေကန်ကြီးဖြစ်ကာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က စတင်တူးဖော်၍ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ နုန်းမြေများ ပို့ချမှုကြောင့် တိမ်ကောလာခြင်း၊ ကန်အတွင်း ရေမသန့်ရှင်းမှုများ ဖြစ်လာခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် စိန်သဟာကုမ္ပဏီက တာဝန်ယူ၍ ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ ရေကန်ကြီးကို စက်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် တူးဖော်လျက်ရှိပြီး မိုးမကျမီ လုပ်ငန်းများ ပြီးစီးရန် ဆောင်ရွက်လျက်ရှိရာ ရေကန်ကြီး တူးဖော်ပြီးစီးပါက နောင်နှစ်များတွင် ရေကန်ပတ်ဝန်းကျင် ပိုမိုသာယာလှပလာမည်ဖြစ်သလို ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်းရေသန့်များကို ပိုမိုသိုလှောင်နိုင်မည်ဟု သိရသည်။

**ကိုကျော်(သုံးခွ)**

# စဉ့်ကိုင်မြို့နယ်အတွင်း နွေသီးနှံများ လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

**စဉ့်ကိုင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၁၅-၂၀၁၆ နွေသီးနှံများစိုက်ပျိုးရာသီအတွင်း နွေစပါးနှင့် နွေသီးနှံများကို လျာထားဧကများထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နွေစပါး ၆၃၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၈၉၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး နွေနှမ်းကို ဧက ၁၉၉၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၂၀၁၁ ဧက အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေပဲတီစိမ်း ဧက ၁၅၇၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ၂၉၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စု အိုးတိန်းတောင်ကျေးရွာ မြစ်ရေတင်ဒေသများတွင် စိုက်ပျိုးထားသော သက်တမ်းတို ပုလဲသွယ် အထွက်ကောင်းစပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမြင့်အောင်နှင့် တာဝန်ရှိသူများ မေ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး နွေစပါးစိုက်ပျိုးသည့် တောင်သူများအား မြစ်ရေတင်ဒေသများသည် ရေသေချာသည့်အတွက် သက်တမ်းတိုအထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရန်၊ တောင်သူများအတွက် တွက်ချေကိုက်သည့်တစ်နှစ်သုံးသီးစိုက် သီးနှံပုံစံဖြင့် ပြောင်းလဲစိုက်ပျိုးကြရန်၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးရန်၊ စနစ်တကျ စိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးပြီး စိုက်ပျိုးခြင်းဖြင့် အရည်အသွေးနှင့်အထွက်နှုန်းကောင်းပြီး ဈေးကွက်ပိုမိုရရှိစေရန်၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## ပြင်ဦးလွင်မြို့ သာယာလှပရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြင်ဦးလွင်မြို့ခံများ တွေ့ဆုံဆွေးနွေး

**မန္တလေး ဧပြီ ၂၂**
မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးသည် ဧပြီ ၂၀ ရက်က ပြင်ဦးလွင်မြို့ သီရိမြန်မာဟိုတယ်၌ ပြင်ဦးလွင်မြို့သူမြို့သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ စာရေးဆရာများ၊ သီးစုံလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ပျိုးဥယျာဉ်လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေး၊ ပွဲရုံ၊ စက်သုံးဆီလုပ်ငန်းရှင်များ၊ သစ်တောနှင့်ဥပဒေပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ စိမ်းလန်းပြင်ဦးလွင်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ စုံညီစွာတက်ရောက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့ကို သန့်ရှင်းသာယာလှပသောမြို့တော်အဖြစ် ပြန်လည်အကောင်အထည်ဖော်ဆောင်နိုင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ မြို့သူမြို့သားများက ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် မြို့တွင်းလမ်းများနှင့် မြို့ရှောင်လမ်းမကြီးအခြေအနေ၊ ကော်ဖီစိုက်ခင်းကိစ္စ၊ မန္တလေး-ပြင်ဦးလွင် လမ်းတစ်လျှောက်ရှိ တရားမဝင်ဈေးဆိုင်များနှင့် သစ်တောမြေတို့တွင် အကွက်ရိုက်ခြံခတ်လူနေထိုင်မှုများ၊ ပျက်စီးဆုံးရှုံးသွားခဲ့ရသော သစ်ပင်သစ်တောများ၊ လမ်းမီးမရှိသောမြို့တွင်းနေရာတို့၌ ညအခါဖြစ်ပေါ်လျက်ရှိနေသော ဒုစရိုက်ကိစ္စများ၊ လမ်းမြေပေါ်တွင်ကျူးကျော်နေထိုင်လျက်ရှိသော နေအိမ်များ၊ ဈေးကြီးဈေးလေးပတ်ဝန်းကျင်နှင့် အတွင်းအပြင်တို့တွင် အမှိုက်များစွန့်ပစ်သည့်ကိစ္စများနှင့် လမ်းပိတ်ဆို့မှုများ၊ ပြင်ဦးလွင်မြို့နယ်အတွင်းတွင် သဘာဝအတိုင်းကျန်ရှိနေသော ကျေးရွာများသို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များကို လေ့လာလည်ပတ်ရန်နေရာအဖြစ် ဖော်ဆောင်နိုင်ရေး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ဒေသမျိုးရင်းသစ်ပင်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး၊ ပြင်ဦးလွင်ရှိ အထင်ကရနေရာများသို့ လုပ်သားပြည်သူများ ဝင်ခအဖြစ် အခကြေးငွေများစွာပေးဆောင်၍ ဝင်ရောက်လေ့လာနေရသည့်ကိစ္စ၊ ကန်တော်လေးပတ်လမ်း ပြန်လည်ဖြစ်ပေါ်လာရေး၊ ပြင်ဦးလွင်မြို့အတက် ၁၆ မိုင်မှစ၍ သစ်ပင်သစ်တောများပြန်လည်စိုက်ပျိုးနိုင်ရေး၊ မြို့၏နေရာတိုင်းတွင် အိမ်ခြံမြေများ ကွက်စိပ်ပိုင်းရောင်းချခံနေရခြင်းကိစ္စ၊ မြို့တော်သန့်ရှင်းလှပရေးအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်နိုင်ရေးနှင့် အဓိကအားဖြင့် ဂဲလောင်းချောင်းရေဝေရေလဲဧရိယာမှ လူနေအိမ်များ အမြန်ဆုံးဖယ်ရှားစေရေးနှင့် ဒူးလမ်းကြား(လမ်းမြောင်)များကို စနစ်တကျမဖြစ်မနေ ပြန်လည်ဖော်ဆောင်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## သတင်းတို

### ကျေးရွာချင်းဆက်တံတားသစ် ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ဝဲကြီးကျေးရွာအနီး ဝဲကြီးကျေးရွာနှင့် ဆပ်ပြေးကျေးရွာဆက်သွယ်သည့် ကျေးရွာချင်းဆက်ချောင်းကူးတံတားသစ်ဖွင့်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။

တံတားဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တာဝန်ရှိသူများက တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါတံတားမှာ အရှည် ၅၃၂၂ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ကျပ်သိန်း ၂၃၀၀ ကျော် အကုန်ကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**

## အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် ယာဉ်မတော်တဆမှု အများဆုံးဖြစ်နေ




မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၌ဖြစ်ပွားသော ယာဉ်မတော်တဆမှုတစ်ခု

**ရန်ကုန် ဧပြီ ၂၂**
လမ်းမကြီးများပေါ်တွင် ဖြစ်ပွားသော ယာဉ်မတော်တဆမှုများ၏ နောက်ဆက်တွဲဖြစ်စဉ်များကြောင့် လူပေါင်း ၁၁ ဦးခန့် နေ့စဉ်သေဆုံးနေသဖြင့် မြန်မာနိုင်ငံရှိ လမ်းမကြီးများသည် အရှေ့တောင်အာရှတွင် အန္တရာယ်အများဆုံးဖြစ်နေကြောင်း အီတလီနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုလျှော့ချရေး NGO အဖွဲ့ APB ABC ၏ Director Corporate Relations ဖြစ်သူ Ms. Zita Schellekens က ပြောသည်။

"လမ်းမကြီးတွေမှာ ယာဉ်အန္တရာယ်ကင်းရှင်းပြီး ဘေးကင်းလုံခြုံဖို့နဲ့ ယာဉ်တိုက်မှုလျှော့ချရေးက နေ့စဉ်လမ်းအသုံးပြုနေတဲ့ ခရီးသွားပြည်သူတွေ၊ ယာဉ်မောင်းတွေ၊ လမ်းလျှောက်သူတွေအပေါ်မှာ အများကြီးမူတည်တယ်။ ကားတင်သွင်းမှုစည်းမျဉ်းတွေ ဖြေလျှော့လိုက်တာကလည်း ပြည်တွင်းကို ကားတွေအများကြီး ဝင်ရောက်လာပြီး ယာဉ်ကြောပိတ်ဆို့မှုတွေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်တွေ ပိုများလာတယ်။ အတွေ့အကြုံမရှိဘဲ ကားဝယ်စီးနိုင်တဲ့ ယာဉ်မောင်းအမျိုးသား အမျိုးသမီးတွေ များလာတယ်။ ဒါတွေဟာ အန္တရာယ်ရဲ့ အစိတ်အပိုင်းတစ်ခုမှာ အဓိကပါဝင်နေတယ်"ဟု လမ်းမများ ဘေးကင်းလုံခြုံရေးလှုပ်ရှားမှုဆိုင်ရာ အီတလီနိုင်ငံ INGO မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Pietro Fiore က ပြောသည်။

ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုလျှော့ချရေးအဖွဲ့မှ နေ့စဉ် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းသူများအတွက် လိုက်နာရမည့် သုတေသနပြုချက်ခုနစ်ချက်ကိုလည်း ထုတ်ပြန်ထားသည်။ ယာဉ်မောင်းစဉ်နှင့် ယာဉ်ပေါ်စီးနင်းလိုက်ပါစဉ် ယာဉ်တွင်ပါရှိသော လုံခြုံရေးခါးပတ်ကြိုးကို အသုံးပြုရန်၊ ကားနှင့် ဆိုင်ကယ်အပါအဝင် စက်တပ်ယာဉ်များ စီးနင်းလိုက်ပါလျှင် ဦးခေါင်းပိုင်းကို ကာကွယ်ရန်အတွက် အမာခံဦးထုပ်ကို ဆောင်းထားရန်၊ မည်သည့်စက်တပ်ယာဉ်ကိုမဆို သတ်မှတ်အရှိန်အမြန်နှုန်းထက် လွန်ကဲစွာ မမောင်းနှင်ရန်၊ ယာဉ်မောင်းနေစဉ် ဖုန်းအား အသံတိတ်ထားရှိရန်နှင့် ယာဉ်မောင်းနေစဉ် ဖုန်းသုံးစွဲခြင်း လုံးဝမပြုရန်၊ ယာဉ်ကို အများစီးနင်းလိုက်ပါစဉ် Over weight ကုန်များ တင်ဆောင်ခြင်းမပြုရန်၊ လမ်းဖြတ်ကူးလျှင် လူကူးမျဉ်းကြားမှသာ လမ်းဖြတ်ကူးရန်နှင့် လမ်းကူးစဉ်တွင် ယာဉ်အသွားအလာများကို အထူးသတိပြု၍ လမ်းကူးရန် စသည့်အချက်များဖြစ်ကြောင်း သိရသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေးက "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရမယ့် အချက်တွေသိဖို့နဲ့ ဗဟုသုတတွေက ပြည်သူတွေအတွက် အရေးကြီးပါတယ်။ ဒါကိုလိုက်နာအောင် ကြပ်မတ်ဖို့ကလည်း အရေးကြီးတယ်။ ဒါမှ လမ်းတွေမှာ ဘေးကင်းနိုင်မှာပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေကို ထိထိရောက်ရောက် အသက်ဝင်လိုက်နာအောင်လုပ်ဖို့ အရင်းအမြစ်တွေ အားနည်းခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်ကစပြီး အထူးကြပ်မတ်မှုတွေနဲ့အတူ ပြောင်းလဲမှုတစ်ခုကို လုပ်ဆောင်နိုင်ခဲ့ပါပြီ။ လမ်းမတွေ ဘေးကင်းဖို့ ဟောပြောပွဲတွေ၊ ရေဒီယို အသိပညာပေး ဆွေးနွေးခန်းတွေကို အစီအစဉ်အလိုက် လုပ်လာကြပါပြီ။ ဒါတွေကို နောင်လာမယ့် လူငယ်လေးတွေ သိဖို့ကလည်း အရေးကြီးပါတယ်" ဟု ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချစ်ကိုကိုက "လူထုက လမ်းစည်းကမ်းအသိရှိပြီး လိုက်နာဖို့ အစိုးရအနေနဲ့ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် လမ်းဘေးတွင် ဘုတ်စိုက်ထူတာတွေ၊ အွန်လိုင်းလူမှုကွန်ရက်ကနေ အသိပညာပေးဆောင်ရွက်တာတွေနဲ့ ဟောပြောပွဲတွေကို ဆောင်ရွက်ပေးနေပါတယ်။ ခရီးသွားပြည်သူအပါအဝင် ယာဉ်မောင်းတွေအနေနဲ့ အရှိန်မြင့် မမောင်းဖို့၊ ယာဉ်မောင်းစဉ်ခါးပတ်ပတ်ထားဖို့၊ အရက်သေစာသောက်စားပြီး မမောင်းဖို့၊ ကားမောင်းစဉ် ဖုန်းလုံးဝ မပြောဖို့လိုတယ်။ ဒါတွေဟာ ယာဉ်မတော်တဆမှုတွေနဲ့ သေဆုံးမှုတွေကို လျှော့ချစေနိုင်မယ့် အချက်တွေပါ။ အဓိကက ယာဉ်မောင်းစဉ်မှာ စိတ်တည်ငြိမ်ဖို့နဲ့ သူ့ထက်ငါ အပြိုင်ကျော်လွှားပြီး မမောင်းနှင်ဖို့လိုပါတယ်" ဟု ပြောသည်။

**ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုလျှော့ချရေးအဖွဲ့မှ နေ့စဉ် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းသူများအတွက် လိုက်နာရမည့် သုတေသနပြုချက်ခုနစ်ချက်ကိုလည်း ထုတ်ပြန်ထားသည်။**

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းက ကျောင်းဆောင်သစ်လှူဒါန်း

**ကျောင်းကုန်း ဧပြီ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာအုပ်စု ကြိမ်ငူကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ပေ (၃၀×၁၂၀) ရှိ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းမှ ဧပြီ ၁၉ ရက်က အဆိုပါကျောင်း၌ အုတ်မြစ်ချခဲ့ကြသည်။

နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ ထပ်ဆင့်အကယ်ဒမီ နေတိုးနှင့် ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်ဗိုလ်တို့ဖြင့် ဖွဲ့စည်းထားပြီး ပညာရေးအခြေခံအုတ်မြစ် ခိုင်မာမှုမှသည် တိုင်းပြည်အတွက် အသိပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ်များ ပေါ်ထွန်းနိုင်စေရန် ရည်ရွယ်ပြီး ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## ရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၂**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်၌ ဧပြီ ၂၁ ရက်က ခြင်ကြောင့်ဖြစ်တတ်သော ရောဂါများ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဆောင်ရွက်သည်။

ခြင်ဆေးဖျန်းရာတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် မောရဂီဝါရပ်ကွက်အတွင်း၌ လူနေအိမ်များ၊ ရေမြောင်းများတွင် ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးအထောက်အကူပြုစေပြီး ခြင်ကြောင့်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် အခြားသော ရောဂါများ မဖြစ်ပွားရေးအတွက် စနစ်တကျ ခြင်ဆေးဖျန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မိတ္ထီလာမြို့ ကန်တော်ပတ်လည်မှ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကြီး

**တင်လှိုင်(မိတ္ထီလာ)**



မိတ္ထီလာမြို့တွင် သမိုင်းဝင် အဓိကရေကန်တော်ကြီးဖြစ်သည့် မိတ္ထီလာကန်တော်ကြီး ရှိသည်။ မိတ္ထီလာကန်တော်ကြီးမှ ရေဖြင့် တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် ကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်က ပြုပြင်ဆည်ဖို့မှုများ ပြုလုပ်ခဲ့ကြသည်။

ကန်တော်ကြီးကို ဆည်ဖို့ပြုပြင်ခဲ့ကြသူများမှာ အာကာရဠမင်း၊ ကုသမင်း၊ ဘိုးတော်အဥ္စန၊ အနာထပိဏ်သူဌေး၊ အဇာတသတ်မင်း၊ သီရိဓမ္မသောကမင်း၊ ဒုဋ္ဌဂါမဏိမင်း၊ သမုဒ္ဒရီမင်း၊ ပုပ္ပစောရဟန်း၊ အနော်ရထာမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ မင်းကြီးစွာစော်ကဲ၊ ဘိုးတော်မင်းတရားနှင့် မင်းတုန်းမင်းကြီးတို့ဖြစ်သည်။ ထိုရှေးမြန်မာမင်း ၁၇ ဆက်တို့သည် မိတ္ထီလာကန်တော်ကြီးကို ဆည်ဖို့ရင်း ကန်တော်တစ်ဝိုက်တွင် သမိုင်းဝင်စေတီဘုရားများကို တည်ထားခဲ့ကြရာ စုစုပေါင်းစေတီဘုရား ၃၂ ဆူ ရှိသည်။

သီရိဓမ္မသောကမင်းကြီးသည် ရွှေမြင်တင်စေတီ၊ ရွှေယင်မျှော်စေတီနှင့် လုံးစေတီများကို တည်ထားခဲ့သည်။ အနော်ရထာမင်းကြီးသည် သိမ်ကိုးသိမ်၊ ဂူကိုးဂူ၊ အင်းကိုးအင်း၊ ကုန်းကိုးကုန်းနှင့် သာသနာ့ဓဒ္ဒဇစေတီ၊ ရွှေစောလူးစေတီ၊ ရှင်ပင်ဇယစ်စေတီ၊ ရွှေဂူလှနှင့် ရွှေဂူကြီးစေတီတော်များကို တည်ထားခဲ့သည်။ အလောင်းစည်သူမင်းကြီးသည် မြို့တွင်း ဆုတောင်းပြည့်စေတီ၊ ဖောင်တော်ဦးစေတီ၊ ရွှေမြင်မိ၊ သားဖန်းဆုတောင်းပြည့်စေတီ၊ လောကထိပ်ပန်စေတီ၊ ရွှေလက်လှစေတီ၊ ရွှေဘုံသာစေတီ၊ အတွင်းရွှေကျောင်းစေတီ၊ အပြင်ရွှေကျောင်းစေတီ၊ ရွှေဂူစေတီ၊ ရွှေဂူပြောက်စေတီနှင့် ရွှေဂူရစေတီတော်များကို တည်ထားခဲ့သည်။ နရပတိစည်သူမင်းသည် နဂါးရုံစေတီ၊ သာထွန်းပုံစေတီ၊ ခြသေ့်လှစေတီ၊ အပြင်ဆုတောင်းပြည့်စေတီနှင့် မြစည်းခုံစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့သည်။ ဝန်ဇင်းမင်းရာဇာသည် ရွှေစည်းခုံစေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ဘိုးတော်ဘုရားသည် လောကနထစေတီတော်နှင့် သားတော် မဟာဥပရာဇာမင်းကလေးသည် ရတနာသကျံစ်စေတီတော်တို့ကို တည်ထားခဲ့သည်။ မင်းတုန်းမင်းတရားကြီးက ချမ်းသာရစေတီတော်ကို တည်ထားခဲ့သည်။

အဆိုပါဘုရားစေတီများမှ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် အတွင်းရွှေကျောင်းနှင့် အပြင်ရွှေကျောင်းစေတီများမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့သည်ဟု သိရသည်။ နရပတိစည်သူမင်းကြီး တည်ထားခဲ့သည့် သာထွန်းပုံစေတီနှင့် ခြသေ့်လှစေတီတို့မှာလည်း မရှိတော့သည့်အတွက် သမိုင်းဝင်ဘုရားနှင့်စေတီ ၂၈ ဆူသာ ကျန်တော့သည်။

အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၄၁၄ ခုနှစ်တွင် နန်းတက်ပြီး မိတ္ထီလာကန်တော်ကြီးကို ဆည်ဖို့ပြုပြင်စဉ်အတွင်း အမြဲဆည်းကပ်ကိုးကွယ်နေသော အရှင်အရဟံမထေရ်ကို အမှူးပြုကာ မထေရ်ကြီးကိုးပါးနှင့် ရဟန္တာမထေရ်ခုနစ်ရာတို့ဖြင့် သိမ်ကိုးသိမ်ကို တည်ထားခဲ့သည်ဟု သိရသည်။ ထိုသိမ်ကိုးသိမ်ကို ရှင်အရဟံအမှူးပြုသော မထေရ်ကြီးကိုးပါးနှင့် ရဟန္တာမထေရ်ငယ် ၁၆ ပါးတို့က တစ်နေ့တစ်ရက် တစ်ပြိုင်တည်းတွင် တည်ထားခဲ့သည်ဟုလည်း ဆိုကြသည်။

ထိုသိမ်ကိုးသိမ်ကို လက်ယာရစ်ပတ်မည်ဆိုလျှင် "ရှင်ပင်ကူ" သိမ်ကို စတင်တွေ့ရမည်ဖြစ်သည်။ ရှင်ပင်ကူသိမ်မှာ ရွာမအုပ်စုရှင်မြို့အနီးတွင် တည်ရှိသည်။ ဒုတိယတွေ့ရမည့်သိမ်မှာ "ပဲသိတာသိမ်"ဖြစ်သည်။ ပဲသိတာသိမ်မှာ အလည်ရွာနယ်မြေ မြင်းကန်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆည်ကုန်းကျေးရွာအနီးတွင် တည်ရှိသည်။ တတိယတွေ့ရမည့်သိမ်မှာ "ကတ္တူကန်သိမ်"ဖြစ်သည်။ ကတ္တူကန်သိမ်မှာ မွေအုပ်စုတွင်ပါဝင်ပြီး အိုမတွေ့ကျေးရွာသိမ်တော်ကုန်းတွင် တည်ရှိသည်။ စတုတ္ထတွေ့ရမည့်သိမ်မှာ "ဝက်ကျောက်သိမ်" ဖြစ်သည်။ ဝက်ကျောက်သိမ်မှာ ဝက်ကျောက်ရွာမြောက်ဘက်တွင် တည်ရှိသည်။

ပဉ္စမတွေ့ရမည့်သိမ်မှာ "သားဖန်းသိမ်" ဖြစ်သည်။ သားဖန်းသိမ်မှာ သားဖန်းတောင်ရွာ မြောက်ဘက်ကုန်းပေါ်တွင်တည်ရှိသည်။ သားဖန်းသိမ်၏ ထူးခြားချက်မှာ ရှေးကလက်ရာအတိုင်း ဘုံငါးဆင့်နှင့် ရပ်ပွားတော်မှာလည်း ရှေးပုဂံခေတ်လက်ရာအတိုင်း ဖူးမြော်ရခြင်းဖြစ်သည်။ ဆဋ္ဌမတွေ့ရမည့်သိမ်မှာ "ကလိန်ခြေသိမ်" ဖြစ်သည်။ ရှမ်းတဲနယ်မြေ ကျောင်းရွာအုပ်စု လေးထောင့်ကန်ကျေးရွာအနီးတွင် တည်ရှိသည်။ သတ္တမတွေ့ရမည့်သိမ်မှာ "ကူဖြူသိမ်" ဖြစ်သည်။ ကူဖြူသိမ်မှာ ကူဖြူရွာအနီးတွင် တည်ရှိသည်။ အဋ္ဌမတွေ့ရမည့်သိမ်မှာ "ကုန်းတောင်းသိမ်" ဖြစ်သည်။ ကုန်းတောင်းသိမ်မှာ သာစည်မြို့နယ် ကုန်းတောင်းရွာတွင်တည်ရှိသည်။ နဝမတွေ့ရမည့်သိမ်မှာ "ထီးသုံးဆင့်သိမ်" ဖြစ်သည်။ ထီးသုံးဆင့်သိမ်မှာ သီရိမင်္ဂလာရပ်ကွက် ရွှေမြင်မိစေတီတော်အတွင်းတွင် တည်ရှိသည်။ ထီးသုံးဆင့်သိမ်မှာ အလယ်သိမ်ဖြစ်သည်။

သမိုင်းဝင်သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို ၂၀၁၂ ခုနှစ်က ပထမအကြိမ်အဖြစ် စတင်ကျင်းပခဲ့သည်။ မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒကိုခံယူ၍ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် ၁၄ ခုမှ ပြည်သူများ ပူးပေါင်း၍ ပထမအကြိမ် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကိုကျင်းပရန် ကော်မတီများဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် သိမ်တိုင်းတွင် အသံမစဲပဋ္ဌာန်းရွတ်ခြင်း၊ ဘုရားဖူးများအား နံနက်စာကျွေးခြင်း၊ ဘုရားဖူးများအတွက် ကားများစီစဉ်ပေးခြင်း၊ သိမ်ကိုးသိမ်ကားလမ်း ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ရပ်ကွက် ၁၄ ခုမှ ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၁၂ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပထမအကြိမ် သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲကို ကျင်းပနိုင်ခဲ့ပြီး လူဦးရေငါးထောင်ကျော် ပါဝင်ဖူးမြော်ခဲ့ကြသည်။

သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲကို ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုအခါ တစ်နှစ်ထက်တစ်နှစ် လူသိများလာပြီး စိတ်ဝင်စားစွာ လာရောက်ဖူးမြော်ကြသူများလည်း များပြားလာလျက်ရှိသည်။ ယခုနှစ် ပဉ္စမအကြိမ် ပူဇော်ပွဲတွင် လူဦးရေ ၁၀၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ကြသည်ကို တွေ့ရသည်။

ရှင်အရဟံမထေရ်မြတ်ဦးစီး၍ တစ်နေ့တစ်ရက် တစ်ပြိုင်တည်း သမုတ်တော်မူခဲ့သော သမိုင်းဝင်သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို တစ်နှစ်ထက်တစ်နှစ် စည်ကားစွာ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများလည်း လာရောက်ဖူးမြော်နိုင်ကြပါသည်။ ။

## နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ် စာကြည့်တိုက်အသုံးပြုသူများပြားလာရေး ဆွေးနွေး

**မြိတ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေမြစ်ကြီးအရှေ့ကျေးရွာရှိ အောင်သပြေစာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မေ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျေးရွာစာကြည့်တိုက် ရေရှည်ရှင်သန်ရေးနှင့် စာကြည့်တိုက်အသုံးပြုသူများပြားလာစေရေးအတွက် ကျေးရွာနေပြည်သူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

နယ်လှည့်စာကြည့်တိုက်ကို မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်ဝင်းကြည်နှင့် ဝန်ထမ်းများက ကွင်းဆင်းဖွင့်လှစ်ပြီး သုတရသစာအုပ်စာစောင်များကို ပြည်သူများ စုံလင်စွာဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်တစ်ခု ရေရှည်ရှင်သန်ရေးအတွက် ကျေးရွာနေလူငယ်များမှလည်း ပူးပေါင်းပါဝင်ကာ တက်ညီလက်ညီလုပ်ဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားပြီး ကလေးငယ်များ စာပေဖတ်ရှုမှု တိုးမြင့်အောင်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကာ စာကြည့်တိုက်အတွက် သုတရသစာအုပ်စာစောင်များကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ ရေမြစ်ကြီးအရှေ့ကျောင်းတွင် သီတင်းသုံးသည့် နယ်လှည့်သာသနာပြုဆရာတော် ဦးအဂ္ဂဝံသကလည်း စာကြည့်တိုက်အတွက် သုတရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



## မြေအောက်ရေလျှံတွင်းများ ထွက်ပေါ်၍ စိုက်ပျိုးရေအဆင်ပြေလျက်ရှိ

**ပေါက် မေ ၂၂**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရှားပင်ရေကျေးရွာ အနီးတစ်ဝိုက်၌ ၁၂ ရာသီမပြတ် မြေအောက်ရေလျှံတွင်းများ ထွက်ပေါ်လျက်ရှိပြီး အဆိုပါရေလျှံတွင်းများ ပေါ်ပေါက်လာခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေလျှံတွင်းများသည် အနက်ပေ ၂၄၀ ကျော်မှ ထွက်ပေါ်ခြင်းဖြစ်ပြီး နှစ်လက်မ၊ သုံးလက်မ၊ လေးလက်မ ပိုက်တွင်းများဖြင့် မြေအောက်ရေများကို စဉ်ဆက်မပြတ်ရရှိနေကြောင်း၊ ရေလျှံတွင်းရေများ လုံလောက်စွာရရှိနေခြင်းကြောင့် ပတ်ဝန်းကျင်ရှိ လယ်ယာမြေများတွင် နွေစပါးများကို စိုက်ပျိုးလျက်ရှိပြီး ခေတ်မီစက်ယန္တရားကြီးများဖြင့် လယ်မြေဧကသစ်များကိုလည်း တိုးချဲ့ဖော်ထုတ်လျက်ရှိကြောင်း၊ အဆိုပါလယ်ယာများတွင် နွေစပါး၊ မိုးစပါးများကို စိုက်ပျိုးရာတွင် ရေအတွက် ကုန်ကျစရိတ်သက်သာသဖြင့် မြေဆီမြေဩဇာများ စသည့် အခြားသွင်းအားစုများကို ပိုမိုထည့်သွင်းစိုက်ပျိုးနိုင်ပြီး ယခုနှစ် စပါးအထွက်နှုန်းသည် ယခင်နှစ်များကထက် ပိုကောင်းလာနိုင်ကြောင်း ရှားပင်ရေကျေးရွာနေ ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။



**ညဏ်တိုး(ပေါက်)**

## သောက်သုံးရေရှားပါးပြတ်လပ်သော ဒေသများသို့ ရေများဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

ယခုနှစ်နွေရာသီတွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများ နိုင်ငံတစ်ဝန်းဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်သူများရေရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးများမှ အရာထမ်း၊ အမှုထမ်းများက ပြည်သူများထံသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၂၀ ရက်တွင် ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၄) နယ်မြေ ၁၂၊ ၁၅ နှင့် ၁၆ သို့ ရေဂါလန် ၃၄၀၀ ကိုလည်းကောင်း၊ ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာအုပ်စု ရေဖြူကန်ကျေးရွာသို့ ရေဂါလန် ၂၀၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လျှော်တောင်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(မြောက်)ကျေးရွာသို့ ရေဂါလန် ၉၆၀၀ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အခလောက်ကျေးရွာအုပ်စု ကုန်းစု(သစ်)ကျေးရွာသို့ ရေဂါလန် ၃၆၀၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်သို့ သောက်ရေသန့် ဂါလန် ၆၀၀ နှင့် ရာဇသင်္ကြန်ရပ်ကွက်သို့ သောက်ရေသန့်ဂါလန် ၆၀၀ ကိုလည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ပျားကနဲကျေးရွာသို့ ရေဂါလန် ၁၂၀၀ ကိုလည်းကောင်း၊ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အင်ပင်ခုံကျေးရွာသို့ ရေဂါလန် ၁၆၀၀၊ မိုပင်ခုံကျေးရွာသို့ ရေဂါလန် ၁၆၀၀၊ နန်းဩကျေးရွာသို့ ရေဂါလန် ၈၀၀ နှင့် ပြည်စံအောင်ရပ်ကွက်သို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ငြိမ်းချမ်းမှုရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းလာခြင်းကြောင့် ကယားပြည်နယ်သို့ နှစ်သစ်ကူးရုံးပိတ်ရက်တွင် အလည်အပတ်လာရောက်သူ မကြုံစဖူးများပြား

**လွိုင်ကော် ဧပြီ ၂၂**
ကယားပြည်နယ်အတွင်း၌ ငြိမ်းချမ်းမှုများ ရှိလာခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ယခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ကယားပြည်နယ်အတွင်းသို့ ဘုရားဖူးနှင့် လေ့လာရေးခရီးအဖြစ် လာရောက်လည်ပတ်ကြသူဦးရေမှာ မကြုံစဖူး များပြားခဲ့ကြောင်း သိရသည်။

အလည်အပတ်လာရောက်သူဦးရေ များပြားလွန်းသောကြောင့် လွိုင်ကော်မြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အခန်းလွတ်မရှိအောင် လူပြည့်ခဲ့ပြီး အချို့ခရီးသည်များမှာ ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုနေထိုင်ခဲ့ကြရသည်။ လွိုင်ကော်မြို့တွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းစုစုပေါင်း ၂၀ ခန့် ရှိသည်။

"၂၀၁၅ ခုနှစ် အောက်တိုဘာလလောက်ကစပြီး ဘုရားဖူးတွေ တစ်စတစ်စ များလာလိုက်တာ အခုနှစ်သစ်ကူးရုံးပိတ်ရက်တွေမှာတော့ မြင်တဲ့အတိုင်း ဝက်ဝက်ကွဲပဲ"ဟု တောင်ကွဲစေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်က ပြောသည်။ ကယားပြည်နယ်သို့ ယခုလို ဘုရားဖူးနှင့် အလည်အပတ် လာရောက်သူဦးရေများလာခြင်းမှာ ကယားပြည်နယ်တွင် လုံခြုံရေးအခြေအနေကောင်းမွန်လာခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းကြောင့်ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ကယားပြည်နယ်သို့ လာရောက်လည်ပတ်ကြသူများသည် လွိုင်ကော်မြို့ရှိ အထင်ကရ စေတီပုထိုးများ ဖြစ်ကြသည့် တောင်ကွဲစေတီ၊ မြကလာပ်တောင်တော်၊ ရွှေလက်ဝါးတောင်တော်၊ မြို့နာမ်စေတီ၊ တောင်သုံးလုံးတောင်တော်စသည့် ဘုရားစေတီများသို့လည်းကောင်း၊ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်ရှိ နောင်ယားကန်သာယာ၊ ထေးငှားလျှား ကန်သာယာ၊ ကျတ်ဂူ၊ လွယ်တမူဂူ၊ အောင်သပြေဂူ၊ ထီးစဲခါးရေတံခွန်စသည့် သဘာဝပတ်ဝန်းကျင်နေရာများသို့လည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်ရှိ ကန်ခုနစ်ဆင့်၊ ထီးပွင့်ကန်၊ ကွိုင်ငံရေထွက်ပေါက်၊ ငွေတောင်ဆည်နှင့် ကယန်းတိုင်းရင်းသားကျေးရွာတစ်ရွာဖြစ်သည့် ပန်ပက်ကျေးရွာစသည့် နေရာများသို့ သွားရောက်လည်ပတ် လေ့လာကြသည်။

ယခင်က ပြည်နယ်၏ လုံခြုံရေးအခြေအနေအရ အထက်ဖော်ပြပါ သဘာဝအရင်းအမြစ်များရှိရာ ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် သွားရောက်လေ့လာရန် အခက်အခဲ ကြုံတွေ့ခဲ့ကြရသည်။ တိုင်းရင်းသားကျေးရွာများသို့ သွားရောက်လေ့လာရန် ကိစ္စကိုလည်း မစဉ်းစားဝံ့ကြချေ။ ယခုအခါတွင် ကယားပြည်နယ်သည် ငြိမ်းချမ်းမှုရှိလာပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် လုံခြုံရေးစိတ်ချရပြီဖြစ်၍ စိုးရိမ်ထိတ်လန့်ခြင်းကင်းမဲ့စွာဖြင့် လွတ်လပ်စွာ ပြည်နယ်အတွင်း နေရာဒေသမရွေး သွားရောက်လည်ပတ်လေ့လာ အပန်းဖြေနိုင်ကြပြီဖြစ်သည်။ ဤကဲ့သို့ ကယားပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များအတွက် လုံခြုံရေး စိတ်ချလာကြရသည်နှင့်အမျှ သွားလာရေး အဆင်ပြေလွယ်ကူချောမွေ့စေရန် တာဝန်ရှိ ပုဂ္ဂိုလ်များက လမ်း၊ တံတားများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ကြသည်။ ကယားပြည်နယ်အတွင်းသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလာသည်နှင့်အမျှ ဒေသခံများသည် ဒေသထွက်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ ကုန်မျိုးစုံအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ဝင်ငွေကောင်းမွန်လာကြပြီဖြစ်သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များထံမှ အတွေ့အကြုံ ဗဟုသုတများရရှိပြီး အမြင်ကျယ်လာကြသည်။

ယခုအခါ ကယားပြည်နယ်အတွင်း မိုင် ၄၀ ကျော်အကွာအဝေးရှိ လွိုင်ကော်-ရှားတောခရီး၊ လွိုင်ကော်-ဒီးမော့ဆို ၁၁ မိုင်ခရီး၊ လွိုင်ကော်-ဖရူဆို မိုင် ၂၀ ခရီး၊ လွိုင်ကော်-ဘောလခဲ မိုင် ၅၀ ခရီး၊ လွိုင်ကော်-ရှာသစ် ၇၂ မိုင် ခရီး၊ လွိုင်ကော်-ဖားဆောင်း ၇၅ မိုင်ခရီး၊ လွိုင်ကော်-မယ်စဲ့ ၁၀၉ မိုင်ခရီးစသည် ပြည်နယ်တွင်း ခရီးစဉ် အသီးသီးတို့ကို လမ်း၊ တံတားများ ကောင်းမွန်သဖြင့် နေ့ချင်းပြန်သွားလာနိုင်ကြပြီဖြစ်သည်။ စိုးရိမ်ထိတ်လန့်ခြင်း ကင်းစွာဖြင့် လွတ်လပ်စွာ သွားလာနိုင်ကြပြီဖြစ်သည်။ ပြည်နယ်တွင်း၊ ပြည်နယ်ပ ခရီးသွားလာရေး အဆင်ပြေလွယ်ကူချောမွေ့စေရန် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းများ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ယခုအခါ ပြည်နယ်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းပေါင်း ၄၀ ကျော် ဖွင့်လှစ်ပြီးဖြစ်သည်။

ယခုအခါ ပြည်နယ်အတွင်းနေ ပြည်သူလူထုသည် ငြိမ်းချမ်းရေး၏ ကောင်းမွန်သော အရသာကို သိရှိခံစားနေကြရပြီဖြစ်သည်။ ယနေ့သူတို့အလိုချင်ဆုံးအရာမှာ ငြိမ်းချမ်းစွာ သွားလာနေထိုင်နိုင်ရေးပင် ဖြစ်သည်။

"အရင် ပြည်နယ်အတွင်းမှာ ငြိမ်းချမ်းမှု မရှိသေးခင်တုန်းက ကျီးလန့်စာစားဆိုသလို သွားလာနေထိုင်ခဲ့ကြရတယ်။ လွတ်လွတ်လပ်လပ် မသွားရဲ၊ မလာရဲကြဘူး။ ယခုလို ငြိမ်းချမ်းမှု ရှိလာပြီဆိုတော့ စိတ်ချ လက်ချ သွားလာနေထိုင်လုပ်ကိုင်စားသောက်နိုင်ကြပြီ။ နောက်နောင်ကိုလည်း ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ပစ်တာခတ်တာတွေ မဖြစ်စေချင်တော့ဘူး"ဟု ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာနေ ကယားလူမျိုး ဦးမီရယ်က ပြောကြားခဲ့သည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**အရင် ပြည်နယ်အတွင်းမှာ ငြိမ်းချမ်းမှု မရှိသေးခင်တုန်းက ကျီးလန့်စာစားဆိုသလို သွားလာနေထိုင်ခဲ့ကြရတယ်။ လွတ်လွတ်လပ်လပ် မသွားရဲ၊ မလာရဲကြဘူး။ ယခုလို ငြိမ်းချမ်းမှု ရှိလာပြီဆိုတော့ စိတ်ချ လက်ချ သွားလာနေထိုင်လုပ်ကိုင်စားသောက်နိုင်ကြပြီ။ နောက်နောင်ကိုလည်း ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ပစ်တာ ခတ်တာတွေ မဖြစ်စေချင်တော့ဘူး**

## ရေလိုအပ်နေသောကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေး

**ရေစကြို ဧပြီ ၂၂**
ရေစကြိုမြို့နယ်အတွင်းမှ သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ကျေးရွာတစ်ခုဖြစ်သည့် ဗျည်းဘကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်မီးသတ်တပ်ဖွဲ့က ဧပြီ ၂၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးညီညီအောင်နှင့် ဝန်ထမ်းများက မီးသတ်တပ်ဖွဲ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၁၈၀၀ ကို သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။



ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များမြင့်တက်လျက်ရှိရာ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေလိုအပ်ချက်မြင့်မားလျက် ရှိနေသည်။ ရေလိုအပ်နေသော ကျေးရွာများအတွက် သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရန် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပြီး အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကူညီထောက်ပံ့မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲကျင်းပ

**ညောင်လေးပင် ဧပြီ ၂၂**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာမကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုးမီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့မှ ထရန်စဖော်မာအလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားခဲ့သည်။

အလယ်ရွာမကျေးရွာသည် အိမ်ခြေ ၂၀၀ နီးပါး လူဦးရေ ၆၀၀ နီးပါးရှိပြီး မီးလင်းရေးအတွက် ကျပ် ၂၁၅ သိန်းတန်ဖိုးရှိ ၂၀၀ ကေဗွီအေ ထရန်စဖော်မာကို အလှူရှင် သီရိသုမေ္ဓသီဂီ ဒေါ်ရွှေသက်မိသားစုက မတည်လှူဒါန်းကာ ဓာတ်တိုင်နှင့် ဆက်စပ်ပစ္စည်းများကိုကျေးရွာနေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးထည့်ဝင်ငွေ ကျပ်သိန်း ၂၁၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင်း သိရသည်။

မီးလင်းရေးလုပ်ငန်းများ ပြီးစီးကာ လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ပြီဖြစ်သဖြင့် အလယ်ရွာမကျေးရွာမှ ပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ရှာဖွေကယ်ဆယ်နည်းများ လက်တွေ့လေ့ကျင့်

**မင်းတပ် ဧပြီ ၂၂**
မင်းတပ်မြို့နယ် မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မင်းတပ်မြို့အရှေ့ပြင်ရပ်ကွက် မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်း လက်တွေ့လေ့ကျင့်မှုကို ဧပြီ ၂၁ ရက်က ပြုလုပ်ခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်နှင့် မီးလောင်မှုများဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရန်အတွက် မီးငြိမ်းသတ်နည်းလက်တွေ့လေ့ကျင့်မှုများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ပြီး အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် လက်တွေ့လေ့ကျင့်မှုများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကီးထန်းက ပြောသည်။ ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှုများအပြင် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းများကိုလည်း အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဒေါ်လာဈေးကျနေသော်လည်း ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဈေးကျခြင်းမရှိ

**ရန်ကုန် ဧပြီ ၂၂**
မတ်လအတွင်းမှစ၍ ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းသည် နေ့စဉ် အနည်းငယ်စီကျဆင်းလျက်ရှိသော်လည်း ဒေါ်လာဈေးနှုန်းအပေါ်တွင် မူတည်၍ ဈေးနှုန်းအပြောင်းအလဲဖြစ်လေ့ရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများမှာ သင်္ကြန်အလွန်ကာလအထိ ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရသည်။

ကွန်ပျူတာဈေးကွက်တွင် စားပွဲတင်ကွန်ပျူတာ(Desktop) များမှာ ဒေါ်လာဈေးနှုန်းအပြောင်းအလဲအပေါ် မူတည်ပြီး ဈေးနှုန်းပြောင်းလဲလေ့ရှိသော်လည်း အပြောင်းအလဲမမြန်ဘဲ ဒေါ်လာဈေးအပြောင်းအလဲများမှသာ ဈေးပြောင်းလေ့ရှိကာ လက်ပ်တော့များမှာမူ ရောင်းဈေးကို ဒေါ်လာဖြင့်သာ သတ်မှတ်ကာ ရောင်းချရာတွင် ဒေါ်လာပေါက်ဈေးဖြင့် တိုက်ရိုက်တွက်ချက်၍ ရောင်းချလေ့ရှိသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် လက်ပ်တော့များမှာ ဒေါ်လာဈေးအပြောင်းအလဲကြောင့် အနည်းငယ် ဈေးနှုန်းလျော့ကျသော်လည်း စားပွဲတင်ကွန်ပျူတာများမှာမူ ဈေးနှုန်းလျော့ကျခြင်းမရှိဘဲ ဖေဖော်ဝါရီလအတွင်းက ဈေးနှုန်းများအတိုင်းသာရှိနေသည်ကို တွေ့ရသည်။

မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဈေးကွက်တွင်လည်း ဒေါ်လာဈေးပြောင်းလဲခြင်းကြောင့် တန်ဖိုးမြင့် ဖုန်းမော်ဒယ်အချို့ ဈေးနှုန်းအနည်းငယ်လျော့ကျသည်မှလွဲ၍ မြန်မာနိုင်ငံမှ လူတန်းစားအများဆုံး အသုံးပြုသော အလယ်အလတ်တန်းတန်ဖိုးရှိ ဖုန်းများမှာ ဈေးကျခြင်းမရှိသည်ကို တွေ့ရသည်။ မတ်လကုန်ပိုင်းက ကျပ် ၉၂၅၀၀၀ ရှိသော iphone 6s(64GB) သည် ဧပြီ ၂၁ ရက်တွင် ကျပ် ၉၁၅၀၀၀ အထိ ကျပ်တစ်သောင်းခန့် လျော့ကျလာခဲ့သည်။ ထိုသို့ တန်ဖိုး ကျပ်ရှစ်သိန်း၊ ကိုးသိန်းဝန်းကျင်နှင့်အထက် မော်ဒယ်မြင့် ဖုန်းအမျိုးအစားအချို့သာ ဈေးနှုန်းအနည်းငယ်လျော့ကျပြီး ကျန်ဖုန်းမော်ဒယ်အများစုမှာ ဈေးနှုန်းမလျော့ကျဘဲ ရှိနေသည်။

“ဒီမှာက လူသုံးအများဆုံးက တစ်သိန်းခွဲကနေ လေးသိန်းလောက်အထိ ဖုန်းတွေပေါ့။ အခု ဒေါ်လာဈေးအပြောင်းမှာ လေးသိန်း၊ ငါးသိန်းဝန်းကျင်ထဲက ဖုန်းတွေက တစ်ခုမှ ဈေးမကျသေးဘူး။ အိုင်ဖုန်းမော်ဒယ်လ်အမြင့်တွေရယ်၊ ဆမ်ဆောင်းတက်ဘလက်မော်ဒယ်အမြင့်တချို့နဲ့ ဆိုနီမော်ဒယ်အမြင့်တွေရယ်ပဲ နည်းနည်းလေး ဈေးလျော့လာတယ်။ ဒီကဆိုင်တွေက မိုဘိုင်းဖုန်းကို ဒေါ်လာဈေးနဲ့တွက်ပြီး ကျပ်ငွေနဲ့ ဈေးနှုန်းသတ်မှတ်လိုက်ပြီးရင် ဒေါ်လာဈေးတက်ရင်သာ လိုက်ပြောင်းပြီး ဈေးတက်တာ။ ဈေးကျရင် ရုတ်တရက်မပြောင်းဘူး။ ရုတ်တရက် ဒေါ်လာဈေးပြန်တက်မှာမျိုးကို ကြောက်တာလည်းပါတာပေါ့”ဟု ဆိပ်ကမ်းသာလမ်းမှ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဒေါ်လာဈေးမှာ နေ့စဉ် အနည်းငယ်စီ ကျလျက်ရှိနေရာ နောက်ပိုင်းတွင်မူ စားပွဲတင်ကွန်ပျူတာ၊ လက်ပ်တော့အမျိုးမျိုးနှင့် အခြားကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အလယ်အလတ်တန်းနှင့် တန်ဖိုးနည်းဟန်းဆက်များအပါအဝင် မိုဘိုင်းဖုန်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၏ ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကာ ဈေးနှုန်းများ မဖြစ်မနေကျလာနိုင်ကြောင်းလည်း ရန်ကုန်မြို့မှ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ ခန့်မှန်းပြောကြားချက်များအရ သိရသည်။ ဒေါ်လာဈေးနှုန်းများသည် မတ်လဆန်းမှစ၍ အနည်းငယ်စီ နေ့စဉ်ကျဆင်းနေပြီး ရန်ကုန်မြို့လယ် ပြင်ပဈေးကွက် ငွေလဲလှယ်နှုန်းမှာ ဧပြီ ၁ ရက်တွင် ၁၁၉၉ ကျပ်၊ ဧပြီ ၈ ရက်တွင် ၁၁၇၉ ကျပ်နှင့် ဧပြီ ၂၁ ရက်တွင် ၁၁၆၆ ကျပ်နှုန်း ရှိနေသည်။

**သူရဖြိုး**

# ၂၀၁၆ ခုနှစ် အာဆီယံ အိုင်စီတီပြိုင်ပွဲ (2016 ASEAN ICT Award) သို့ နည်းပညာလုပ်ငန်းရှင်များ ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်




**ရန်ကုန် ဧပြီ ၂၂**
အာဆီယံဒေသတွင်း ICT နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများအတွက် ASEAN ICT Masterplan အရ TELMIN(ASEAN Telecommunication Ministers Meeting) နှင့် TELSOM (ASEAN Telecommunication and Information Technology Senior Officials Meeting) ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၁၂ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သော ASEAN ICT Awards ပြိုင်ပွဲ၏ ၂၀၁၆ ခုနှစ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမှ ICT လုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် ASEAN ICT Awards ပြိုင်ပွဲကို TELMIN အစည်းအဝေးအလှည့်ကျ သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဘရူနိုင်းနိုင်ငံက စီစဉ်၍ နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို အဆင့်(၄)ဆင့်ဖြင့် ပြုလုပ်ထားပြီး ပထမအဆင့်တွင် ယှဉ်ပြိုင်သူများသည် ပြိုင်ပွဲဝင် အချက်အလက်များကို သက်ဆိုင်ရာ Country Coordinator မှတစ်ဆင့် TELSOM သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် ပဏာမ ရွေးချယ်စိစစ်ထားသည့် ပြိုင်ပွဲဝင်များ၏ Presentation များကို ASEAN နိုင်ငံများ၏ ပြိုင်ပွဲ အကဲဖြတ်ဒိုင်များက Online ဖြင့် Preliminary Judging ပြုလုပ်မည်ဖြစ်ကြောင်း၊ တတိယအဆင့်တွင် ASEAN TELSOM Leader များနှင့် ရွေးချယ်ခံရသူ ပြိုင်ပွဲဝင်နိုင်ငံများ၏ အကဲဖြတ်ဒိုင်များက Final Judging ပြုလုပ်မည်ဖြစ်ပြီး စတုတ္ထအဆင့်(နောက်ဆုံးအဆင့်)တွင် ဆုရရှိသူများကို TELMIN အစည်းအဝေးကြီးတွင် ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစားများအနေဖြင့် (1) Public Sector(2)Private Sector(3) Corporate Social Responsibility(4) Digital Content(5)Startup Company နှင့် (6)Research and Development ဟု ခေါင်းစဉ်ခြောက်ခု သတ်မှတ်ထားသည်။ အဆိုပါ ပြိုင်ပွဲအမျိုးအစားခြောက်မျိုးအတွက် တစ်မျိုးချင်းစီတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်မည်ဖြစ်ပြီး ဆုရရှိသူများကို ASEAN ICT Awards ဆုတံဆိပ်နှင့် အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မတ် ၁၄ ရက်မှစ၍ ဇွန် ၁၇ ရက်အထိ ပြိုင်ပွဲဝင်ခွင့်ပုံစံနှင့် မိမိတို့ ယှဉ်ပြိုင်မည့် အကြောင်းအရာအလိုက် နှစ်မိနစ်မှ ငါးမိနစ်ခန့်ရှိ ဗွီဒီယိုဖိုင်ကို (.avi) format ဖြင့် ပြုလုပ်ကာ မြန်မာနိုင်ငံ၏ ASEAN ICT Awards Country Coordinator ဖြစ်သည့် ဒေါ်အေးအေးသင်း၊ အီးမေးလ် ayeayethinn@gmail.com သို့ ပေးပို့ရမည်ဖြစ်သည်။

ASEAN ICT Awards 2016 နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက www.aseanicta-ward.com ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အာဆီယံရေးရာဌာနခွဲ ဖုန်း-၀၆၇-၄၀၇၂၃၁ ထံသို့လည်းကောင်း၊ ဒေါ်အေးအေးသင်း(တွဲဖက်အတွင်းရေးမှူး) မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁-၆၅၂၃၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်းရှိ အိုင်စီတီနည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်ရန်နှင့်ပြိုင်ပွဲဝင်လျှောက်လွှာများကို အချိန်မီ ပေးပို့နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်၌ အသိပေးကြေညာထားသည်။

**သူရဖြိုး**

## New Product

# စွမ်းဆောင်ရည်မြင့် ဘက်ထရီပါဝင်သည့် Asus Zanfone Max

Asus Zanfone Max ဟာ နိုင်ငံတကာဈေးကွက်မှာ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက စတင်ရောင်းချခဲ့ပေမယ့် ပြည်တွင်းဈေးကွက် ကိုတော့ မတ်လကုန်ပိုင်းမှာမှ ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ အခြားဖုန်းတွေနဲ့ မတူတဲ့ အဓိကအချက်အဖြစ် ဘက်ထရီပိုင်းကို အထူးကောင်းမွန်အောင် ပြုလုပ်ထားပြီး တခြားဖုန်းတစ်လုံးကို အားပြန်သွင်းပေးလို့ရတဲ့ လုပ်ဆောင်ချက်မျိုးပါ ပါဝင်ပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၅ လက်မရှိတဲ့ အရွယ်အစားကြီးတဲ့ ဖုန်းတစ်မျိုးဖြစ်ပြီး ၇၂၀ x ၁၂၈၀ pixels ရှိလို့ ရုပ်ထွက်ပိုင်းကောင်းမွန်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေက ကာကွယ်ပေးနိုင်တဲ့ Corning Gorilla Glass 4 နဲ့ အားဖြည့်ထားပါတယ်။

ဖုန်းနက်ဝပ်က ဂျီအက်စ်အမ်ဖြစ်ပြီး ဆင်းကတ်နှစ်ကတ်အသုံးပြုနိုင်ပါတယ်။ အင်တာနက်အတွက် 3G နဲ့ 4G(LTE)ကိုပါ ထောက်ပံ့ပေးထားပါတယ်။ အန်းဒရွိုက်ဗားရှင်းက 5.0 (Lollipop) ဖြစ်ပြီး CPU အနေနဲ့ Quad-core 1.2 GHz Cortex-A53 ကို သုံးထားပါတယ်။ RAM က 2GB ရှိပြီး အင်တာနယ်မင်မိုရီက 8GB နဲ့ 16GB နှစ်မျိုးထွက်ထားပါတယ်။ ဒါ့အပြင် မင်မိုရီပိုင်းအတွက် Micro SD ကတ်ကို 64GB အထိ ထပ်တိုးပြီး သုံးနိုင်အောင် ထောက်ပံ့ပေးထားတဲ့ အတွက်မင်မိုရီပိုင်းမှာ စိတ်ကျေနပ်စရာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာ laser autofocus, dual-LED, (dual tone), face detection, HDR စတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်တဲ့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့နောက်ကင်မရာ ပါဝင်လို့ ကောင်းမွန်တယ်လို့ ဆိုနိုင်ပါတယ်။ ရှေ့ကင်မရာက ၅ မဂ္ဂါပစ်ဇယ် ရှိပါတယ်။

Asus Zenfone Max ရဲ့ အဓိကအားသာချက်က ဘက်ထရီပိုင်းဖြစ်ပါတယ်။ ၅၀၀၀ mAh ရှိတဲ့ Li-Po ဘက်ထရီကို အသုံးပြုထားလို့ 3G ကွန်ရက် အသင့်အနေအထားမှာ ငါးရက်နီးပါး၊ 3G ကွန်ရက် တစ်ဆက်တည်းဖုန်းပြောချိန် ၃၈ နာရီလောက်အထိ ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် တခြားဖုန်းတစ်လုံးကို ပြန်ပြီး အားသွင်းပေးချင်ရင်တောင် အားသွင်းနိုင်မယ့် Power Bank တစ်ခုလို စွမ်းဆောင်ရည်မျိုးရှိတဲ့ ဖုန်းတစ်လုံးဖြစ်ပါတယ်။ အရောင်အနေနဲ့ အဖြူနဲ့ အနက်နှစ်မျိုးရနိုင်ပြီး ဈေးနှုန်းက ကျပ်သုံးသိန်းနီးပါးရှိပါတယ်။

**သူရဖြိုး**



# နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်လျာထားချက်နှင့် လှိုင်းနှုန်းအစီအစဉ် ထုတ်ပြန်ကြေညာ

**ရန်ကုန် ဧပြီ ၂၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်လျာထားချက်(National Table of Frequency Allocations)နှင့် လှိုင်းနှုန်းအစီအစဉ် (Spectrum Roadmap)များကို ဧပြီ ၈ ရက်က ထုတ်ပြန်ကြေညာထားသည်။

ကြေညာချက်တွင် ‘ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လှိုင်းနှုန်းစဉ်များအား စနစ်တကျစီမံခန့်ခွဲနိုင်စေရန်နှင့် လှိုင်းနှုန်းအသုံးပြုလိုသူများအနေဖြင့် လုပ်ငန်းအလိုက်အသုံးပြုနိုင်သည့် လှိုင်းနှုန်းများကိုသိရှိနိုင်စေရန်အတွက် နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်လျာထားချက် (National Table of Frequency Allocations) အား အများပြည်သူသဘောထား မှတ်ချက်များကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲပြီးဖြစ်ကြောင်း’နှင့် အသေးစိတ် အချက်အလက်များကို Download ရယူနိုင်သည့် Link ကိုလည်းကောင်း ဖော်ပြထားသည်။

‘လှိုင်းနှုန်းအသုံးပြုလိုသူများ အနေဖြင့် အနာဂတ် ငါးနှစ်တာကာလအတွင်း လုပ်ငန်းအလိုက် အသုံးပြုနိုင်မည့် လှိုင်းနှုန်းများကို သိရှိနိုင်စေရန်နှင့် အသုံးပြုခွင့်ရရှိနိုင်မည့် ကာလတို့ ဖော်ပြပါရှိသည့် လှိုင်းနှုန်း အစီအစဉ် (Spectrum Roadmap)အား အများပြည်သူ သဘောထားမှတ်ချက်များကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတကာ သတ်မှတ်ချက်များနှင့် အညီ ရေးဆွဲပြီးဖြစ်ကြောင်း’နှင့် အသေးစိတ်အချက်အလက်များကို Download ရယူနိုင်မည့် Link ကိုလည်းကောင်း ဖော်ပြထားသည်။

နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်လျာထားချက်နှင့် လှိုင်းနှုန်းအစီအစဉ်များ၏ အသေးစိတ်အချက်များကို ရယူလိုပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်လိပ်စာ www.mcit.gov.mm တွင် ဝင်ရောက်၍ Download ရယူနိုင်သည်။

**သူရဖြိုး**

# ခေါင်းဆောင်ကောင်းနှင့် သူ၏လုပ်ငန်းခွင်

သက်မွန်ဦး(မြန်မာ့အလင်း)

**လူတွေကို ကိုယ့်ဘက်ပါအောင်စည်းရုံးပြီး လုပ်ငန်းရည်မှန်းချက်ပေါက်မြောက်အောင်လုပ်ဆောင်နိုင်သူကို ခေါင်းဆောင် (Leader) လို့ခေါ်ကြသည်ဟု ဆရာမောင်ပေါ်ထွန်း၏ ခေါင်းဆောင်ကောင်းဆိုသည်မှာ စာအုပ်တွင် ဖတ်ဖူးပါသည်။ ခေါင်းဆောင်ဟူသည် မိမိလက်အောက်ငယ်သားများ၊ နောက်လိုက်များ ဘာတွေကိုလုပ်နိုင်သလဲ၊ ဘာတွေကို လေ့လာသင်ယူနိုင်သလဲဆိုသည်ကို ကောင်းစွာနားလည်ရမည်။ ဒီအချက်ကို ခေါင်းဆောင်ကောင်းတိုင်း သိကြ၏ဟုလည်း ပါရှိသည်။**



လုပ်ငန်းခွင်၌ လုပ်ရေးကိုင်ရေး အဆင်ပြေချောမွေ့ပြီး ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်ရန်မှာ ခေါင်းဆောင်ကောင်းတို့အပေါ်တွင် များစွာတည်မှီပါသည်။ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းတစ်ဦး၏ လမ်းညွှန်ဦးဆောင်မှုကြောင့်သာလျှင် နောက်လိုက်ဝန်ထမ်းများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရာကို လိုက်ပါနိုင်မည်ဖြစ်ပါသည်။

ခေါင်းဆောင်ကောင်း အရည်အချင်းမြောက်မြားစွာထဲမှ ဖတ်ဖူးသမျှ အကျဉ်းချုံးတင်ပြချင်ပါသည်။ လုပ်ငန်းတစ်ခုကို အောင်မြင်အောင်စွမ်းဆောင်ရန် တစ်ဦးတစ်ယောက်၏ အင်အားနှင့်မတတ်နိုင်သည့်အခါ အဖွဲ့အစည်းဖြင့် စုပေါင်းလုပ်ဆောင်ကြရပါသည်။ အဖွဲ့အစည်းနှင့် လုပ်ကိုင်ဆောင်ရွက်ရသည့်အတွက် ဦးတည်ချက်ပန်းတိုင်ကို သတ်သတ်မှတ်မှတ် ညွှန်ပြပေးနိုင်မည့် တစ်နည်းအားဖြင့် ဦးဆောင်ဦးရွက်ပြုနိုင်မည့်သူ လိုအပ်လာပါသည်။ တစ်ယောက်အားနှင့် ယူသော်မရ။ တစ်သောင်းအားနှင့် ယူသော်ရ၏ဟုဆိုသည့်အတိုင်း ခေါင်းဆောင်ကောင်းတို့မည်သည် မိမိလက်အောက်ငယ်သားများနှင့် တစ်လေ့တည်းစီး တစ်ခရီးတည်းအတူသွားကာ ပန်းတိုင်ကိုရောက်အောင် ဆောင်ကြဉ်းနိုင်ရပါမည်။ ထို့ကြောင့် ရှိသင့်ရှိထိုက်သည့် အရည်အသွေးများ ခေါင်းဆောင်ကောင်းတစ်ယောက်တွင် ရှိသင့်ပါသည်။ လုပ်ငန်းတစ်ခုကို ဦးဆောင်ဦးရွက်ပြုမည့်သူသည် အဆိုပါလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်ပြီး အောက်လက်ငယ်သားများကို သင်ကြားပြသပေးနိုင်သူ ဖြစ်ရမည်။ ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ဆောင်သည့်နေရာတွင် လုပ်ငန်းခွင်၌ စီမံအုပ်ချုပ်မှုကောင်းမွန်ရန်လည်း လိုအပ်လာသည်။ လူမှန်နေရာမှန် နေရာချထားတတ်မှုနှင့် ဝန်ထမ်းများ လုပ်ချင်ကိုင်ချင်စိတ်ရှိစေရန် စေ့ဆော်တိုက်တွန်းချီးကျူးမှုများ ပြုလုပ်ပေးရန်လည်း လိုအပ်သည်ဟု လေ့လာဖူးပါသည်။ လူမှန် နေရာမှန်ဖြစ်သော်လည်း မလုပ်တတ်မကိုင်တတ်မှုကြောင့် အလွဲလွဲအချော်ချော် ဖြစ်ရတတ်မှုများကိုလည်း အတတ်ကြူးအရှုံးဖြစ်ဆိုသည့် ဒသမတန်း ဖတ်စာအုပ်ထဲမှ ဒိသာပါမောက္ခ၏ တပည့်များအဖြစ်ကိုလည်း သာဓကယူသင့်သည်။ မိမိထံ၌ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို သင့်လျော်သလိုအသုံးပြုနိုင်လျှင် မလိုအပ်ဘဲ လုပ်ငန်းကြန့်ကြာမှုများ မဖြစ်ပေါ်စေနိုင်ရုံသာမက အချိန်တိုအတွင်းလိုချင်သည့် ပစ်မှတ်ကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**လူမှန် နေရာမှန်နေရာချထားတတ်မှုနှင့် ဝန်ထမ်းများလုပ်ချင်ကိုင်ချင်စိတ်ရှိစေရန် စေ့ဆော်တိုက်တွန်းချီးကျူးမှုများ ပြုလုပ်ပေးရန်လည်း လိုအပ်သည်**

လုပ်ငန်းခွင်သာယာဝပြောစေရန်အတွက် ရုံးတွင်း၊ ဌာနတွင်းစည်းမျဉ်းစည်းကမ်းများကိုလည်း ခေါင်းဆောင်ကောင်းတစ်ယောက်အနေဖြင့် အတိအကျသတ်မှတ်ပြဋ္ဌာန်း ထားပေးရန် လိုအပ်သည်။ လက်အောက်ငယ်သားများကိုလည်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားနိုင်ရမည်။ လိုက်နာသူဖောက်ဖျက်သူများကိုလည်း ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးစေသင့်သည်ဟု ထင်ပါသည်။ သို့မှသာ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားစေနိုင်သည့် အပြုအမူများကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ခေါင်းဆောင်ကောင်းတစ်ယောက်သည် မိမိလက်အောက်ဝန်ထမ်းများ၏ လုပ်ငန်းခွင်အခြေအနေနှင့်ပတ်သက်သည့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများ အလျှင်မီအောင် ဖြည့်တင်းပေးရန်လည်း လိုအပ်သည်ဟု ထင်မြင်မိပါသည်။ လုပ်ငန်းခွင်၌ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက ပြဿနာ၏ရင်းမြစ်ကို အမြန်ဆုံးရှာဖွေကာ မျှတစွာဖြေရှင်းပေးတတ်ရန်လည်း လိုအပ်ပါသည်။ လက်အောက်ငယ်သားများအနေဖြင့်လည်း မိမိတို့ခေါင်းဆောင်ကို လေးစားလိုက်နာရန် လိုအပ်သည်။

အဖွဲ့အစည်းတစ်ခုတိုးတက်အောင်မြင်ဖို့ရန်မှာ ခေါင်းဆောင်အဓိကဆိုသည်မှာ ၅၅၀ ဇာတ်တော်များထဲမှ သာဓကများကို ဖတ်ဖူးသူတိုင်း သိကြပါလိမ့်မည်။ အပြင်လက်တွေ့ဘဝအတွေ့အကြုံများမှလည်း ဥပမာသင်ခန်းစာများ သင်ယူနိုင်ကြပါသည်။

ထို့ကြောင့် အတိုချုံးရလျှင် ခေါင်းဆောင်မှု အားနည်းလျှင် တိုးတက်မှုကျဆင်းပြီး အောင်မြင်မှုနည်းသည်။ သို့ဖြစ်သောကြောင့် စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်မှု (Leadership) သည် ဘာသာရပ်တစ်ခုဖြစ်လျှင် ယခုအချိန်၌ နောက်လိုက်ကောင်းတစ်ဦးဖြစ်အောင် ကြိုးစားလိုက်နာရင်း မိမိတို့အနေဖြင့်တစ်ချိန်တွင် မဖြစ်မနေတတ်မြောက်အောင် သင်ယူလေ့လာထားသင့်ပါကြောင်း။ ။



AMERICAN VISION
PROFESSIONAL EYE CARE CENTER
မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး
တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့
မူလပထမ အမေရိကန်ဗွီးရှင်း
နွေရာသီ Sunglasses Promotion အထူးအစီအစဉ်
ခရမ်းလွန်ရောင်ခြည် (UV Ray) များကိုရာနှုန်းပြည့်ကာကွယ်ပေးသော
ကမ္ဘာ့ကျော် BRANDED နေကာမျက်မှန်ဝယ်ယူသူတိုင်းအတွက်
နှစ်ပေါင်း (23) နှစ်တိုင်အောင်
ယုံကြည်စိတ်ချစွာဖြင့် အစဉ်တစိုက်
ဝယ်ယူအားပေးမှုများအား
အမေရိကန်ဗွီးရှင်းမှ
အထူးပင်ကျေးဇူးတင်ရှိပါသည်။
1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount
+
SUMMER SALE
လက်ဆောင်တွေလည်း
ထပ်ပေးဦးမှာနော်။
only until 30.4.2016
ကမ္ဘာ့ကျော် Branded မျက်မှန်ကိုင်းမျိုးစုံ အစစ်အမှန်တွေကို
တစ်နေရာတည်းမှာအစုံအလင်ရွေးချယ်ဝယ်ယူနိုင်ပါပြီ။
AMERICAN VISION ဆိုင်ခွဲများအားလုံးမှာ
လျှော့ပေးနေပြီမို့အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။
YGN: (01) 242476, 203465, 516733, 539604, (09) 8627445.
MDY: (02) 35588, 32053, NPT: (067) 432393
သင်၏မြင်ကွင်းများအား တိကျမှန်ကန်စွာဖြင့်အကောင်းဆုံးပြန်လည်ရရှိစေရန် နောက်ဆုံးပေါ်
ကမ္ဘာ့ခေတ်မီ ခွဲစိတ်၊ စမ်းသပ် စက်သစ်ကြီးများစုံလင်စွာရှိပြီး မျက်စိနှင့်ပတ်သက်သည့်ရောဂါမျိုးစုံအား အတွေ့အကြုံရင့်ကျက်သော
မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးနေသော အမေရိကန်ဗွီးရှင်းမှာမှ စိတ်ချရမယ်နော်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 1-1(T)/MESC/2016-2017 | ရုံးသုံးစက်ကိရိယာ(၃)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၄-၅-၂၀၁၆ |
| (ခ) | 1-2(T)/MESC/2016-2017 | အခြားရုံးသုံးပစ္စည်း(၇)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၁၃း၀၀နာရီ |
| (ဂ) | 1-3(T)/MESC/2016-2017 | ရုံးသုံးပရိဘောဂ(၁၈)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |
| (ဃ) | 1-4(T)/MESC/2016-2017 | တာယာ(၉)မျိုးနှင့်ဘက်ထရီ(၄)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၅-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (င) | 1-5(T)/MESC/2016-2017 | လျှပ်စစ်ပုံစံ(၂၂)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/5595၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

GOLDEN STAR ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
ဟိုတယ် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448

သကြန်ပြီး ဆန်ပို့ပါပြီ
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေးအား ဝယ်ယူအားပေးကြသော
မိတ်ဟောင်းမိတ်သစ်များအတွက် သကြန်ပြီး ဆန်ပို့ပါပြီ။
09-43334111 01-682844
09-43334222 01-682944

**ယာဉ်မောင်းကျွမ်းကျင်**
**အလိုရှိသည်**

အိမ်စီးကား အမျိုးမျိုးကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အသက် (၄၀) အထက်ရှိသူ အမျိုးသားဖြစ်ရမည်။ လစာကောင်းကောင်းရမည်။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၂၆၀၀၃၄၅၀၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၁၅/၁၄၂နေ သားဖြစ်သူ မောင်ရန်နိုင်ငြိမ်း ၇/တငန(နိုင်)၀၀၁၇၇၄ သည် မိခင်အိုကြီး ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးကို အကြိမ်ကြိမ်ပြုလုပ်ခြင်းနှင့်မိခင်ကြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပါ ပြုမူဆောင်ရွက်နေသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

မိခင် ဒေါ်ခင်စိန် (တောင်ငူ)
၇/တငန(နိုင်)၀၅၁၆၄၀

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဟ/၈၈၀၃၊ Nifun NF 200 ZH.2 သုံးဘီးအမည်ပေါက်၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေမာလွင် ၁၄/ဒဒရ(နိုင်)၁၂၅၂၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

**မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ သလ္လာဝတီလမ်းဆုံးနေ လမ်းသူလမ်းသားများက**
**ဒေါ်ပိုးဖြူ၏ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ ကြော်ငြာနှင့်ပတ်သက်၍**

## ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ သလ္လာဝတီ လမ်းသူလမ်းသားများ (၁) ဦးရဲမင်း၊ (၂) ဒေါ်စန္ဒာရီ၊ (၃) ဦးစိုးနိုင်၊ (၄) ဒေါ်ဝါဝါအောင်နှင့် နစ်နာသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်ပိုးဖြူ၏ ၆-၄-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာနှင့် ၁၉-၄-၂၀၁၆ရက် ကြေးမုံသတင်းစာကြော်ငြာများတွင် ဖော်ပြခဲ့သည့် အချက်များမှာ မှန်ကန်ခြင်းမရှိပါ။ သလ္လာဝတီလမ်းဆုံးလေးသည် ဘုရား၊ ကျောင်း၊ ကန်၊ စေတီများနှင့်အနီးဆုံး ဆိတ်ငြိမ်ရာနေရာ တစ်ဖက်ပိတ် ၁၂ပေကျယ်သော လမ်းကလေးသာဖြစ်ပါသည်။ ဒေါ်ပိုးဖြူ၏မြေနေရာမှာ သလ္လာဝတီ လမ်းဆုံး လမ်းပိတ်တွင်တည်ရှိပြီး ကမ္ဘာအေးစေတီတော် သာသနာ့နယ်မြေ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ ကုသိုလ်တော် ဒဂုံသီရိဘေးမဲ့ငါးလွှတ်ကန်တော်ကြီးနှင့် ဆက်စပ်လျက်တည်ရှိပါသည်။

ဒေါ်ပိုးဖြူက (၈)ထပ်ခွဲတိုက်ဆောက်လုပ်ခွင့်ရရှိရန် အိမ်နီးချင်း (၁၀)ဦးထောက်ခံချက် ရယူရမည်ဖြစ်သော်လည်း အိမ်နီးချင်းမဟုတ်သူများ၊ အိမ်ပိုင်ရှင်မဟုတ်သူခြံစောင့်၏ လက်မှတ်များအပါအဝင် လက်မှတ်(၁၀)ခု ရယူပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မမှန်မကန်တင်ပြပြီး အထပ်မြင့် အဆောက်အအုံဆောက်လုပ်ခွင့်ကို တရားမဲ့ရယူခဲ့သည့်အပေါ် ယခုကဲ့သို့ အိမ်နီးချင်းအစစ်များက ထိခိုက်နစ်နာသဖြင့် အကြိမ်ကြိမ်ကန့်ကွက်တားဆီးနေရခြင်းဖြစ်ပါသည်။ ဒေါ်ပိုးဖြူ၏ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခွင့်မကျမီကပင် အသီးသီးကန့်ကွက်ခဲ့ကြသည်မှာ ယခုအချိန်အထိပင် ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူး (ယာ/အုံ)၏စာအရ အချင်းဖြစ်အဆောက်အအုံတွင် မော်တော်ယာဉ် ၇၆စီးရပ်နားထားရှိနိုင်ကြောင်း ဖော်ပြထားရာ ၁၂ပေသာကျယ်ဝန်းသော သလ္လာဝတီလမ်းကလေးတွင် ဝင်ထွက်သွားလာလျှင် မည်သို့မျှ လုံလောက်မှုမရှိ လမ်းပိတ်ဆို့ပြီး လမ်းဆုံးလမ်းပိတ်တွင် အိမ်နီးချင်းများကို အမှန်တကယ် နေ့စဉ်အနှောင့်အယှက်ဖြစ်စေ ထိခိုက်နစ်နာစေမည်သာဖြစ်ပါသည်။ စည်ပင်သာယာဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတို့တွင် ၁၂ပေသာကျယ်ဝန်းသော လမ်းကျဉ်းကလေးတွင် အထပ်မြင့် အဆောက်အအုံဆောက်လုပ်ခွင့်မရှိပါ။ လမ်းကျဉ်း၏ Road Building Ratio မှာ လမ်း၏ နှစ်ဆအမြင့်ပေသာ ခွင့်ပြုရိုးထုံးစံဖြစ်ပါသည်။ ဒေါ်ပိုးဖြူအား ၁၈-၃-၂၀၁၆ရက်က ခြောက်ထပ်ခွဲတိုက်ဆောက်လုပ်ခွင့် ထပ်မံခွင့်ပြုလိုက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိပါ။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရလက်ထက်တွင် ပြည်သူအချင်းချင်း အငြင်းပွားသည့်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာစွာ တရားသဖြင့် ဖြေရှင်းကြရမည်ဖြစ်ပါသည်။

ဒေါ်ပိုးဖြူသည် ဥပဒေနှင့်အညီ ထောက်ခံသူအိမ်နီးချင်း (ဒေါ်ပိုးဖြူခြံနှင့် ကပ်လျက် ဝဲ/ယာ၊ အရှေ့အနောက်) ၁၀ဦး၏ သဘောတူထောက်ခံချက်ကို ရယူခဲ့ခြင်းမဟုတ်ပါ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာနှင့်အဆောက်အအုံဌာနသည် ဒေါ်ပိုးဖြူတင်ပြသည့် ထောက်ခံသူ အမည်ခံအိမ်နီးချင်း ၁၀ဦးကို အတည်ယူ၍ ကော်မတီသို့ တင်ပြခဲ့ခြင်းသာဖြစ်ပါသည်။ အိမ်နီးချင်းအစစ်အမှန်များက ထောက်ခံခြင်းမဟုတ်ဘဲ Road Building Ratio နှင့် ညီညွတ်ခြင်းမရှိသောကြောင့် ဒေါ်ပိုးဖြူအား အထပ်မြင့်အဆောက်အအုံကို ခွင့်ပြုခြင်းမပြုသင့်သောကြောင့် လမ်းသူ၊ လမ်းသားအများစုက ကန့်ကွက်နေရခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေများ၏ကြော်ငြာတွင် တိုင်းဒေသကြီးတရားလွှတ်တော်တွင် စွဲဆိုထားသည့် အမှုအကြောင်း တစ်စုံတစ်ရာ ပါဝင်ခြင်းမရှိပါ။ ဒေါ်ပိုးဖြူနှင့် ၄င်း၏တရားလွှတ်တော်ရှေ့နေတို့က တရားရုံးများ မထီမဲ့မြင်မှုပြုလုပ်သကဲ့သို့ စွပ်စွဲဖော်ပြခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေပါသည်ဟု ဖော်ပြခြင်းများမှာ ဒေါ်ပိုးဖြူက မတရားစွပ်စွဲဖော်ပြခြင်းများသာ ဖြစ်ပါသည်။ ဒေါ်ပိုးဖြူတို့သည် မိမိဆန္ဒများဖြင့် အာရုံလွှဲပြောင်းခြင်းမပြုလုပ်ကောင်းပါ။ ကျွန်ုပ်၏ မိတ်ဆွေများက ပကတိအမှန်တရားကို ကိုင်စွဲလျက် ဒေါ်ပိုးဖြူနှင့် အပေါင်းအပါများ၏ မတရားသဖြင့် ဆောင်ရွက်ခဲ့ခြင်းများကို အခိုင်အမာတွေ့ရှိထားပြီး ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ဒေါ်ပိုးဖြူနှင့်တကွ သက်ဆိုင်သူများသိရှိရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-** **ဦးသိန်းဇော်ညွှန့် (စဉ်-၅၈၈၀)၊ M.P.A (Thesis), B.A, R.L, D.B.L၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၅၂၅)၊ အခန်း (၁၇)၊ (၅လွှာ)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၈၆၉၅၂၊ ၀၉-၅၁၆၃၄၈၇**

# ဒေသအနှံ့အပြား၌ မိုးသက်လေပြင်းနှင့် မိုးသီးကြွေကျ လူနေအိမ်၊ စာသင်ကျောင်းများနှင့် သစ်ပင်များပြိုကျပျက်စီး



**မြစ်ငယ် ဧပြီ ၂၂**

မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌ ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းနှင့်အတူ မိုးသီးများ ကြွေကျမှုကြောင့် ကျေးရွာများရှိ ဘုရားစေတီ၊ သာသနိကအဆောက်အအုံ၊ စာသင်ကျောင်း၊ လူနေအိမ်များနှင့် သက်တမ်းရင့် သစ်ပင်များ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးခရိုင် အမရပူရမြို့နယ် မြစ်ငယ်မြို့၌ ဧပြီ ၂၂ ရက် ညနေ ၃ နာရီ ၂၅ မိနစ်က မိုးသက်လေပြင်းနှင့်အတူ လောက်စာလုံး အရွယ်ခန့် မိုးသီးများ ကြွေကျခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းနှင့်အတူ မိုးသီးများ ကြွေကျရာ မြစ်ငယ်မြို့လမ်းများပေါ်၌ ရေခဲပြင်ကြီးအလား ထင်မှားရအောင် မိုးသီးများကြွေကျခဲ့သည်။ မိုးသက်လေပြင်းနှင့်အတူ မိုးသီးများ

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

**မြစ်ငယ်မြို့၌ ဧပြီ ၂၂ ရက် ညနေက မိုးသက်လေပြင်းများနှင့်အတူ လောက်စာလုံးအရွယ်ခန့်ရှိ မိုးသီးများ ကြွေကျလာမှုကို တွေ့ရစဉ်**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဧပြီ ၂၂**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ၄၂ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၄၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်းမြို့၏ အနောက်တောင်ဘက် ၇၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အမြင့်ဆုံး အပူချိန်အနေဖြင့် ရန်ကုန်မြို့၌ ၃၈ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၌ ၄၀ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့၌ ၄၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ယနေ့

## ဖတ်စရာ

**အစိုးရသစ်အတက် မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်မှုနှင့်အတူ ဒေါ်လာငွေတန်ဖိုးကျဆင်း** စာ-၇

**ဗင်နီဇွဲလားတွင် မိုးခေါင်မှုကြောင့် ဓာတ်အားတစ်နေ့ လေးနာရီဖြတ်တောက်မည်** စာ-၁၀

**ဩစတြေးလျ သတင်းစာဆရာအား Anzac ငြိမ်းချမ်းရေး ဆုချီးမြှင့်** စာ-၁၁

## မြန်မာအမျိုးသမီးဘောလုံးအသင်း ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဧပြီ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ပြိုင်ပွဲစတင်ရန် သုံးလကျော်သာလိုသောကြောင့် မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိပြီး နိုင်ငံတကာခြေစမ်းပွဲများ စတင်ကစားတော့မည်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် မေလမှစတင်ကာ ခြေစမ်းပွဲများယှဉ်ပြိုင်မည်ဖြစ်ပြီး ဂျပန်ခြေစမ်းခရီးစဉ်သွားရောက်ရန်အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် သင်္ကြန်ကာလအတွင်း လေ့ကျင့်မှုများရပ်နားခဲ့သော်လည်း ဧပြီ ၁၉ ရက်မှ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ဂျပန်ခရီးစဉ်အတွက် အပြီးသတ်လူစာရင်း ၂၃ ဦးကို မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုများအဖြစ် မေ ၅ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံအိုဆာကာမြို့၌ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပြီး ဂျပန်အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်အပြီးတွင် တောင်ကိုရီးယား လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဇွန် ၄ ရက်နှင့် ၆ ရက်တို့တွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ထိုင်းလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၃* ◆



မြန်မာအမျိုးသမီးအသင်းလေ့ကျင့်မှုများပြုလုပ်နေစဉ်

